# [illegible]

# [illegible]

၁၀၃၄၅

သမ္မာဒိဋ္ဌိ စသော ဝိပဿနာတရားကို အာဂါရိက-
အနာဂါရိက လူပုဂ္ဂိုလ်တို့ အလွယ်တကူ
မှတ်ယူကျင့်ကြံနိုင်ရန် ရည်သန်၍

ကျောက်ဆည်မြို့ အပိုင်
မင်းဗုဒ္ဓါနေ့ ပင်စင်ရ မြေစာရင်းအင်စပက်တော်
ဦးဘိုး

စီစဉ်ရေးသားအပ်သော

# အာဂါရိက
# မဂ္ဂစရဏ ကထာစာတမ်း။

ဇမ္ဗူ့မိတ်ဆွေပိဋကတ်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့။

1950

အဘိုးငွေ ၁-ကျပ်။

# အဘိယာစကား—ဦးဖေမျာစဦး။

---

တောင်းပန် အပ်ပါသည်။ ယခုခေတ် ဒီခါ ကာလ သမယဝယ် မြန်မာ အမျိုးသားတို့မှာ အဓိအာဘတ္တိသည် သား,သမီးတို့အားဒိမိဝတ်တရားရှိသည့်အတိုင်းဗုဒ္ဓဘာသာ စာပေကျမ်းဂန်များကို သင်ကြားနိုင်ရန် ကောင်းစွာအချိန် မရ၊ ဘာသာတပါး လွန်းကားရော စာပေများ သင်ကြား တတ်မြောက်မှ ခေတ်အလိုက် လူရေးလူရာ ဝင်မည်ဖြစ်၍ အခြား ဘာသာ စာများနှင့်သာ အချိန် ကုန်နေရ သဖြင့် မြန်မာ လူငယ် လူရွယ် တို့မှာ ဘာသာတပါး စာတတ်မှ စီးပွါးဥစ္စာ ရှာမှီးရခြင်း လွယ်ကူသည်ဖြစ်၍ ဗုဒ္ဓဘာသာ အတွက် ယုံမှားခြင်းမရှိစေရအောင် ဗုဒ္ဓဘာသာ ဖြစ်သည့် အတိုင်း မိမိတို့ သိအပ်, သိသင့်သော တရား များကို နောက်သား နောင်လာ လူငယ် လူရွယ်တို့ သိကြ စေရန် ရည်သန်သော စိတ်ထားနှင့် မုံရွာမြို့နယ် မုံရွေးကြေးမုံ ဇာတိ ဖြစ်သော ဆရာအောင်သည့် တိပိဋက-အဘိဓါဒ သဒ္ဒဿုပါရဂူ စာမေးပွဲ အောင်လက်မှတ် ရသူဖြစ်၍ ရှေ့ နောက် ထောက်ထားလျက် နောက်သား နောင်လာတို့ အကျိုးများ၍ တိုးပွါးသိမြင် ကြစေရန် ရည်သန်ကာ ရေး သားပါရန် တောင်းပန်လေရာ၊ ကာလဒေသ အခြေမလှ၍ နေခဲ့ပြီး ယခုမှ တဖန် မိတ်ဆွေ အများက ညွှန်ကြား တိုက်တွန်း ကြပြန် သောကြောင့် အာဂါရိကဆင္ခေခော ကထားခံတခါး ကို ရေးသားစီစဉ် ရပေသတည်း။




| ခဒိ နက္ခတ် | အဓိပတိ |
| --- | --- |
| ၁၂ | ၄ |
| ၁ | |
| ၃ | |

ဦးတိုး ၏ ဇာတာပုံ။

၁၂၃၁-ခု၊ ကဆုန်လဆန်း ၁၅-ရက် လပြည့်နေ့ နံနက် ၄-ချက်တီးကျော် ၇-နာရီအချိန်တွင်မန္တလေးမြို့ အနောက်ပြင် ကျုံးထိပ်တန်း ပုလဲငွေရောင် ရပ်တွင် ဘွားမြင်ရာ မိဘ ၂-ပါး ဘို့မှာ စိတ်၏ ချမ်းသာခြင်း စီးပွါးဥစ္စာ တိုးတက်ခြင်း ဖြစ်၍ "မောင်တိုး" ဟု အမည် နာမ ပညတ်လေသည်။

ယခု ၁၃၁၁-ခုနှစ် အထိ အသက် ၈၁-နှစ် အတွင်း အဘိဓာန်ကမ္ဘာစရဏကထာစသောကျမ်းတို့ကို ရေးသား စီစဉ်လျက်ပြီးပါသည်။

---

ဇင်ဂါ ...

# နိဒါန်းစကားများ။

---

စစ်ကိုင်းတောင် ရုန္တာသယချောင်း၌ သီတင်းသုံး နေထိုင်တော်မူသော မဟာထိက- ရာဇိန္ဒာဘိဝံသ အမည်ရှိသော အရှင်မြတ်သည် ထက်အောက် မြို့ရွာတို့၌ လှည့်လည်၍ တရားဓမ္မ ဟောပြတော်မူသော အရှင်မြတ်ကို ကျောက်ဆည်မြို့ သာသနာ့ဝံသ အသင်းက ပင့်လျှောက်သဖြင့် ကျောက်ဆည်မြို့၌ သီတင်းသုံးလျက် တရားဓမ္မ ဟောပြတော်မူပါသည်၊ နေ့ညမပြတ် ဆည်းကပ်နာခံ၍ ကျင့်ကြံမယုတ် အားထုတ်သျှက် ဓမ္မနန္ဒဝါသိက အဖြစ် နည်းနာနယ ကျနစွာ နာခံမှတ်သားခဲ့ရပါသည်၊ ထိုအခါ ဟောပြောသော တရားများမှာ....တကာတိုးသည် မကြာမကြာ တရားနာခြင်းကို ပြုသည့်အကျိုးကား၊ ။

ဓမ္မဿ အဿဝနတာယ သဒ္ဓါ ပရိဟာယန္တိ၊
ဓမ္မဿ သဝနတာယ အညာဘာရော ဘဝိဿန္တိ

ဟူ၍ ဟောတော်မူသည်၊

အနက်ကား၊ ။ ဓမ္မဿ၊ တရားတော်မြတ်ကို၊ အဿဝနတာယ၊ မကြားမနာရခြင်းကြောင့်၊ သဒ္ဓါ၊ သဒ္ဓါဝါ အပေါင်းတို့သည်၊ ပရိဟာယန္တိ၊ ဆုတ်ယုတ် ပျက်ပြား ပေါယ်သို့ လားကြရကုန်၏၊ ဓမ္မဿ၊ တရားတော်မြတ်ကို၊ သဝနတာယ၊ ကြားနာမှတ်သား ရခြင်းကြောင့်၊ အညာ

တာရော၊ ကိလေသာကာမ ဝဋ်ဒုက္ခအပေါင်းမှ လွတ်ကြကုန်သည်။ဘဝိသာ်ရှိ ဖြစ်ကုန်၏။ ။

တရားတော်ကို ကြားနာရသည် ဖြစ်၍ ကောင်းမြတ်သော တရားကို ကျင့်ကြံ မယုတ် အားထုတ် ရသည့် အတွက် ကိလေသာ ကာမ ဝဋ်ဒုက္ခ အပေါင်းမှ လွတ်ရကုန်၏။ ။

ဤသို့ တရားဓမ္မ ဟောပြပြီးလျှင် အနုသာသနီအားဖြင့် မိန့်ကြားတော် မူသည်မှာ တကာတိုး သည် အမျိုးမျိုးသော ဗဟုသုတ၊ အဝဝသော ကျမ်းဂန်၊ အဖန်ဖန် သင်ကြားကြသည့်ရှု၍ မိမိသိမြင်သည့်အတိုင်း အမိအဘမှ စ၍ ဆွေမျိုးပေါ် တော်စပ် သမျှသော တပည့်တပန်းတို့ကို တရားဓမ္မ ဟောပြရမည်။ ရပ်နီးရပ်ဝေးရှိ မိတ်ဆွေ သင်္ဂဟ ကလျာဏတို့ အတွက်လည်း ဟောပြော-ဆုံးမ ဩဝါဒ စာဘမ်း ရေးသားရမည် ဟု မိန့်တော်မူပါသည်။ ဤသို့ ဓမ္မဒါန ဟောပြောသည့် အတွက် သံဒိဋ္ဌိက-ဒိဋ္ဌဓမ္မ အကျိုးရနေသည်ကို ဝေဘန်၍ ဟောတော်မူပြန်ပါသည်။ မိမိ တရား ဟောနေစဉ် တရားနှင့် စပ်သော စာရေးနေစဉ်ပင် ကာယဒုစရိုက် ဝစီဒုစရိုက် လုံခြုံမှု အတွက် ဟိရီ ဩတ္တပ္ပနှင့် ပြည့်စုံလေတော့၏။

"ဟိရီ ဩတ္တပ္ပသမ္ပန္နာ၊ သုက္ကဓမ္မ သမာဟိတာ" ဟူသောအရ ဖြူစင်သန့်ရှင်းသော ကုသိုလ် တို့သည် အကုသလ မွေညစ်ဆိုး အဖြစ်မျိုးတို့ကို ဘောက်ချိုး ဖျက်ဆီးခြင်းရှိနေသည်။ သောဘာပန်နှင့်မခြား အပါယ်လေးပါးမှ

နိဒါန်း၊

လွတ်ကြောင်းကို ဟောပြ ဆုံးမ သြဝါဒ ပေးတော်မူပါသည်။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊
တဏှာက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။ ။

ဓမ္မပဒပါဠိတော်။

သဗ္ဗဒါနံ၊ ခပ်သိမ်းကုန်သော အလှူဟူသမျှကို၊ ဓမ္မဒါနံ၊ စာပေကျမ်းဂန် အတန်တန်ကို လက်ကွက်ကျွေး ပေး၍ ရေးသား ပေးဝေ လှူဒါန်း ပေးကမ်း ဟောပြောသော အလှူသည်၊ ဇိနာတိ၊ အောင်နိုင်၏၊ သဗ္ဗရသံ၊ အလုံးစုံသော အရသာ အပေါင်းကို၊ ဓမ္မရသော၊ သစ္စာလေးပါး တရားကို သိမြင်ရသော အရသာသည်၊ ဇိနာတိ၊ အောင်နိုင်၏၊ သဗ္ဗရတိံ၊ အလုံးစုံသော မွေ့လျော်ခြင်းကို၊ ဓမ္မရတိ၊ တရား၌ မွေ့လျော် ခြင်းသည်၊ ဇိနာတိ၊ အောင်နိုင်၏၊ တဏှာက္ခယော၊ တဏှာ၏ ကုန်ခန်း ချုပ်ငြိမ်း ရာသည့် သဗ္ဗဒုက္ခံ၊ အလုံးစုံသော ဒုက္ခကို၊ ဇိနာတိ၊ အောင်နိုင်၏၊ ။

ဤသို့ တရားဓမ္မ ဟောပြတော်မူသော ဦးရာဇိန္ဒ အရှင်မြတ်၏ ဥပနိဿယကို ရရှိပါသည်။ ၎င်းနောက် မကြာမီ ရုံရွာ မြို့နယ် ရွာမြင်တင် တောင်၌ သီတင်းသုံးနေတော် မူခင်း

# နိဒါန်း၊

ဖြစ်၍ ရွှေမြင်တင်ဆရာတော်ဘုရား ဦးနရိန္ဒ အရှင်သူမြတ် သည် ကျောက်ဆည်မြို့ အပိုင် ဟံမြင်းဗိုလ်ရွာ အနောက် မြောက် တောရကျောင်းတွင် သီတင်းကြည့်ဖြူ နေတော် မူလျက် ပိဋကတ် သုံးဖြာ အဋ္ဌကထာ-ဋီကာ-လက်သန်း အဋ္ဌကထာ- များစွာ သင်ကြား၍ ဂန္ထန္တရနှင့် ကုံ လောက်လုံ ပြည့်စုံတော် မူသည့် ဖြစ်၍ မူလ ၂-ပါး ကျမ်း အမည်နှင့် ရေးသားစီရင်တော်မူပါသည်။ ကမ္မဋ္ဌာန်းတရား ပွါးများအားထုတ်ရာ မင်းရွှာ တကာ-တကာမ များက လျှောက်ထားပင့်ဘိတ်သောကြောင့် တရားမွေ့ ဟောပြော ပြသရန် ကြွရောက်၍ တရားမွေ့ ဟောပြောတော် မူသော အခန်း၌ သမထ ဝိပဿနာ တရား ပွါးများအားထုတ်လျက် ညဟော်း၌တက်နည်း၊ နိသျည်းကျနစွာ လက်ဆုပ်လက်ကိုင် ပိုင်ပိုင်ရလို ရောက်လိုသော အားဖြင့် သထုံမြို့ ဇေတဝန် ဆရာတော်ဘုရားထံ သွားရောက် လိုသောဆန္ဒ ရှိကြောင်း သိရပါသည်။

တကာကြီး ဦးတိုး၊ တကာမကြီးတို့က သွားရန် စရိတ် နှင့်တကွ လေးဝသော ပဉ္စည်းကို လှူဒါန်းပါမည့်အကြောင်း လျှောက်ထားပြီး လှူဒါန်း၍ သထုံ ဇေတဝန် ဆရာတော် ဘုရားထံ သွားရောက်မှ ဆရာတော်ဘုရား ဟောကြား သင်ပြသည့် အတိုင်း နေ့ည မယုတ် အားထုတ် လေရာ ၃-လ ၄-လ အကြာတွင် ရောဂါဘယ ဂိလာနအဖြစ်နှင့် သထုံမှ ပြန်ကြွလာပါသည်၊ သင့်လျော်လျောက်ပတ်သော ဆေးအာဟာရ မှအစအောင် လှူဒါန်း ကုမရာ ရောဂါဘယ

# နိဒါန်း။

ကင်းကွာသဖြင့် ၃ လ ၄-လအကြာတွင် သထုံဆရာတော်ဘုရားထံ တဖန် သွားရောက် ပြီးလျှင် ကမ္မဋ္ဌာန်း တရားပွဲများ အားထုတ်၍ ၂ နှစ်ကျော်ကျော် ရှိသော အခါ၌ ဆရာတော်ဘုရားက ထိုမျှလောက်အမြင်ရှိလျှင်တော်ပြီဟု ဟောတော်မူကြောင်း သတင်းကြားရ၍ တကာကြီး ဦးတိုး အမည်နှင့် သထုံ ဆရာတော် ဘုရားထံ လျှောက်ထားရာ ခွင့်ပြုတော်မူချက်အရ ပြန်ကြွလာ၍ မင်းရွာတောင်ဘက် ခရေပင်ခေါ် ကျောင်း၌ သိုက်မြိုက် ချမ်းမြေ့စွာ သီတင်းသုံးတော်မူရန် ကျောင်းသင်္ခမ်း ဆွမ်း ဆေး လေးပါးသော ပစ္စည်းကို လှူဒါန်းထောက်ပံ့၍ တရားအားထုတ် ပြီးလျှင် တရားဓမ္မ ပြသလျက် နေတော်မူပါသည်။

မင်းရွာ ရှိ တကာ-တကာမများ တရားအားထုတ်ကြပါသည်။မင်းရွာအနီး ရွာများကလည်း တရားအားထုတ်ကြပါသည်။ ထို့ပြင် မုံရွာ မုံရွေးကြေးမုံ ကျောက်ကာရွာများက တရားအားထုတ်ကြရန် လာရောက် တရားအားထုတ်ကြပါသည်။ရင်းတကာများအပြင် မုံရွာနယ် သားထုံး ဆရာတော်နှင့် သံဃာတော်များ ကျောက်ဆည်ရိုင် ဇော်ရဲရွာ ဆရာတော် မြို့ပြင်ကြီးက သံဃာတော်များ တရားအားထုတ်တော်မူကြ ပါသည်။မင်းရ ခရေပင် ကျောင်း၌ ၂-နှစ်ကျော် တရား ဟောပြော ပြသရာ သင်ပဋ္ဌာန် ဒေသနာတော်အရဖြစ်၍ တကာကြီး ဦးတိုးနှင့် လယ်ယာ စိုက်ပျိုးရေး ဦးမောင်ကြီး တို့က သင်ပဋ္ဌာန် နိသုသစ်

# ပဏာမ ဝန္ဒနာ ကဏ္ဍ။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

အရဟတော၊ ပစ္စည်း လေးပါးကို ခံတော် မူထိုက်ထသော။ အရဟတော၊ ဆိတ်ကွယ်အရပ်၌ မကောင်းမှုကို ပြုခြင်းငှါ မထိုက်သော ဂုဏ်နှင့် ပြည့်စုံတော်မူထသော။ အရဟတော၊ သံသရာစက်-အကန့် ဆယ့်နှစ်ဘန့်ကို ချိုး ဖျက်တော် မူထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကောင်းစွာသိမြင်တော် မူသော။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော် မူထသော၊ တဿ၊ ထိုမြတ်စွာဘုရား အား။ နမော၊ ကာယ ဝစီ မနောတည်လျက် သုံးလီကမ္မ ပဏာမဖြင့် ကြည်ညွတ် သဒ္ဓါ ဦးညွတ်ကြိုး၍ ရှိခိုးပါ၏။

---

ရတနတ္တယ ထောမနာ။

ဗုဒ္ဓေါ စ လောကေ သမုပ္ပန္နော၊
ဟိတာယ သဗ္ဗပါဏိနံ။

လောကေ၊ လောကဟူက ဖြစ်ချက်ရ လောကတွင် ဘုံသုံးပြင်၌။ ဗုဒ္ဓေါ၊ အမှန်လေးဝ မြတ်ဓမ္မကို မချွတ်ထင်ထင် သိမြင်တော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ သဗ္ဗပါဏီနံ၊ ခပ်သိမ်းသောသတ္တဝါတို့၏။ ဟိတာယ၊ အကျိုး

စီးပွါး များပြား ဖြစ်ထွန်း စေခြင်းငှါ၊ သမုဒ္ဒရွှေ၊ ဦးဒည့် တောင်စွန်းက နေဝန်းကြီး ကဲ့သို့ ဖြစ်ထွန်း ပေါ်ပေါက် လာပေ၏။

မေ့ာ လောကေ သမုဒ္ဒရွှေ၊
သုခါယ သဗ္ဗပါဏိနံ။

လောကေ၊ ဖြစ်တည်ပျက်တတ် သောကောလတ်တွင် ဘုံသုံးပြင်၌။မေ့ာ၊ဆယ်ပါးသော တရားတော်မြတ်သည်။ သဗ္ဗပါဏိနံ၊ ခပ်သိမ်းသော သတ္တဝါ တို့၏။ သုခါယ၊ ချမ်းသာခြင်းအကျိုးငှါ။ သမုဒ္ဒရွှေ၊ ဦးဒည့်တောင်စွန်းက နေဝန်း တမျှ မေ့ ဆယ်ဖြာ ဖြစ်ထွန်း ထွက်ပေါ်တော် မူလာပေ၏။

သိမ်ဃာ လောကေ သမုဒ္ဒရွှေ၊
အနုတ္တရံ ပုညက္ခေတ္တံ။

လောကေ၊ ဖြစ်ခြင်းပျက်ခြင်း မကောင်းကုန်ကြဲ လောက တွင် ဘုံသုံးပြင်၌။သံဃော၊ရှစ်ယောက်အရိယာ သမုတိ ထေရ်သိမ်ဃာ အရှင်မြတ်များသည်။ အနုတ္တရံ၊ အတုမဲ့ကွာ။ ပုညက္ခေတ္တံ၊ ကောင်းမှု ဒိုက်ပျိုးရာ လယ်တာ မြေကောင်း သဘွယ်ဖြစ်လျက်။ သမုဒ္ဒရွှေ၊ ဦးဒည့်တောင်စွန်းက နေဝန်း တမျှ ဖြစ်ထွန်းထွက်ပေါ်တော် မူလာပေ၏။

## ရတနတ္တယ သရဏ မင်္ဂလာ။

ဗုဒ္ဓေါဝ မင်္ဂလော လောကေ၊
သမ္ဗုဒ္ဓေါ စာပိ လောကဂ္ဂေါ။
ဗုဒ္ဓံသရဏမာဂမ္မ၊
သဗ္ဗဒုက္ခ ပမောစရေ။ ။

လောကေ၊ဖြစ်ပျက်မှန်လှ ဤလောက၌။ ဗုဒ္ဓေါဝ၊သစ္စာ လေးဝ ဉေယျငါးအင် သတိထင်၍ သိမြင်တော် မူသော ဘုရားသခင်သည်သာလျှင်။ မင်္ဂလော၊ မင်္ဂလာတည်ဆူ ဖြစ် တော်မူပေ၏။ သမ္ဗုဒ္ဓေါစာပိ၊ သစ္စာလေးတန် အမှန်သိမြင် ဘုရားရှင် ကိုယ်တော်မြတ် သည်လည်း။ လောကဂ္ဂေါ၊ လောကသုံးပါး သတ္တဝါ အများထက် ဆထက် လွန်ကြူး အထူး မြင့်မြတ်တော်မူပေ၏။ ဗုဒ္ဓံသရဏံ၊ မြတ်စွာဘုရား အား ဆည်းကပ်ကိုးကွယ်ရာ ဟု။ အာဂမ္မ၊အစွဲပြု၍။ သဗ္ဗ ဒုက္ခာ၊ ခပ်သိမ်းသော ဆင်းရဲ ဒုးပေါင်းမှ။ ပမောစရေ- ပမုစ္စန္တိ၊လွတ်ကြီး လွတ်ကြရကုန်၏။

ဓမ္မောဝ မင်္ဂလော လောကေ၊
ဂမ္ဘီရောစာပိ ဒုဒ္ဒသော။
ဓမ္မံသရဏမာဂမ္မ၊
သဗ္ဗဒုက္ခာ ပမောစရေ။ ။

လောကေ၊ ဖြစ်တတ်ပျက်တတ် လောကဓာတ် အစဉ် ဘုံသုံးပြင်၌။ ဓမ္မောဝ၊ ဆယ်ပါးသော တရားတော် မြတ် သည်သာလျှင်။ မင်္ဂလော၊မင်္ဂလာတည်ဆူ ဖြစ်တော်မူပေ၏။

ဂန္ထိရောစာပိ၊ အလွန် နက်နဲသော တရားသည်လည်း။ နိဒ္ဒိသော၊ မြင်နိုင်ခဲလှ၏။ ဓမ္မံသရဏံ၊ တရားတော်မြတ်ကို ဆည်းကပ် ကိုးကွယ်ရာ၏။ အာဂမ္မ၊ အာရုံစွဲကပ် အမြဲမှတ်၍။ သမ္ဗုဒ္ဓါ၊ ခပ်သိမ်းသော ဆင်းရဲ အပေါင်းမှ။ ပမောစယေ-ပမုစ္စန္တု၊ လွတ်ကြီး လွတ်ကြရကုန်၏။

သံဃောဝ မင်္ဂလော လောကေ၊
ဒက္ခိဏေယျော သဒါ ဟောတိ။
သံဃံသရဏမာဂမ္မ၊
သဗ္ဗဒုက္ခာ ပမောစယေ။ ။

လောကေ၊ မြင်လျှင်ပျက်ရ ဘုံသုံးပဉ္စ၊ သံဃော၊ သံဃာတော် အရှင်မြတ် အပေါင်းသည်။ မင်္ဂလော၊ မင်္ဂလာတည်ရာဖြစ်တော်မူပေ၏။ သဒါ၊ အခါခပ်သိမ်း။ ဒက္ခိဏေယျော၊ မြတ်သောအလှူကို ခံတော်မူထိုက်သည်။ ဟောတိ၊ ဖြစ်၏။ သံဃံသရဏံ၊ သံဃာတော် မြတ်ကို ကိုးကွယ်ရာ၏။ အာဂမ္မ၊ အစွဲပြု၍။ သဗ္ဗ ဒုက္ခာ၊ ခပ်သိမ်းသော ဆင်းရဲအပေါင်းမှ။ ပမောစယေ-ပမုစ္စန္တု၊ လွတ်ကြီး လွတ်ကြရကုန်၏။

ဝန္ဒနာ ကထာ ပြီး၏။

# အဒဂါရိက
# မဂ္ဂဓရဏကထဝဓတမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ၁—ဒါနဂုဏ်ကျေးဇူးနှင့် စပ်သော စကားများ။

ဓမ္မံ ဒေသေဿာမိ ဘိက္ခဝေ အာဒိကလျာဏံ
မဇ္ဈေကလျာဏံ ပရိယောသာနကလျာဏံ
သာတ္ထံ သဗျဉ္ဇနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ
တံ သုဏာထ မနသိကရောထ။

အနက်။ ဘိက္ခဝေ၊ သူတော်ကောင်း အပေါင်းတို့။ ဓမ္မံ၊ တရားတော်မြတ်ကို၊ ဒေသေဿာမိ၊ ဟောပေအံ့။ အာဒိ ကလျာဏံ၊ အစ၏ ကောင်းခြင်းရှိ။ မဇ္ဈေကလျာဏံ၊ အလယ်၏ ကောင်းခြင်းရှိ။ ပရိယောသာနကလျာဏံ၊ အဆုံး၏ကောင်းခြင်းရှိ။ သာတ္ထံ၊ အနက်နှင့်ပြည့်စုံသော။ သဗျဉ္ဇနံ၊ ပုဒ်-ပါဌ်-အက္ခရာ သဒ္ဒါနှင့်ပြည့်စုံသော။ ကေဝလ ပရိပုဏ္ဏံ၊ အလုံးစုံ ပြည့်စုံသော၊ ပရိသုဒ္ဓံ၊ ထက်ဝန်းကျင်

စင်ကြယ်သော။ တံ၊ ထို တရားတော်မြတ်ကို။ သုဏာထ၊ နာကြကုန်လော့။ မနသိကရောထ၊ နှလုံးသွင်းကြကုန်လော့။

ဓမ္မပဒပါဠိတော်-သြဝါဒကထာ။

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿူပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။ ။

အနက်။ ။သဗ္ဗပါပဿ၊ အလုံးစုံသော မကောင်းမှုကို။ အကရဏံ၊ မပြုလုပ်ရခြင်းငှါ၊ ကုသလဿ၊ ဒါန-သီလ-ဝိပဿနာ ဘာဝနာ တရားများကို။ ဥပသမ္ပဒါ၊ ပြည့်စုံစေခြင်းငှါ။ သစိတ္တပရိယောဒပနံ၊ မိမိ စိတ်ကို ဖြူစင်စေခြင်းငှါ။ ဧတံ၊ ဤတရားသုံးပါးသည်လျှင်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ သာသနံ၊ အဆုံးအမတော်ပေတည်း။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊
တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။ ။

သဗ္ဗဒါနံ၊ ခပ်သိမ်းကုန်သော အလှူမျိုးဟူသမျှကို။ ဓမ္မဒါနံ၊ တရား တည်းဟူသော အလှူ စာပေကျမ်းဂန် သင်အံ ဖို့ချခြင်းအလှူ စာပေကျမ်းဂန် အတန်တန်ကို ဝေဘန်ပိုင်းခြား ရေးသား၍ စာအုပ်စောင် ကမ်းလှမ်း ဝေငှသော အလှူသည်။ ဇိနာတိ၊ အောင်နိုင်၏။ သဗ္ဗရသံ၊ အလုံးစုံသော အရသာအပေါင်းကို။ ဓမ္မရသော၊ သစ္စာလေးပါးတရားကို သိမြင်သော အရသာသည်။ ဇိနာတိ၊ အောင်နိုင်၏။ သဗ္ဗ

ရတိ၊ အလုံးစုံသော မွေ့လျော်ခြင်းကို။ ဓမ္မရတိ၊ တရား၌ မွေ့လျော် ခြင်းသည်။ ဇိနာတိ၊ အောင်နိုင်၏။ တဏှာက္ခ ယော၊ တဏှာ၏ချုပ်ငြိမ်းရာသည်။ ဇိနာတိ၊ အောင်နိုင်၏။ ဝါ-သဗ္ဗဒုက္ခံ၊ အလုံးစုံသော ဒုက္ခကို။ ဇိနာတိ၊ အောင်နိုင်၏။

သီဝါပဏ္ဍ ဒါနသည် အထွတ်အမြတ်ဆုံးသော တရား ဖြစ်သည်။

> ဣမေ ဓမ္မာ အဘိညေယျာ၊ ဣမေ ဓမ္မာ ပဟာ တဗ္ဗာ၊ ဣမေ ဓမ္မာ သစ္ဆိကာတဗ္ဗာ၊ ဣမေ ဓမ္မာ ဘာဝေတဗ္ဗာတိ သဗ္ဗာနိ ဘာဝေတွာ အမတာဝဓိ ဂမံ ဓမ္မံ ကထေတွာ ဒေတိ၊ ဣဒံ သီဝါပဏ္ဍဓမ္မဒါနံ နာမ။

အနက်။ ။ဣမေ ဓမ္မာ၊ ဤသစ္စာလေးပါး အမှန်တရား တို့ကို။ အဘိညေယျာ၊ ထူးသော ပရိညေယျ အားဖြင့် ဤကား ဆင်းရဲခြင်း အမှန်ဖြစ်သော ဒုက္ခသစ္စာသာတည်း၊ ဤကား ဆင်းရဲခြင်း၏ အကြောင်းဖြစ်သော သမုဒယသစ္စာ အမှန်သာတည်း၊ ဤကား ဒုက္ခချုပ်ရာ နိရောဓသစ္စာ အမှန် သာတည်း၊ ဤကား ဆင်းရဲ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက် ကြောင်း မဂ္ဂသစ္စာ အမှန်သာတည်း ဟု သိအပ် ကုန်၏။ ဣမေ ဓမ္မာ၊ ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာ တရားတို့ကို၊ ပဟာတဗ္ဗာ၊ ပယ်အပ်ကုန်၏။ ဣမေ ဓမ္မာ၊ ဒုက္ခ၏ချုပ်ရာ အမှန် နိဗ္ဗာန်ဟူသော နိရောဓသစ္စာ တရား တို့ကို၊ သစ္ဆိ ကာတဗ္ဗာ၊ မျက်မှောက်ပြုအပ်ကုန်၏။ ဣမေ ဓမ္မာ၊ သမ္မာဒိဋ္ဌိ

စသောမဂ်အကျင့်တို့ကို။ဘာဝေတဗ္ဗာ၊ပွါးများ အားထုတ် အပ်ကုန်၏။ဣတိ၊ဤသို့၊ သစ္စာနှိ၊သစ္စာလေးပါး တရားတို့ကို။ ဘာဝေန္တော၊ ပြုလျက်။ အမတာဓိဂမံ၊ သေခြင်း ကင်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော တရားကို။ ကထေတွာ၊ နှုတ်ဖြင့်ပြောဟော၍။ ဒေတိ၊ ဤတရားကို စာချက် စာတမ်း ပေးကမ်းလှူဒါန်း၏။ ဣဒံ၊ဤသို့ တရားအလှူ ပေးခြင်းသည်။ သိခါပဏ္ဍဒါနံ နာမ၊ အထွတ်အမြတ် ဆုံးသော အဖြစ်သို့ ရောက်သော ပေးလှူခြင်းမည်၏။

ဤဒေသနာတော်အရ တရားအလှူ ပေးလှူရန် ရည်သန် ထောက်ထားလျက် ရေးသားပါစဉ်၍ ဒါနအလှူ ပေးလှူရန် သမ္ဘာ ဆန္ဒဖြင့် အထူး အားထုတ်ကာ ရေးသား ရပေ သတည်း။

ယခုကာလ လူငယ်လူရွယ်တို့သည် စားရေး ဝတ်ရေး စီးပွါးရေး အတတ် သင်ကြားရာ၌သာ အချိန်ကုန်လွန်နေ ရသည်ဖြစ်၍ ဗုဒ္ဓဘာသာဆိုကာမျှသာ ရှိတော့သည် ဖြစ်၍ ဒါန သီလ-ဘာဝနာ ဝိပဿနာတရားကို သဘောသဘာဝ နှင့် ကျနစွာ သိရန် ဝေဘန်၍ ရေးသားသော စကားကို ကြည့်ရှုမှတ်သား၍ အားထုတ်နိုင်ကြပါစေသတည်း။

မြတ်စွာဘုရားသခင် ဇေတဝန်ကျောင်း၌ ကိန်းအောင်း မွေ့လျော် နေတော် မူသော အခါ နေ့စဉ်နေ့စဉ် ဒါနဂုဏ် ကျေးဇူးနှင့် စပ်သော တရား၊ သီလ ဂုဏ်ကျေးဇူးနှင့် စပ်သောတရား၊ နိဗ္ဗာန် မဂ် ဖိုလ် နှင့်စပ်သော ကာမာနံ-

အာဒိနဝ-ကထာ တရား စကား များကို ဟောကြားတော်မူသည်။

မြတ်စွာဘုရားသခင်သည် မင်္ဂလာတရားတော်၌"ဒါနဉ္စ ဓမ္မစရိယာ" ဟူ၍ ဟောတော်မူသော တရားတော်ကို ဗုဒ္ဓဘာသာ မြန်မာ အမျိုးသားတို့ ယယ်ရှယ်စဉ် ကပင် သင်ကြားခဲ့ကြရ လေသည်။ ထိုတရား၌ အလှူပေးရခြင်း မြတ်သောအကျင့်ကို ကျင့်ရခြင်း စသော တရားဓမ္မကို ဟောပြောညွှန်ပြ ဆုံးမသော အားဖြင့် ဟောကြား တော်မူလေသည်။

ဣဒံ ဒါနံနာမ သုခါနံ သမ္ပတ္တိယာ။ ။ဣဒံ ဒါနံနာမ၊ အလှူပေးခြင်းသည်ကား။ သုခါနံ၊ချမ်းသာခြင်း၏။ သမ္ပတ္တိယာ၊အလိုရှိရာ ပြည့်စုံနိုင်ခြင်းကို ရရှိနိုင်ကြောင်း။

ဒါနဉ္စိလောကေ သက္ကသမ္ပတ္တိံ မာရသမ္ပတ္တိံ စက္ကဝတ္တိသမ္ပတ္တိံ သာဝကပါရမီဉာဏံ ပစ္စေကဗောဓိဉာဏံ သမ္မာသမ္ဗောဓိဉာဏံ ဒေတိတိ ဧဝ ဒါနပဋိသံယုတ္တကထာ။

ဟူ၍ လောကနှ် သိကြားမင်းစည်းစိမ်၊မာရ်မင်းစည်းစိမ်၊ စကြာမင်းစည်းစိမ်၊ သာဝကဗောဓိဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ သမ္မာသမ္ဗောဓိဉာဏ် တို့ကို ရရှိနိုင် ပေးစွမ်းနိုင်ကြောင်းဖြင့် ဒါန၏ အစဉ်ယှဉ်၍ အကျိုးထူး တရား ရနိုင်လေ

ဒါနဉ္စ သမစရိယဉ္စ၊ မေတ္တစိတ္တဉ္စ ဘာဝယေ။
ဧတေ သုခသမုဒယေ၊ အဗျာပဇ္ဇံ သုခံလောကံ။
ပဏ္ဍိတော ဥပပဇ္ဇတိ။ ။

ပဏ္ဍိတော၊ ကြောင်းကျိုးမြင်သိ၊ ပညာရှိသည်။ ဒါနဉ္စ၊ အလှူအတန်း ပေးကမ်းလှူဒါန်းစွန့်ကြဲခြင်းကိုရင်း။ သမစရိယဉ္စ၊ မျှတသော အကျင့်ရှိသော စိတ်ကိုရင်း။ မေတ္တစိတ္တဉ္စ၊ ဒေါသနှင့် မယှဉ်သော မေတ္တာစိတ် ကိုရင်း။ ဘာဝယေ၊ ဖြစ်ပွါးစေရာ၏၊ ဧတေ၊ ဤသို့စိတ်ထားသော အလှူသည်။ သုခသမုဒယေ၊ ချမ်းသာ ခြင်း၏ အကြောင်း ဖြစ်သော။ အဗျာပဇ္ဇံ၊ ကြောင့်ကြခြင်း မရှိသော။ သုခံ၊ ချမ်းချမ်း သာသာ။ လောကံ၊ လူဘုံ-နတ်ဘုံ-ဗြဟ္မာဘုံသို့။ ဥပပဇ္ဇတိ၊ ကပ်ရရောက်ရလေ၏။

သံယုတ်။

အပ္ပမတ္တကမ္ပိ ဟိ ပဏ္ဏမုဋ္ဌိဒါနကုသလံ ဝါ ဟောတု။ မဟန္တံ ဝေလာမဒါနာဒိ ကုသလံဝါ၊ သဗ္ဗေ ဝဋ္ဋ သမ္ပတ္တိံ ပစ္စေတွာ ဝဋ္ဋနိဿိတဝသေန မိန္နာ ပဋ္ဌပိတံ ဟောတိ။ ဝဋ္ဋမေဝ အာဟရိတုံ သက္ကောတိ။ နော ဝိဝဋ္ဋံ။ ဣဒံ မေ ဒါနံ အာသဝက္ခယံ ဝဟံ ဟောတူတိ။ ဧဝံ ပန ဝိဝဋ္ဋဝသေန။ ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမာပဋ္ဌပိတံ အရဟတ္တမ္ပိ ပစ္စေက ဗောဓိဉာဏံပိ သဗ္ဗညုတဉာဏမ္ပိ ဒါတုံ သက္ကောတိ

ယေ၀၊ အရဟတ္တံ အပ္ပတွာ ပရိယောသာနံ နဂစ္ဆတိ။

အနက်။ ။ဟိ သစ္စံ၊ ထိုစကားမှန်၏။ အပ္ပမတ္တကမ္ပိ၊ အနည်းငယ်မျှသော်လည်း ဖြစ်သော။ပဏ္ဏမုဋ္ဌိဒါနကုသလဝါ၊ဟင်းရွက်တဆုပ်မျှ လှူရသော ကုသိုလ်သည် မူလည်း။ ယော တု၊ ဖြစ်စေ။ မဟန္တံ၊ ကြီးကျယ်ခမ်းနား များပြားစွာသော။ ဝေလာမ ဒါနာဒိ ကုသလံ ဝါ၊ အလောင်းတော်ဝေလာမပုဏ္ဏား အလားတူ အလှူအစရှိသော ကုသိုလ်သည်မူသည်း။ ယော တု၊ဖြစ်စေ။ ဝဋ္ဋသမ္ပတ္တိံ၊တေဘုမ္မကဝဋ်တွင်း၌ လူမင်း, နတ်မင်း စည်းစိမ်ကို။ ပတ္ထေတွာ၊ တောင့်တ၍။ ဝါ၊ နှစ်သက်စွဲငြိသော စိတ်ရှိသည် ဖြစ်၍။ ဝဋ္ဋနိဿိတဘာ၀သော၊၀ဋ်ဒုက္ခကို မှီတွယ်သည့်၏ အစွမ်းဖြင့်။ မိစ္ဆာ၊ မှားယွင်းချွတ်ချော်စွာ၊ ပဋ္ဌပိတံ၊ ဖြစ်စေအပ်သော ကုသိုလ်သည်။သစေ ဟောတိ၊အကယ်၍ဖြစ်အံ့။ဝဋ္ဋမေ၀၊ ဝဋ် ဆင်းရဲသို့ သာလျှင်။ အာဟရိတုံ၊ ဆောင်ခြင်းငှါ။ သက္ကောတိ၊စွမ်းနိုင်၏။ဝိဝဋ္ဋံ၊ဝဋ်ကင်းရာ နိဗ္ဗာန်သို့၊ အာဟရိတုံ၊ ရောက်အောင် ပို့ဆောင်ခြင်းငှါ။ နေ ၁ သက္ကောတိ၊ မစွမ်းနိုင်။ မေ၊ငါ ဒ်။ ဣဒံ ဒါနံ၊ဤပေးလှူသော ပုညစေတနာသည်။အာသ၀က္ခယံ၊အာသဝေါလေးတန် ကုန်ခမ်းသော နိဗ္ဗာန်သို့ ရောက်အောင် ပို့ဆောင် နိုင်သည်၊ ဟောတု၊ ဖြစ်ပါစေသတည်း။ ဣတိ ဧဝံ ပန၊ ဤသို့ ဆုတောင်းခြင်းသည်ကား၊ ဝိဝဋ္ဋံ၊ ဝဋ်ကင်းရာ နိဗ္ဗာန်ကို မနေအာ့ တ္ထန္တ တောင့်တလျက်။ ဝိဝဋ္ဋဝါသနာ၊ ဝဋ်ကင်းရာ နိဗ္ဗာန်ကို

ရည်သန်သော ဆန္ဒအားထုတ်ခြင်းဖြင့်၊ သမ္မာ၊ ကောင်းစွာ၊ ပဒ္ဒဟိတံ၊ ဖြစ်စေအပ်သော ကုသိုလ်သည်။ အရဟတ္တဒ္ဒိ၊ ပစ္စေကဗုဒ္ဓ သာဝက၊ မဟာသာဝက၊ အဂ္ဂသာဝက၊ ရဟန္တာ အဖြစ်ကိုရင်း၊ ပစ္စေကဗောဓိဉာဏ်ပါ၊ ပစ္စေကဗောဓိဉာဏ်ကိုရင်း။ သဗ္ဗညုတဉာဏ်ပါ၊ သဗ္ဗညုတဉာဏ်ကိုရင်း။ ဒါတုံ၊ ပေးခြင်းငှါ။ သက္ကောတိ ယေဝ၊ စွမ်းနိုင်တော့သည်သာလျှင်တည်း။ အရဟတ္တံ၊ အရဟတ္တမဂ်သို့။ အပတွာ၊ မရောက်သေးမူ၍။ ပရိယောသာနံ၊ ဘဝစက်ရဟတ် သံသရာလမ်းခရီးတွင် စသတ် ကုန်ခန်း အကျိုး၏ ဆုံးခမ်း ခြင်းသို့၊ နဂစ္ဆတိ၊ မရောက်နိုင်။

အင်္ဂုတ္တရ၊

ဧဝံ ကမ္မဿကတာ ဉာဏေန ဗဟုံ ဒါနံ ဒတွာ သီလံ ပူရေတွာ ဥပေါသထကမ္မံ ကတွာ သုခေန သုခံ သမ္ပတ္တိယော သမ္ပတ္တိံ အနုဘဝိတွာန နိဗ္ဗာနပတ္တာနံ ဂါထာနံ ပရိနိဗ္ဗုတိ ဒေဒါနတ္တိ။

အနက်။ ။ဧဝံ၊ ဤသို့။ ကမ္မဿကတာဉာဏေန၊ ကမ္မဿကတ ဉာဏ်နှင့်၊ ဝါ၊ ကံကို ယုံကြည်သော ဉာဏ်နှင့်။ ဒါနံ၊ အလှူကောင်းမှုကို။ ဒတွာ၊ ပေးလှူ၍။ ဗဟုံ၊ များစွာ၊ သီလံ၊ ငါးပါးသီလကို။ ပူရေတွာ၊ ဖြည့်ဆုံစေ၍၊ ဥပေါသထကမ္မံ၊ ဥပုသ်သီလကို။ ကတွာ၊ ပြု၍။ ဝါ၊ ကျင့်သုံးဆောက်တည်၍။ သုခေန၊ လူချမ်းသာမှ။ သုခံ၊ နတ်ချမ်းသာကို။ သမ္ပတ္တိယော၊ လူ့စည်းစိမ်မှ။ သမ္ပတ္တိံ၊ နတ်စည်းစိမ်သို့။ အနု

ဘဝိတွာန၊အစဉ် ခံစား၍။ နိဗ္ဗာနပစ္စာနံ၊ နိဗ္ဗာန်ယူသိမ်း ငြိမ်းတော်မူကြကုန်သော။ ဝါ၊သေခြင်းကင်းသောနိဗ္ဗာန်သို့ ရောက်တော် မူကြကုန်သော သူတို့၏။ ဂဏနပဒိဌ္ဌေဒေါ၊ ဂဏန်းသင်္ချာအားဖြင့် ရေတွက်ခြင်းသည်။နတ္ထိ၊မရှိ။

## သုံးဆဲ့တဘုံထောင်တွင်းက လွတ်မြောက်ရန် ဒါန။

တဆုပ်တခဲ နဲ့မျှားမဆို လှူဒါန်းပေးကမ်းခြင်း ပြုသော အခါ တဏှာသမုဒယ လောဘပြတ်စဲမှု အကြောင်းရင်း ဖြစ်သည်ကို သိရမည်။ ယခု တွေ့ကြုံနေသော ခန္ဓာငါးပါး သည် သုံးဆဲ့တဘုံထောင်တွင်း၌ အကျဉ်းခံနေရသည် ဟု သိမြင်ရမည်၊ အဘယ်သို့ သိမြင်ရသနည်းဟူမူ ခန္ဓာဇာတိ ဖြစ်သည်မှစ၍ အိုမှု-နာမှု-သေမှု အစဉ်မပြတ် အထပ်ထပ် ဖြစ်နေရခြင်း၊ တောင့်တမှု လောဘ ကြောင့်ကြံမှု ဒေါသ အထွေထွေ မသေ မခြင်း ဖြစ်ပေါ် ရခြင်း၊ သံသရာ၌ ကျင်လည်ရသမျှ ထောင်မှ မလွတ်သေး၍ ထောင်မှ ထွက် မြောက်ရန် ရည်သန်လျက် တဆုပ်တခဲ နဲ့မျှားမဆို လှူဒါန်း ပေးကမ်း စွန့်ကြံရာ၌ လောဘတဏှာ ပြတ်စဲမှုရှိမှ ထောင် တွင်းက လွတ်ရမည်ကို အမှန် သိရမည် သာတည်း။ ။ ဟောတော် မူသော ဒေသနာတော် သည်ကား....“ဒါနံ အလောဘော ဟောတု”ဟူ၍ ဟောတော်မူသည်မှာ စွန့်ကြံ သော ဝတ္ထု၊ အလှူခံပုဂ္ဂိုလ်၊ မိမိက လောဘကို ပြတ်ခြင်း သည် အလောဘစေတဖြစ်သည်ဟု သိရမည်။

## သီလက္ခန်။

ပရိစ္စာဂလက္ခဏံ ဒါနံ၊ ဒေယျဓမ္မေ လောဘဝိဒ္ဓံသန ရသံ၊ အနာသတ္တိပစ္စုပဋ္ဌာနံ၊ ပရိစ္စဇိတဗ္ဗဝတ္ထုပဒ ပဒဋ္ဌာနံ။

အနက်ကား။ ။ဒါနံ၊ ပေးကမ်း လှူဒါန်း စွန့်ကြဲခြင်း သည်။ ပရိစ္စာဂလက္ခဏံ၊ စွန့်လွှတ်ခြင်း လက္ခဏာ ရှိ၏။ ဒေယျဓမ္မေလောဘဝိဒ္ဓံသနရသံ၊ ပေးလှူ စွန့်ကြဲ အပ်သော ဝတ္ထု၌ ငြိတွယ်သော လောဘကို ဖျက်ဆီးခြင်း ကိစ္စရှိ၏။ အနာသတ္တိပစ္စုပဋ္ဌာနံ၊ မငြိမတွယ်ခြင်းလျှင် ဉာဏ်၌ထင် သော ပစ္စုပဋ္ဌာန်ရှိ၏။ ဝါ၊ ရှေးရှု ထင်သော ဉာဏ်လျှင်ရှိ၏။ ပရိစ္စဇိတဗ္ဗဝတ္ထုပဒဋ္ဌာနံ၊ စွန့်လွှတ်လှူဒါန်း ထိုက်သော ဝတ္ထုလျှင် နီးစွာသော အကြောင်းရင်းရှိ၏။

"ဒါနံ အလောဘော ဟောတိ"။ ။ဒါန ပြုလုပ်သော အခါ လောဘကို ဖျက်ဆီးသော အလောဘ ဖြစ်ခြင်း အကြောင်း။ ။ဒါနပြုသောအခါ အလှူဝတ္ထု၌ရင်း၊ အလှူခံ ပုဂ္ဂိုလ်၌ရင်း၊ ကပ်ငြိ တွယ်တာသော လောဘ တဏှာ-သာတကို ဘောက်ချိုး ဖျက်ဆီးသည်ကို အသိအမှတ်ပြု၍ သိရာ၏။ ထိုသို့ စိတ်ကို သန့်ရှင်းရန် မိမိစိတ်ကို စေတနာ ပြုရမည်မှာ ဤသို့ လှူဒါန်းရာ၌ ဘယ်အရာအတွက် လှူဒါန်း ပါသနည်းဟု စေ့နှာ ပြုကြည့်ပါ။ ဘဝသမ္ပတ္တိ ဘောဂ သမ္ပတ္တိကို ယခုဘဝတွင် အလိုရှိ၍လား၊ သို့တည်းမဟုတ် နောင်သံသရာ ဘဝ အဆက်ဆက်၌ ခံစားစံစားလို၍လား။

သို့မဟုတ်၊ သူကပေးဘူးသည်ကို သူ့ကို တုံ့ပြန်လို၍လား၊ သို့မဟုတ် မလွဲသာ၍ ပေးလှူရသလား။ သို့မဟုတ် ယခု ဖြစ်နေရသော ခန္ဓာ မွေ့သည် ဇာတိ-ဇရာ-ဗျာဓိ မရဏ စသော ဒုက္ခခပဲ ဝဋ်ဆင်းရဲကို မြင်သိရ၍ ကြောက်ရွံ့ တုန်လှုပ်သော သံဝေဂရ၍ ဇာတိဖြစ်ရက ဇရာ,မရဏ, သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသ ဖြစ်ရခြင်း မကင်းသဖြင့် ဇာတိ ချုပ်ငြိမ်းရာ ပြုပြင်ခြင်း မရှိသော အသင်္ခတနိဗ္ဗာန်ကို လို၍လား ဟု မိမိစိတ်ကို စေ့ဒနာ ပြုကြည့်ရာ၏။

ပေးကမ်းလှူဒါန်းသော ဝတ္ထုပစ္စည်းသည် အတည်မရှိ မရ တာဝကာလိက အာဂန္တုက အခိုက်အတန့်မျှသာ ဟု သိရမည်။ ဤဝတ္ထုပစ္စည်းသည် သာဓာရဏ အများနှင့် ဆက်ဆံ ဆိုင်သော အရာ ဖြစ်သောကြောင့် ဝိဘတ္တ ဘောဂီ အားဖြင့် ဝေဘန်ပိုင်းခြား၍ ပေးကမ်းလှူဒါန်းအပ် သော ဝတ္ထုဖြစ်သည်ဟု သိပြီး လှူဒါန်း ပေးကမ်း ရမည်။ ဤသို့ သိမြင်လျှင် နှစ်မြော ဂုဏ်မက်သော တဏှာသမုဒယ ကင်းပြတ် သည်ကို ကိုယ်တွေ့ စိတ်တွေ့ ဉာဏ်တွေ့ သိမြင် သောအခါ ဒုက္ခသစ္စာ မဖြစ်သည်ကို ဉာဏ်ထင်မြင်သော ကြောင့် သစ္စာ လေးပါးကို သိမြင်ရန် အကြောင်းပါ ပေသည်။

လောက၌ "ငရဲကြီးလှ ကုသိုလ်ရ" ဟု ပြုကြံ ရှောင် ကြဉ်သည်မှာ ဝိညာဉ် မြင်သာ ဖြစ်သည်။ ထိုဝိညာဉ်ကို မသင့်ခြင်၊ ပညာမြင်ဖြင့် ဆင်ခြင်ရမည်။ ငရဲကြီးသည်

ကုသိုလ်ရသည် ဟု ပြောကြ-ဆိုကြ ပြောကြ သူငါ၊ ဤ အရာမှာ ထင်ရာတွေးဆ ထင်မြင်ကြ၍ လောကနယ်တွင် အကယ်ထင်၍ ငယ်စဉ်က,ကြီး အမှတ်သီးလျက် ရိုးတိုး ယောင်တောင် ချတိုင်အောင်လျှင် ရိုက်မှောပ်အတိ မှန် မသိဘဲ ဝိစိကိစ္ဆာ ရှိသည်တာကို ယထာဘူတ ဟုတ်သမျှ မှာ ဗုဒ္ဓဟောမြွက် မွေစက်အလွှာ ကုသလာဓမ္မာ အနဝဇ္ဇ သုခဝိပါက လက္ခဏာ အပြစ်မရှိ ဖြူစင် သန့်ရှင်းစွာ ကောင်းသော အကျိုးကို ပေးခြင်းကို ကုသိုလ်ဆိုသည်။ အကုသလာဓမ္မာ-သာဝဇ္ဇဒုက္ခဝိပါကသဘာဝ၊ အပြစ်နှင့် တကွ မည်းညစ်သော မကောင်းကျိုးပေးသည်ကို အကု သိုလ်ဆိုသည်။ ထိုကုသိုလ်-အကုသိုလ် တို့၏ အကျိုးပေး ခြင်းသည် ဒိဋ္ဌဓမ္မ သမ္ပရာယိက သန္တိကရဏာ အားဖြင့် အကျိုးအပြစ် ပေးခြင်း ကာလသည် မိမိတို့ စောစိတ္တာပြဒ် အလျောက် အကျိုးပေးနိုင်သည် ဟူလို။

---

## ၂-သီလဂုဏ်ကျေးဇူးနှင့်စပ်သော စကား။

ဥပါသကာ, ဥပါသိကာတို့ ဖြည့်ညီအားထုတ်အပ်သော သီလ။

### ဝိသုဒ္ဓိမဂ်။

ဥပသကာ- ဥပါသိကာနံ နိစ္စသီလဝသေန ပဉ္စသိက္ခာ ပဒါနိ၊သတိ ဝါ ဥဿာဟေ ဒသ ဥပေါသထ အင်္ဂ ဝသေန အဋ္ဌာတိ ဣဒံ ဂဟဋ္ဌသီလံ။ ။

အနက်။ ။ဥပသကာ-ဥပါသကိနံ၊ စီးပွါးဥစ္စာ ရှာမှီးခြင်း မကင်းကြကုန်သော သီတင်းသည် ယောကျ်ား, သီတင်း သည် မိန်းမတို့၏။ နိစ္စသီလ ဝသေန၊ အမြဲဆောက်တည် ကျင့်သုံးအပ်သော သီလ အဖြစ်ဖြင့်။ ပဉ္စ သိက္ခာ ပဒါနိ၊ ငါးပါးသော သိက္ခာပုဒ် တို့ကို။ ဥဿာဟော၊ စွမ်းနိုင်သည်။ သတိ၊ ရှိသော်။ ဒသုပေါသထအင်္ဂဝသေန၊ ဆယ်ပါးသော သီလ, ရှစ်ပါးသော ဥပုသ်သီလတို့၏ အစွမ်းဖြင့်။ ဣတိ၊ ဤငါးပါး, ရှစ်ပါး, ဆယ်ပါးသော သီလတို့သည်သာတည်း။ ဣဒံ၊ သီလသည်။ ဂဟဋ္ဌသီလံ၊ အိမ်ယာထောင်သူ လူဥပါသကာ, ဥပါသိကာတို့ ကျင့်သုံးအပ်သော သီလမည်၏။

## သီလက္ခန် ဋီကာ။

သီလနလက္ခဏံ သီလံ၊ ဒုဿီလ ဝိဒ္ဓံ သနရသံ၊ သောစေယျ ပစ္စုပဋ္ဌာနံ၊ ဟိရိဩတ္တပ္ပ ပဒဋ္ဌာနံ။

အနက်။ ။သီလံ၊ သီလသည်။ သီလနလက္ခဏံ၊ ကိုယ် အမူအရာ, နှုတ်အမူအရာကို ကောင်းစွာ စောင့်ခြင်း လက္ခဏာရှိ၏။ ဒုဿီလ ဝိဒ္ဓံသန ရသံ၊ မကောင်းသော အကုသလ ဓမ္မညစ်သိုး အပြစ်မျိုးကို ဖေါက်ချိုး ဖျက်ဆီးခြင်း ကိစ္စရသ ရှိ၏။ သောစေယျပစ္စုပဋ္ဌာနံ၊ ကိုယ် နှုတ်အမူ ဖြူစင်သန့်ရှင်း ခြင်းလျှင် ထင်သော ပစ္စုပဋ္ဌာန် ရှိ၏၊ ဝါ၊ ရှေးရှု ထင်ခြင်း ရှိ၏။ ဟိရိဩတ္တပ္ပ ပဒဋ္ဌာနံ၊ ဒုစရိုက် ဓမ္မအတွက် မနှစ်သက် ခြင်း ရှက်ကြောက်ခြင်းလျှင်အကြောင်းရင်း ပဒဋ္ဌာန် နီးစွာ သော အကြောင်းရင်းရှိ၏။

သီလံသိရိံ စာပိ,ဟူသောပုဒ်-

နက္ခတ္တရာဇာ ဝိယ တာရကာနံ သီလ သိရိဉ္စာပိ
သတဉ္စ ဓမ္မော၊ပညဝတော အနုဘဝန္တိ၊ ။

တာရကာနံ၊ကြယ်တာရာအပေါင်းတို့၏။ နက္ခတ္တရာဇာ ဝိယ၊ နက္ခတ္တရာဇာ ဖြစ်သော လမင်းကြီး ကဲ့သို့။ သီလ သိရိဉ္စာပိ၊ သီလ အကျင့်တရားသည်ရင်း။ သတဉ္စ၊ ဥပေါ သထ၊ ရှစ်ပါး,ဆယ်ပါးသီလအကျင့်တရားသည်ရင်း။ ပည ဝတော၊ ပညာရှိ ပုဂ္ဂိုလ်အား။ အနုဘဝန္တိ၊ အစဉ်လိုက် ကုန်၏။

အာဂါရိက-အနာဂါရိကတို့ ကျင့်အပ်သော ကျင့်စဉ်-

ကရဏီယ မတ္ထကုသလေန၊
ယန္တသန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇူ စ သုဟုဇူ စ၊
သုဝစော စဿ မုဒုအနတိမာနီ။ ။

အနက်။ ။သန္တံ၊ ဇာတိကင်း၍၊ငြိမ်သက်ခြင်း သန္တိ လက္ခဏာရှိသော၊ယံ ပဒံ၊အကြင်နိဗ္ဗာန်သည်။ အတ္ထိ၊ရှိ၏။ တံ ပဒံ၊ သေခြင်း ကင်းသော ထိုနိဗ္ဗာန်ကို။ အဘိသမေစ္စ၊ သမုဒယ ပယ်မှ အကျိုးဒုက္ခသစ္စာ ငြိမ်းသော နိရောဓ နိဗ္ဗာန်ကို စိတ်ဖြင့် ရှေးရှု ကပ်၍။ ဝါ၊တောင့်တ၍။ အတ္ထ ကုသလေန၊ အကျိုးစီးပွါး၌ လိမ္မာသောသူသည်။ ကရဏီ ယံ၊ကျင့်အပ်၏။ သက္ကော၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်အောင် ကျင့်စွမ်းနိုင်သည်လည်း။

အာသာ၊ ဖြစ်ရာ၏၊ ဥဇု စ၊ ဖြောင့်မတ်တည်ကြည်သောစိတ် ရှိသည့်ရင်း။ သုဟုဇု စ၊ ကောင်းစွာ ဖြောင့်မတ်သောစိတ် ရှိသည့်ရင်း။ သုဝစော စ၊ ကောင်းစွာ ဆိုလွယ်သည့်ရင်း။ မုဒု စ၊ နူးညံ့သောစိတ် ရှိသည့်ရင်း။ အနတိမာနီ စ၊ မာန်မရှိ သည့်ရင်း။ အာသာ ဖြစ်ရာ၏။ ဇုတိ၊ ဤသို့။ ကရဏီယံ၊ ကျင့်အပ်၏။

အနတိမာနီ အာသာ,ဖြစ်အောင် ကျင့်ရမည်မှာ တဏှာ, မာန, ဒိဋ္ဌိ-ဟူသော ပ-ပဉ္စ တရားသည် သံသရာ ဘဝကို ချဲ့ထွင်သောတရား ဖြစ်၍ မာန်မရှိရန် ဟူရာ၌ ခန္ဓာဓမ္မကို ငါ့ကိုယ်, ငါ့ဟာ၊ ငါ,သူတပါး ထင်မှားခြင်းကို မာန်ဆို သည်။ ခန္ဓာဓမ္မကို ဉာတ တီရဏ,ပဟာန-အားဖြင့် သတိ ဖြင့် ပိုင်းခြားရမည်။ ။သို့ဖြစ်၍ သတိသည် ပညာဖြစ်၍ မနေမနား သတိတရားကို ပွါးများအားထုတ်ရန်ဖြစ်ပါသည်။

တိဋ္ဌံ စရံ နိသိန္နော ဝါ၊
သယာနော ယာဝ တာသ ဝိတမိဒ္ဓေါ။
ဧတံ သတိံ အဓိဋ္ဌေယျ၊
ဗြဟ္မမေတံ ဝိဟာရ မိဓ မာဟု။

အနက်။ ။တိဋ္ဌံ ဝါ၊ ရပ်သော်ရင်း။ စရံ ဝါ၊ သွားသော် ရင်း။ နိသိန္နော ဝါ၊ ထိုင်သော်ရင်း။ သယာနော ဝါ၊ လျောင်း စက်သော်ရင်း ယာဝတာ၊ အကြင်မျှ လောက်သော ကာလ ပတ်လုံး၊ တာဿ၊ ထိုပုဂ္ဂိုလ်အား။ ဝိတမိဒ္ဓေါ၊ အိပ်ခြင်း, ငိုက်မြည်းခြင်းကင်းသည်။ အာသာ၊ ဖြစ်ရာ၏။ တာဝတာ၊

ထိုမှလောက်သောကာလပတ်လုံး။ ဧတံ သတိံ၊ထိုခန္ဓာကို ပိုင်းခြားသော သတိဖြင့် သတိသမ္ပဇာဉ်နှင့် ယှဉ်သော သတိကို။အဓိဋ္ဌေယျ၊ဆောက်တည်ပွါးများအားထုတ်ရာ၏။ ဧတံ ဝိဟာရံ၊ထိုသတိယှဉ်၍ နေခြင်းကို။ ဗြဟ္မံ၊မြတ်သော။ ဝိဟာရံ၊ နေခြင်းဟူ၍။ ဣဓ၊ဤသာသနာတော်၌။ အာဟု၊ ဟောတော်မူ၏။

ဘိက္ခု၊သံသရာဘေးကို ရှုလေ့ရှိသောသူသည်။ ဒိဋ္ဌိဉ္စ၊ မှားသော သက္ကာယ ဒိဋ္ဌိကိုလည်း။ အနုပဂ္ဂမ္မ၊ မကပ်မူ၍။ သီလဝါ၊ သမ္မာဒိဋ္ဌိ စသော သီလနှင့် ပြည့်စုံသည် ဖြစ်၍။ ဒဿနေန၊သောတာပတ္တိမဂ်ဉာဏ်နှင့်ယှဉ်သော ဉာဏ်နှင့်။ သမ္ပန္နော၊ ပြည့်စုံ၍။ ကာမေသု၊ သမ္ဗါရတည်း ဟူသော ဝတ္ထုကာမ ကိလေသာကာမတို့၌။ဂေဓံ၊တပ်မက်မောခြင်း ကို။ ဝိနေယျ၊သမ္မာဒိဋ္ဌိ မဂ်ပညာဖြင့် ပျောက်ရာ၏။ သော၊ ထိုသူသည်။ ဇာတု၊အကယ်မလွဲသဖြင့်။ ဂဗ္ဘသေယျံ၊အမိဝမ်း၌၊ ရှစ်ကြိမ်မြောက် ပဋိသန္ဓေ နေရခြင်းသို့။ နဟိ ဧတိ၊ မရောက်။ ဝါ၊ဥပပါဒ်နေခြင်းမျှသာ ဖြစ်ရာ၏။

### သတိပဋ္ဌာန်။

ဘုသံ တိဋ္ဌတိတိ ပဋ္ဌာနံ၊
သတိဧဝ ပဋ္ဌာနံ သတိပဋ္ဌာနံ။

ဘုသံ၊လွန်စွာ။တိဋ္ဌတိ၊တည်၏။ဣတိ၊ထိုကြောင့်။ပဋ္ဌာနံ၊ ပဋ္ဌာနမည်၏။သတိဧဝ၊သတိသည်သာလျှင်။ ပဋ္ဌာနံ၊တည့် သည်တည်း။သတိပဋ္ဌာနံ၊ခန္ဓာငါးဝ၊ငြိခန္ဓ၌တည်သည်သည်။

## ၃-အာသဝေါတရား လေးပါး၏အကြောင်း။

ဗုဒ္ဓဘာသာ ဟူသမျှတို့သည် ဆရာ,မိ-ဘများက သင်ကြားကြသည့် အတိုင်း သိသာနူ သိသာ လူငယ်မှ စ၍ ရှင်ရှင်,လူလူ ဟူဟူသမျှတို့ ဆုတောင်း ပတ္ထနာပြုကြသည့်မှာ....“ဣဒံမေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု”ဟူ၍ ဆုတောင်း ပတ္ထနာ ပြုလုပ်ကြပါ သော်လည်း ပါးစပ်,နှုတ်ဖျားမျှသာ ဖြစ်သူများကြသည်။

အာသဝ၏ အခြင်းအရာ ဘယ်ဟာ ဘယ်သင်း ဟု အလျဉ်းမသိ၊သို့ဖြစ်ဘိ၍ယခုရှိသည့် သမ္ဗုဒ္ဓိမဟာ ထေရ် သံဃာတို့နှင့် ဆရာသမား, မိ-ဘများက ထင်လျှားစွာ မြင်သာအောင် သန့်ရှင်းရွတ်ကာ....

၁-ကာမာသဝ။

၂-ဘဝါသဝ။

၃-ဒိဋ္ဌာသဝ။

၄-အဝိဇ္ဇာသဝ-ဟု လေး၅ာန ခွဲခြား၍ ကွဲပြားအောင် ဟောကြားပါသော်သည်း အာသဝ-လေးပါး ဖြစ်ပုံကို အလုံးစုံ အကုန်အစင် မသိမမြင် မဆင်ခြင်နိုင်ကြချေ။

အာသဝ၏ အဖြစ်၊ အပြစ် ဒေါသ အာဒီနဝကို မသိမမြင်လျှင်အချစ်ဝင်၍ ဖြစ်စဉ်အာသဝ တိုးပွါးရလေတော့၏၊ ။ထိုအာသဝ လေးပါးဆိုတာ တပါးစီ တခြားစီ အဓိပ္ပါယ် အဘယ်သို့ ရှိပါသနည်းဟု စေ့ဒက တလမ်း

မေးမြန်းဘွယ်ရှိသည်ဖြစ်၍ အာသာ လေးပါး၏အဓိပ္ပါယ် အကျယ်ဝေဘန်၍ ပြပေအံ့။

၁ ကာမာသဝ ဆိုသည်မှာ။ ။ကာမဂုဏ်၌ အာရုံ ထွက် သွား ၍ နှစ်သက် သော သမုဒယ တဏှာ ပေါက်ပွါး၍ တားမနိုင်ဆည်းမရ တတွေတွေယိုစီး သမျှကိုကာမာသဝ-ဆိုသည်။

ပါဠိတော်။

ရူပါ သဒ္ဒါ ဂန္ဓာ ရသာ၊ ဖဿာ ဓမ္မာ စ ကေဝလာ။
ဣဋ္ဌာ ကန္တာ မနာပါ စ၊ ယာဝတတ္ထီတိ ဝုစ္စတိ။ ။
သဒေဝကဿ လောကဿ၊
သဗ္ဗေ တေ ခေါ သုခသမ္မဒါ။
ယတ္ထ စေတေ နိရုဇ္ဈန္တိ၊
တံ နေသံ သုခသမ္မဒံ။ ။

အဆင်း, အသံ, အနံ့, အရသာ, အတွေ့-အထိမှစ၍ ကြံစိတွေးတော မနော၌ဖြစ်သော ရုပ်ဓမ္မာရုံ, နာမ်ဓမ္မာရုံ အလုံးစုံသော အာရုံအာရမ္မဏိက တရားတို့သည် ခပ်သိမ်း သောလူ့,နတ်တို့၌ ကာမသုခလ္လိကာအကျင့်ဖြင့်ခံစားစံစား ကြရသောအခါချမ်းသာသော သုခဝေဒနာနှင့် သုခသမ္မဒါ ဟူ၍ ပြည့်စုံစွာ ခံစားကြလေကုန်၏။ ထိုအာရုံ ပျောက်ဆုံး ကွယ်သုံးလျှင် နှလုံးတုံ့ယှိုက် စိတ်၌နွမ်းညှိုး အမျိုးမျိုးသော ဆင်းရဲဒုက္ခသမ္မဒါ ဖြစ်ရလေ၏။ ပုထုဇန်တို့မှာ အာရုံအစဉ်

မဖြတ် တစပ်တည်း လောဘ,ဒေါသ,မောဟ,မာန-တရား ဖြစ်ပွါး၍ဘဝ-ဘောဂကို တောင့်တ၍ မဆုံးသော ကာမ သုခလ္လိကာနုယောဂ အကျင့်ဖြင့် အခွင့်သင့်တိုင်း စိတ်ရိုင်း စိတ်ရိုက် ဖြစ်သမျှကို ကာမာသဝ-ဆိုသည်။

၂ ဘဝါသဝ-ဆိုသည်မှာ။ ။လူ့,နတ်,ဗြဟ္မာ၊ ရန်ခါ မစဲ၊ငရဲ,တိရစ္ဆာန်၊ပြိတ္တာ,အသူရကာယ်၊အသွယ် သွယ်သော အကျိုးဘဝ၊ ပစ္စုပ္ပန်ကာလ၌ စိတ္တုပ္ပါဒ် ဖြစ်သမျှ ဘဝ၊မြင်မှု,ကြားမှု,နံမှု,စားမှု,ထိမှု,သိမှု, ခံစားမှု၊ စိတ္တုပ္ပါဒ် ဖြစ်သမျှဘဝကို ဘဝါသဝ- ဟု ဆိုသည်။

၃ ဒိဋ္ဌာသဝ-ဆိုသည်မှာ။ ။ခန္ဓာ ငါးပါး ရုပ်, နာမ် တရားတို့ကို ငါ၊ကိုယ်ဟူသော အစွဲအယူအမှတ်နှင့် အစွဲအမြဲ ရှိနေသည်ကို ဒိဋ္ဌာသဝ-ဆိုသည်။

၄ အဝိဇ္ဇာသဝ-ဆိုသည်မှာ။ ။"အညာဏလက္ခဏာ အဝိဇ္ဇာ၊သမ္မောဟနရသာ ဆာဒနပစ္စုပဋ္ဌာနာ၊အာသဝပဒဋ္ဌာနာ"။ ။အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။အညာဏ လက္ခဏာ၊အတ္တ ကိုရင်း,အနတ္တ ကိုရင်း၊မသိမမြင် ခြင်း လက္ခဏာရှိ၏။ ဝါ၊ သစ္စာလေးပါး တရားကို မသိမမြင်နိုင်အောင် ဖုံးကွယ်ခြင်း လက္ခဏာ ရှိ၏။ သမ္မောဟန ရသာ၊ တဆဲ့ ခြောက်ချက်သော ဝိစိ ကိစ္ဆာ တို့နှင့် ရောယှက်၍ ယုံမှားခြင်း ရှစ်ပါး အ ထွက် ဘုံသုံးပါး ထောင် အတွင်းမှ လွတ်ကင်း၍

မထွက်မြောက်နိုင် အောင် တွေဝေခြင်း ရသဖြင့်။ ဆာဒန ပစ္စုပဋ္ဌာနာ၊တခဲနက် မှောင်အတိကျသည့် ဖြစ်၍ သဗ္ဗာထေးပါးကို မမြင်နိုင်အောင် ဖုံးကွယ် ခြင်းလျှင် ထင်သော ပစ္စုပဋ္ဌာန် ရှိ၏။ အာသဝ ပဒဋ္ဌာနာ၊ အာသဝေါ တရားလျှင် နီးစွာသော အကြောင်းရင်းရှိ၏။

## တရားအားထုတ်ရန် သတိကို ရှေ့ထား၍ အားထုတ်ရန် အကြောင်း။

ဘူသံ တိဋ္ဌတီတိ ပဋ္ဌာနံ၊ သတိယေဝ ပဋ္ဌာနံ
သတိပဋ္ဌာနံ။ ။

အနက်။ ။ဘူသံ၊ လွန်စွာ။ တိဋ္ဌတိ၊ တည်၏။ ဣတိ၊ ထိုကြောင့်။ပဋ္ဌာနံ၊ပဋ္ဌာနမည်၏။ သတိယေဝ၊သတိသာလျှင်။ ပဋ္ဌာနံ၊ တည်သည်တည်း။ ။သတိပဋ္ဌာနံ၊ သတိသည့် သာလျှင်တည်သည်။

သတိတရားသည် ဆားနှင့်တူသည်။ ။လောကနီတိ၌....“အလောဏကံ ဗျဉ္ဇနံ ပိ န ရသံ”။ ။အနက်။ ။ အလောဏကံ၊ဆားတည်းဟူသော အငံဓာတ် မပါသော။ ဗျဉ္ဇနံ ပိ၊ စားဘွယ်, သောက်ဘွယ် သည်လည်း၊ န ရသံ၊ အရသာမထွက် ပေါ့ပျက်ပျက် ရှိလေ၏။

တနည်း။ ။ယခုခေတ်ကာလ အလျှောက် ဘိုင်စကယ် မော်တော် ဆိုင်ကယ်, မော်တော်ကား မောင်းသမားတို့

သည့် သတိ အမြဲယှဉ်လျက် မောင်းနှင်ကြရကုန်၏။ သတိလွတ်ကင်းလျှင် တဖြင့်တပါး ပျက်ပြားရလေတော့၏။

“သတိတမန်၊ ညာဏ်မြေကတုတ်၊ ပညာစွန်းကို၊ ချွန်းနှင့်အုပ်”ဆိုသော စကားငြိအရ သတိတရားကို လောကီအလုပ်,လောကုတ္တရာအလုပ်၌သတိတရား ရှေ့သွားရမည်ဟုလို။ ။လောကမှ ထွက်မြောက်ရာ ဖြစ်သော သတိပဋ္ဌာန်ဒေသနာတော်၌ …

ကာယာနုပဿနာ သတိ၊ ဝေဒနာနုပဿနာ
သတိ။စိတ္တာနုပဿနာသတိ၊ ဓမ္မာနုပဿနာ
သတိ-ဟူ၍ ဟောတော်မူသည်။

ဗိုလ်ငါးပါးတွင် သတိဗိုလ်ဟူ၍ သတ်ပြခန်းသည်။ ။ဣန္ဒြေငါးပါးတွင်လည်း သတိဣန္ဒြေဟူ၍၎င်း၊ဗောဇ္ဈင် ၇-ပါးတွင် သတိသမ္ဗောဇ္ဈင်ဟူ၍၎င်း ဟောတော်မူသည်။

သတိသမ္ဗောဇ္ဈင်အဘွင့်။

သတိသမ္ဗောဇ္ဈင်္ဂံ ဘိက္ခဝေ ဝိဝေကနိဿိ
တံ ဝိရာဂနိဿိတံ နိရောဓ နိဿိတံ ဝေါ
သဂ္ဂ ပရိဏာမိံ။ ။ဟူ၍ ဟောတော်မူပါ
သည်။

အနက်။ ။ဘိက္ခဝေ၊ တရားအားထုတ်လိုသူ ရှင်,လူအပေါင်း သူတော်ကောင်းတို့၊ ဝိဝေက နိဿိတံ၊ သင်္ခါရပလိဗောဓ၊ကြောင့်ကြခပ်သိမ်း၊ ကင်းငြိမ်းခြင်းကိုမှီသော။ ဝိရာဂနိဿိတံ၊ ရာဂညစ်ကြေး ကင်းဝေးခြင်းကို မှီသော။

နိရောဓနိဿိတံ၊ ဝါနနိက္ခန္တံ ကိလေသာကာမ ဝဋ်ဒုက္ခခပင်း ကုန်ငြိမ်းခြင်းကို မှီသော။ ဝေါ သဂ္ဂပရိနာမိံ၊ ကာမုပဓိ၊ ကိလေသုပဓိ, သင်္ခါရုပဓိ, ခန္ဓုပဓိ-ဟူသော ဥပဓိလေးပါးတို့ စွန့်ရာကိုမှီသော။ သတိသမ္ဗောဇ္ဈင်္ဂံ၊ သတိသမ္ဗောဇ္ဈင်ကို။ ဘာဝေဟိ၊ပွါးများအားထုတ်လော့။

ဓမ္မဝိစယ, ဝီရိယ, ပီတိ, ပဿဒ္ဓိ, သမာဓိ ဥပေက္ခာ သမ္ဗောဇ္ဈင်တို့ကိုသတိသမ္ဗောဇ္ဈင်အနက်အတိုင်း သိရာ၏။

အထဝါ ဥပဓာရေတဗ္ဗန္တိ သတိပုဗ္ဗင်္ဂမာယ
ဥပဓာရေတဗ္ဗံ။န ဟိ သတိ ရဟိတာ ပညာ
နတ္ထိ။ ။သတိပဋ္ဌာနအဘွင့်။

အထဝါ၊တနည်းသော်ကား။ ဥပဓာရေတဗ္ဗန္တိ၊ ဥပဓာရေတဗ္ဗံ-ဟူသည်။သတိပုဗ္ဗင်္ဂမာယ၊ သတိရှေ့သွားရှိသော။ ပညာယ၊ဝိပဿနာဉာဏ်ပညာဖြင့်။ ဥပဓာရေတဗ္ဗံ၊မှတ်ရှုအပ်၏။ဟိ သစ္စံ၊ထိုစကားမှန်၏။ သတိ ရဟိတာ၊ သတိမှ လွတ်သော။ ဝိပဿနာ၊ ဝိပဿနာ ဉာဏ်ပညာသည်။ နတ္ထိ၊မရှိ၊

သတိ တရားသည် ကုသိုလ် စေတသိက်တရားဖြစ်၍ ဝိပဿနာမှတ်ရှုပွါးများသောအခါ သတိအမှတ်ကို မလစ် မလပ် မှတ်ရှုရမည်။

ယခုအခါ ဒုလ္လဘ ငါးဖြာတွင် သာသနသမယ မနုဿတ္တ၊သဒ္ဓမ္မဒုလ္လဘတွင် ကြုံရသော အခါကောင်း အခါ မြတ်ဖြစ်၍ အားသစ်ကြိုးပမ်း မဂ်လမ်း-ဖိုလ်လမ်း ထိုစခန်း

ဏို လက်လှမ်းလွယ်ကူသောအခါ သာသနာတွင်း မှီတင်း ဆုံဆိုက် ကြုံကြိုက်ရသည့်အတိုင်း မဆိုင်းလျင်စွာ ကြိုးပန်း ရာ၏။

ဂေါတမမြတ်စွာဘုရား သခင်သည် သုမေဓာဖြစ်စဉ် အခါက အကြံတော်ရသည့်အကြောင်း၊ ဗုဒ္ဓဝင်ပါဠိတော်၌ ဟောတော်မူသည်။

ဒုက္ခော ပုနဗ္ဘဝေါ နာမ၊ သရီရဿ စ ဘေဒနံ၊
သမ္မောဟာမရဏံ ဒုက္ခံ၊ ဇရာယ အဘိမဒ္ဒနံ။ ။
ဇာတိဝေမ္မော ဇရာဝေမ္မော၊ ဗျာဓိဝေမ္မော သဟံတဒါ၊
အဇရံ အမတံ ခေမံ၊ ပရိယေသိဿာမိ နိဗ္ဗုတိံ။ ။

အနက်။ ၊ယသ္မာ၊ အကြင်ကြောင့်။ ပုနဗ္ဘဝေါ နာမ၊ တဖန်ဘဝသစ်၌ ပဋိသန္ဓေ နေရခြင်းသည်ကား၊ ဒုက္ခော၊ ဆင်းရဲ လှ၏။ သရီရဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒနံ၊ ပျက်စီး ရခြင်းလည်း။ ဒုက္ခံ၊ ဆင်းရဲလှ၏။ ဇရာယ၊ ဖျက်စီးမှု နားထိုင်း ခါးကိုင်းသွားကျိုး အမျိုးမျိုး အိုရခြင်းသည်။ အဘိမဒ္ဒနံ၊ အလွန်နှိပ်စက်အပ်သည်ဖြစ်၍။ သမ္မောဟာမရဏံ၊ တွေတွေ ဝေဝေ သေရခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲလှချေ၏။ ယသ္မာစ၊ အကြင် ကြောင့်လည်း။ သဟံ-သော အဟံ၊ ထိုငါသည်။ ဇာတိဝေမ္မော၊ ပဋိသန္ဓေနေရခြင်း သဘော ရှိသည်။ ဇရာ ဝေမ္မော၊ အိုမင်းရင့်ရော်ရခြင်းသဘောရှိသည်။ ဗျာဓိဝေမ္မော၊ နာရခြင်းသဘောရှိသည့်။ အမှို၊ဖြစ်ရ၏။ တသ္မာ ဟိ-တသ္မာ ဧဝ၊ ထိုကြောင့်သာလျှင်။ အဇရံ၊ မအိုကြောင်းဖြစ်သော။

အမတံ၊ မသေကြောင်း ဖြစ်သော၊ ခေမံ၊ ဘေးကင်းရာ ဖြစ်သော။ နိဗ္ဗုတိံ၊ဇာတိ ဇရာ ဗျာဓိ မရဏ စသည့်ခပင်း ကုန်ငြိမ်းခြင်း ဖြစ်သော အဇာတ-အပဝတ္တ ဖြစ်သော နိဗ္ဗာန်ကို။ ပရိယေသိဿာမိ၊ ရှာမှီး ပေတော့အံ့၊ ဣတိ၊ ဤသို့။ တဒါ၊ထိုအခါ၌ "ပရိယေသိဿာမိ၊ရှာမှီးပေတော့အံ့"ဟု သုမေဓာဖြစ်စဉ်အခါက ကြံဘူး၏။

---

## ၃-ဝိပဿနာဂုဏ်ကျေးဇူးနှင့်စပ်သောစကားများ၊

## တရားအားထုတ်ရန် သံဝေဂကထာ။

အနာဒိကော ယံ သံသာရော၊ပုဗ္ဗကောဋိ န နာယတိ။
ဧဝံ ဒီဃရတ္တံ တိဗ္ဗံ၊ပစ္စနုဘူတံ ဗျသနံ။ ။
ကဋသိဝဍ္ဎိတာ ဗဟုံ၊ယာဝဇ္ဇ သမ္ဘဿရေ၊
အလမေဝ နိဗ္ဗိန္ဒိတုံ၊အလမေဝ ဝိရဇ္ဇိတုံ၊အလမေဝ ဝိမုစ္စိတုံ။ ။

အယံ သံသာရော၊ပဋိစ္စသမုပ္ပါဒနှင့် ပဋိစ္စသမုပ္ပန္နတည်းဟူသော ကျိုးကြောင်းနှစ်ဖြာ ဆက်ကာ ဆက်ကာ ဖြစ်၍ နေရသော သံသရာစက်ကြီးသည်။ အနာဒိကော၊ အဝိဇ္ဇာနှင့် တဏှာ ဖြေးရှက်၍ သံသရာ ဘဝ အဆက်ဆက်ကို မသိမမြင်မထင်နိုင်။ဝါ၊သသံရာ အစမရှိသည်ကို မသိနိုင်။ ပုဗ္ဗကောဋိ၊ အဝိဇ္ဇာနှင့် တဏှာမူလ ဖြစ်သော ရှေးအစွန်းသည်လည်း။န နာယတိ၊မသိမထင်နိုင်။ဧဝံ၊ဤသို့။ ဒီဃရတ္တံ၊

ရှည်ကြာ လှစွာသော သံသရာ အဆက်ဆက်၌။ တိဗ္ဗံ၊ သန်လျက် သွားထက် ထက်မြက် လှသော ဇာတိ, ဇရာ, ဗျာဓိ,မရဏ-ဝသော ဘေးကြီးကို။ ပစ္စနုဘူတံ၊ ခံစားခဲ့ရလှလေပြီ၊ ယခုလည်းခံစားဆဲ။ ကဋုသိ၊ သံသရာဝယ် မြဲနေရာမလပ် အထပ်ထပ်သင့်ကြုံငြိုင်းနေရာ မြေပြဇာသည်။ ဝဍ္ဎိတာ၊တိုးတက်ခဲ့လှလေပြီ။ ယာဝဗ္ဗု၊အကြင်မျှလောက်။ သဗ္ဗသင်္ခါရေ၊အလုံးစုံ ဖြစ်ပျက်ရ သင်္ခါရ တရားတို့ကို။ နိစ္စန္တိတံ၊ ငြီးငွေ့ ပျင်းမုန်းခြင်းငှါ။ အလမေဝ၊ သင့်လှတော့သည်သာ လျှင်တည်း။ ဝိရဇ္ဇိတုံ၊ သံသရာ ဝဋ္ဋဒုက္ခကို ကြောက်ရွံ့ ခြင်းငှါ။ အလမေဝ၊ သင့်လှတော့သည်သာ လျှင်တည်း။ ဝိမုစ္စိတုံ၊ သံသရာထောင်တွင်းက လွတ်ကင်း ထွက်မြောက်ရန် ကြံဆောင်သောအား ဝိပဿနာတရား သမ္မာဒိဋ္ဌိအားဖြင့် သစ္စာလေးပါးတရားကို ထင်ရှားသိမြင်အောင် အားထုတ်စရာ သင့်လှတော့သည်သာလျှင်တည်း။

သံယုတ်။

နိရုဒ္ဓါတီတသင်္ခါရာ၊ပစ္စုပ္ပန္နာ စ ဘိဇ္ဇယေ။
အနာဂတာ ဘိဇ္ဇိဿန္တိ၊သဗ္ဗေတေ ဘာဂိတမ္ဗကာ။

အနက်။ ။အတီတသင်္ခါရာ၊ လွန်ခဲ့သော အတိတ်ဘဝ သံသရာ ကာလက ဖြစ်ပျက်ခဲ့ ရသော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည်၊ နိရုဒ္ဓါ၊ အနိစ္စဖြစ်၍ ဖြစ်၍ချုပ်ပျက်ကြလေကုန်ပြီ။ ပစ္စုပ္ပန္နာ စ၊ ပစ္စုပ္ပန်ရုပ်နာမ်ဓမ္မ သင်္ခတဖြစ်သော ပဋိစ္စသမုပ္ပန္နတရားတို့သည်လည်း။ ဘိဇ္ဇယေ၊ပျက်ဆဲ

တို့သာတည်း။ အနာဂတာ၊ အနာဂတ်ကာလ ဖြစ်လတ္တံ့သော ရုပ်နာမ်ဓမ္မ သင်္ခါရတရား တို့သည်လည်း။ ဘိဇ္ဇိဿန္တိ၊ ပျက်စီးရကုန်လတ္တံ့။ ဧတေ သင်္ခါ၊ အတိတ်-အနာဂတ် ပစ္စုပ္ပန် ရုပ်နာမ်ဓမ္မ သင်္ခါရတရား တို့သည်။ ဘာဂရိတဗ္ဗကာ၊ ဇာတိ, ဇရာ, ဗျာဓိ, မရဏ ဒုက္ခ အသွယ်သွယ် ကြောက်ဘွယ်တို့သာတည်း။ ။သံဝေဂဓမ္မ ရကြပါကုန်။

ယခုခေတ် အခါဝယ် လူငယ်လူရွယ်မှစ၍ အိမ်ယာ ထောင်သော လူဘောင်၌ စီးပွါးဥစ္စာ ရှာမှီးရခြင်း မကင်း နိုင်ကြသော လူဥပါသကာ ဥပါသိကာဖြစ်သော အဂါရိက-အနာဂါရိက ပုဂ္ဂိုလ် ဟူဟူသမျှ တို့သည် သင်္ခါရနယ်အာ တွင်းမှ မကင်းသော မရှောင်သာ သေစာရင်းမှ မလွတ် မကင်း သာသည့် ဖြစ်သောကြောင့် သံဝေဂဓမ္မ ရကြ၍ တရားအားထုတ်ကြရန် သင့်လှလေပြီ။

ယခု တွေ့ရ,ကြုံရ,ကြားရသော အရာများသည့် သာသာ နာတော် ဆုတ်ယုတ်ပျက်ပြားစရာ ကမ္ဘာသကာတရား ပါယ် ရှားပျောက်ကွယ် လောက် ကြောက်ဘွယ်ကမန်း ဘေး ဘုမ်းဇရာ ကြီးကျယ်စွာ ဝိုင်းရံလျှက် ရှိနေ သဖြင့် ဗုဒ္ဓ ဘာသာ မှန်သမျှ ဗုဒ္ဓဟောဖြွက် ဓမ္မစက်ကို နှစ်သက်ယုံ ကြည်သော စိတ်ထားလျှက် ဒုလ္လဘ ငါးပါး ကြုံရ ဌား၍ အားထုတ်ခွင့် ရသော အခိုက်တွင် အားသစ် ကြိုးပမ်း မဂ်လမ်း-ဖိုလ်လမ်း ထိုစခန်းသို့ တက်လှမ်း လွယ်ကူသော အခါဖြစ်၍ "အပ္ပမာဒေန သမ္ပါဒေထ" မမေ့မလျော့ မပေါ့

သောအားဖြင့် သတိပညာကို ရှေ့ထား၍ အားထုတ်ကြ ပါကုန်လော့။

"သတိမမူ ဂူကိုမမြင်၊ သတိမူတော့ မြူကိုမြင်သည်" ဆိုသောအရ သတိသမ္ဗောဇ္ဈင် ဖြစ်လျှင် ကလာပ်မြူ ပရမာ နုမြူကို မြင်နိုင်၏။ ယခုအခါ သာသနာမိုးသည်း ထစ်ကျုံး ရွာ သွန်းသော အခါတွင် မိုးရွာတုန်းရေခံမှ ရေရမည်ကို ဉာဏ်ဖြင့်တွေးတော သဘောနှင့် ဆင်ခြင်ပြီးလျှင် မိုးရွာ တုန်းရေခံမှ ရေရမည်၊ သာသနာ ငမိုးမှာ ရှိနေတုန်း အခါ တွင် နာရီရက်ပိုင်း ရွှေ့ဆိုင်း၍ မနေနှင့်။ မနေသင့်။

ယာနိ သောတာနိ လောကသ္မိံ၊
သတိ တေသံ နိဝါရဏံ။
သောတာနံ သံဝရံ ဗြူမိ၊
ပညာယေတေ ပိဓိယရေ။

လောကသ္မိံ၊ လောက၌။ ယာနိ သောတာနိ၊ အကြင် အဘိဇ္ဈာ တဏှာ အစရှိသော ကိလေသာ ရေအယဉ်တို့ သည်။ သန္တိ၊ ရှိကုန်၏။ သတိ၊ သတိသည်။ တေသံ၊ ထိုကိလေ သာရေအယဉ်တို့ကို၊ နိဝါရဏံ၊ ဆည်းကန်ဆွဲပစ် တားမြစ် ခြင်းသည်။ သောတာနံ၊ အဘိဇ္ဈာ တဏှာ အစရှိသော ကိလေသာရေအယဉ်တို့ကို။ သံဝရံ၊ သမုစ္ဆေဒ ပဟာန်ဖြင့် တစ်မကြွင်း ပိတ်ဆို့ခြင်းကို။ ဗြူမိ၊ ဟောတော်မူ၏။ ဧတေ သောတာ၊ ထိုကိလေသာ ရေအယဉ် တို့ကား။ ပညာယ၊ ဝိပဿနာ မဂ်ပညာဖြင့်။ ပိဓိယရေ၊ ပိတ်ဆို့အပ်ကုန်၏။

အပါဒါနပါဠိတော်၊

မာ ဝေါ ခဏံ ဝိရာဓေထ၊
ခဏာတီတာ ဟိ သောစရေ။
သဒတ္ထေ ဝါယမေယာထ၊
ခဏော ဝေါ ပဋိပါဒိတော၊ ။

အနက်။ ။ဘောဂနေ္တာ၊ အရှင်သူတော်ကောင်း အပေါင်းတို့၊ ဝေါ၊သင်တို့သည်။ ခဏံ၊ဗုဒ္ဓုပ္ပါဒ သာသနာခဏ အရိယ သစ္စာ လေးဖြာသော အမြန်တရားတို့ကို ရနိုင်သော အခါ ကောင်း အခါမြတ်ကြီးကို။ မာ ဝိရာဓေထ၊ ချော်လွန်၍ မသွားကြစေလင့်။ဟိ၊အဘယ်ကြောင့်နည်း၊ခဏာတီတာ၊ ခဏကိုလွန်ကုန်သော သူတို့သည်။ သောစရေ၊ လွန်သော နောက်၌ တောက်ခေါက်နောင်တ မဒိဗ္ဗိ မနာမီ အခါကာ တရားကို အားမထုတ်ခဲ့မိလေစွ ဟု စိုးရိမ် ရကုန် လတ္တံ့။ သဒတ္ထေ၊ကိုယ်ကျိုး ကိုယ်စီးပွါး၌၊ ဝါယမေယျာထ၊ လုလ္လ မယုတ် အရအမိကြိုးကုတ်၍ အားထုတ် ကြကုန် ရာ၏။ ဝေါ၊သင်တို့သည်၊ ခဏော၊ဗုဒ္ဓုပ္ပါဒ မြတ်ခဏကို။ ပဋိပါဒိ တော၊ယခုဘဝခဏ၌ ဆိုက်တိုက်ရကြလေပြီ။

ယခုကြုံရသောဘဲဝသည်သာသနာသမယမနုဿတ္တ ဒုလ္လဘတွင် ကြုံရသော အခါကောင်း အခါမြတ်ကြီးနှင့် တွေ့ဆုံ ကြုံကြိုက်သော လူ့ဘဝ ဖြစ်၍ မဂ်လမ်း-ဖိုလ်ထမ်း ထိုစခန်းသို့ တက်လှမ်းလှုယ်ကူသောအခါ သာသနာတော် တွင်းဝယ် မှိတင်းနေထိုင်ကြရသော အမျိုးကောင်း သား

ဘို့ ဖြစ်ကြသည်နှင့်အညီ သဗ္ဗာလေးပါးတရားကို မြင်သိရန် အထူး သတိ ပညာ ရှေ့ထား၍ ကြိုးစား အားထုတ်ရန် နာရီ ရက် ပိုင်း ခြားရွှေ့ဆိုင်း၍ မနေသင့်။ မိမိဘို့ ခန္ဓာခမ္ဘသည် အတည်တကျ နေရသည်မဟုတ်၊ဘူတာချပ် ဥပါဒါန်၊ ပေါက်ပြန်ချွတ်ယွင်း၍ သေခြင်းသို့ရောက်ကြရမည်ကိုမသိကြသည်ဖြစ်၍ နေ့ရက်ကို ရွှေ့ဆိုင်း ဖင့်နွဲ့လျက် နေရန် မသင့်။ သာသနာတော်ဆိုသော မြတ်စွာဘုရား၏ သုံးမဟန်ကို လိုက်နာကျင့်ကြံရန် သာသနာကုန်လူပြီ ဟု သေချာစွာ စစ်ဆေးလျှင် သာသနာ ငါးထောင် ထားခဲ့ရာ ၂၄၉၄-သာရှိသည်။သာသနာမကုန်သေးဟု မတွက်နှင့်။ မိမိနှင့်ဆိုင်သော ဘုရားသုံးမသော သာသနာသည် မိမိ မသေမီ သာသနာရှိသည်။ မိမိသည် အနိစ္စသဘော ရွှေ့လျော၍ ရုတ်မရကာဖြစ်လျှင် တရားကို အားထုတ်မှု လျော့ပါးလျှင် သဗ္ဗာလေးပါးတရားကို အနုဿဝအားဖြင့် မကြားမသိရကာ ရူပ္ပသောတာပန်လောက်မျှမရမရှိခဲ့သော် ဘယမ်းဘတာ သွားရာ ဝိနိပါတ–ဘား သင့်လေ သောကြောင့် ဘယ်ဘဝ ဘယ်အဖြစ်ဟု စင်စစ်မသိနိုင်သည်ဖြစ်၍ ယခု သာသနာတော်အတွင်း သဗ္ဗာလေးပါး တရားအနှစ်ခေတ် အစစ်ကို ဟောပြောပြသနိုင်သော ကလျာဏမိတ္တတို့ထံ ဆည်းကပ်၍ သဗ္ဗာလေးပါးကို အနုဿဝ-တဆင့်ကြားဖြင့် သိနားလည်ကြရအောင် အားထုတ်ကြ၍ ဘယမ်းဘတာ မရှိနိယတဂတိဖြစ်အောင် အားထုတ်သင့်လှပေသည် သာတည်း။

ယခု ရှိကြသော ရှင်ရှင်·လူလူ ဟူဟူသမျှ တို့သည် သမ္ပတ္တိ စက်နှင့် ပြည့်စုံပြီ ဖြစ်သော သပ္ပုရိသူပနိဿျ၊ ကလျာဏ ဖြစ်သော ဆရာကောင်းတို့ထံ နာခံမှတ်သား အားထုတ် ပါလျှင် သစ္စာလေးပါးကို အနုဿဝ အားဖြင့် သိမြင်လျှင် ဒဿနကိစ္စနှင့် မြင်နိုင်-သိနိုင်သည်ဖြစ်၍ ယခု ဘဝတွင် သောတာပန်ဖြစ်နိုင်ပါသည်။

အထူးသတိထားတော်မူရန်။ ။ယခုသာသနာတော်၌ ကြုံကြိုက်သော အခါသည် အလွန်တရာ ရခဲသော အခါကို ရရှိသည်ဟု သိရှိကြသည့်အတိုင်း သတိ တရားကို မပြတ်မလပ် သတိချပ်၍ သမ္မာဒိဋ္ဌိပညာ ဖြင့် ရုပ်,နာမ်မွေ့ သင်္ခါရတရားတို့၌ ဖြစ်မှု ပျက်မှုကို ဘဝသံသရာ ဘယ်အခါ ဘယ်ဘဝကမှ မသိ မမြင်ခဲ့ရသည် ဖြစ်၍ ယခုဘဝ သာသန မွေ့စက် ဝယ် အချက်အခြာ တရားအစစ် အနှစ်ကို ရှာ လိုက်လျှင်....သစ္စာ လေးဝ မွေ့အမှန်ကို သိမြင် နိုင်သော အခါကောင်း အခါမြတ် ဖြစ်၍ ဥပနိဿျ စက်ကို မှီတင်း၍ သစ္စာလေးဝကို ဒဿနကိစ္စဖြင့် သိအောင်အားထုတ်လျှင် သံသရာထောင်တွင်းမှ လွတ်ကင်းထွက်မြောက်ရန် ကြိုးဆောင်အားထုတ် ကြပါကုန်။

ဥဒယဗ္ဗယသင်္ခါရေ၊ နိဗ္ဗိန္ဒိတွာန ပဏ္ဍိတော။
သကိစ္စံ အနုယုဉ္ဇေယျ၊ မောဃကာလံ နခေပယေ။ ၈

အနက်။ ။ပဏ္ဍိတော၊ ကျိုးကြောင်းသိမြင်၊ ပညာရှိသည်။ ဝါ၊ တဏှာဥပါဒါန် ကံဟူသော အကြောင်းကြောင့် အကျိုး၊ ဒုက္ခသစ္စာ ခန္ဓာဓမ္မ သမုပ္ပန္နံ သင်္ခါရတရား ဖြစ်ပွါးရသော အကျိုးကိုသိမြင်သောပညာရှိသည်။ ဥဒယဗ္ဗယ သင်္ခါရေ၊ ဖြစ်လျှင် ပျက်ရ၊ ရုပ်နာမ်ဓမ္မ၊ သင်္ခါရတရားစုတို့။ နိဗ္ဗိန္ဒတိ ဝါနာ၊ ဆင်းရဲကြီးတွေ၊ ပြင်းမုန်းငြီးငွေ့၊ မပျော်မွေ့ကြကုန်၍၊ သင်္ကို၊ သံသရာထောင်တွင်းက လွတ်ကင်း ထွက်မြောက်ချိန် ကိုယ်မှုကိုယ်ကိစ္စဖြစ်သော ဝိပဿနာ သမ္မာဒိဋ္ဌိ မဂ်ပညာကိုသာလျှင်။ အနုယုဉ္ဇေယျ၊ အချိန်ကာလ နေ့ည မခြား ကြိုးစား အားထုတ်ကုန်ရာ၏။ မောဃ ကာလံ၊ စားကာ၊ အိပ်ကာ ပျော်မြူးကာဖြင့် လိုရာမပြီး အချည်းနှီးသော ကာလတွေကို။ န ခေပယေ၊ မကုန်မခန်း ကျွမ်းစေရာ။

ဒေသနာတော်အရကာသကိုမလွန်မကုန်စေရ။ ဝိပဿနာဓမ္မ ဖြစ်-ပျက်မှုကိစ္စကို ဒိဋ္ဌသိမြင်အောင် သတိရှေ့ထား သမ္မာဒိဋ္ဌိတရားကို ပွါးများအားထုတ်ရမည်။ ဝါ၊ အားထုတ်ရာ၏။

ခန္ဓဘေဒေါဝ မရဏံ၊ ဇာတိ တပ္ပဘုတိ ဘဝေါ။
ခန္ဓာနဉ္စ ပဝတ္တိ၊ ဓာတု အာယတနာနဉ္စ။ ။
အဇ္ဈတ္တိ နိဗ္ဗတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။
သာမညံဝါ သဘာဝေါ ဝါ၊ ဏုဒ်သင်္ခါရလက္ခဏံ။
သင်္ခါရာဒယော ဝတ္တဗ္ဗာ၊ အနိစ္စာဒီဟိ ဟောတုဟိ။ ။

မွေ့သင်္ဂြိုဟ် အဋ္ဌကထာ။

အနက်။ ။ခန္ဓဘေဒေါဝ၊ခန္ဓာ၏ အသုံးစွန် ရုပ်ပြတ် ကြွေ သေကြေ ပျက်စီးခြင်းသည်သာလျှင်။ မရဏံ၊ စုတိ မရဏ အားဖြင့် သေခြင်း မည်၏။ တပ္ပဘုတိဘာဝေါ၊ ထိုခန္ဓာ၏ အစကွာ ဖြစ်ပေါ်ခြင်းသည်သာလျှင်။ ဇာတိ၊ ပဋိ သန္ဓေနေခြင်းမည်၏။

ခန္ဓာနဉ္စ၊ ခန္ဓာတို့၏ရင်း။ ဓာတုအာယတနာနဉ္စ၊ ဓာတ် အာယတနတို့၏ရင်း။ အဗ္ဗောစ္ဆိန္နံ၊မပြတ်ပုံသော။ ဝတ္တမာနံ၊ဖြစ်၍နေရသော။ပါဋိပါဋိ၊ဥပါဒ်ဋ္ဌီဘင်အစဉ်ကို။သံသာရောတိ၊သံသရာဟူ၍ ပဝုစ္စတိ၊အပြားအားဖြင့်ဆိုအပ်၏။

ပစ္စုပ္ပန်၊ ဖြစ် ပျက်နေသော သံသရာကိုသိမှ သံသရာ ဘာဝ အဆက်ဆက် ဖြစ်-ပျက် နေသော ဝိပါက် အကျိုး ဆက်ကိုသိမြင်နိုင်ရာ၏။

သာမညံဝါ၊ အနိစ္စ နမန ရုပ္ပနစသော ဆက်ဆံသော သဘောကိုရင်း။ သဘာဝေါ ဝါ၊နမန ရုပ္ပန-ဗုဒ္ဓန ကက္ခဠ စသောမိမိသဘောရင်း။ဣဒံ၊ဤသာမညသဘာဝဝိသေသ သဘောသည်။ သင်္ခါရလက္ခဏံ၊သင်္ခါရတရားတို့၏ လက္ခ ဏာသာတည်း။အဝိဇ္ဇာဒိဟိ၊အဝိဇ္ဇာအစရှိသော။ ဟေတူ ဟိ၊အကြောင်းတို့ကြောင့်။သင်္ခါရာဒယော၊သင်္ခါရစသော တရားတို့သည်။ဝတ္တန္တိ၊ ဖြစ်ရကုန်၏။

သံပေါက်များ။

၁ အတိတ်အခါ၊အဝိဇ္ဇာ၊တဏှာကြောင်းမူလ။

၂ အကြောင်းဇာတိ၊ဖြစ်လာဘိ၊ဂတိဘုံသုံးဝ။

၃ အကျိုးဝိပါက်၊ခန္ဓာစက်၊ဖြစ်-ပျက်တွေ့ကြုံရ။

၄ ခန္ဓာမွေ့၊အနိစ္စ၊ဒုက္ခသစ္စာမျှ။

ဝိပဿနာ တရားဟူသော စကားမှာ။ ။

ဝိဝိဓံ ပဿတိ ဧတေနာတိ ဝိပဿနာ။ ။

အနက်။ ။ဝိဝိဓံ၊အထူးထူးအပြားပြား၊ရုပ်,နာမ်ခန္ဓာ တရား တို့ကို။ ပဿတိ၊ အနိစ္စ-မမြဲခြင်းဒုက္ခ၊ မမြဲသဖြင့် ဆင်းရဲ ပျက်စီးရခြင်း။ အနတ္တ၊ ဘာတခုမျှ အစိုးမရ သူ့ သဘာဝ အတိုင်း မရပ်မဆိုင်း ဖြစ်ချင်တိုင်း ဖြစ်နေခြင်း ကြောင့် အစိုးတရမရှိသည်ဖြစ်၍ အနတ္တ။

ဤသို့ အခြင်းအရာကို မှတ်ကြောင်း လက္ခဏာ သတိ ပညာဖြင့် မှတ်ရှုဘတ်၏။ ။ဧတေန၊ ဤသို့ သိမြင်ခြင်း ကြောင့်။ဝိပဿနာ၊ဝိပဿနာမည်၏။

ခန္ဓာဒိ သင်္ခတမွေ့ အနိစ္စာဒိ ဝိဝိဓာကာရေန ပဿ တီတိ ဝိပဿနာ။ ။အနက်။ ။ခန္ဓာဒိသင်္ခတမွေ့၊ ခန္ဓာ စသော သင်္ခတ တရား တို့ကို။ ဝိဝိဓာကာရေန၊ အနိစ္စစသော အထူးထူးအပြားပြားအားဖြင့်၊ပဿတိ၊ရှု မြင်တတ်၏။ ပါဠိနည်းတော်ဖြစ်မြင်အောင် ရှုမြင်တတ်၏။ဣတိ တသ္မာ၊ထိုကြောင့်။ ဝိပဿနာ၊ဝိပဿနာမည်၏။ ။ရုပ်, နာမ်မွေ့ သင်္ခတတရား အပေါင်းအစု မမြဲဟု မှတ်ရာ၏။

၁ ခန္ဓာမှာသာ၊တရားရှာ၊လက္ခဏာမြင်ခွင့် နှေးမပင့်၊

၂ ဖြစ်ပျက်မှန်စွာ၊သိသောခါ၊နှစ်ဖြာရုပ်,နာမ်ပွင့်၊

၃ ခန္ဓာမွေ့၊အနိစ္စ၊ဒုက္ခသစ္စာနှင့်။

၄ အနိစ္စဒုက္ခ၊ စိုးမရ၊ အနတ္တသညာခြင့်။

၅ သစ္စာလေးချက်၊ တပြိုင်နက်၊ မဂ္ဂတရားသင့်။

မေဃိယရဟန်းအား ဟောကြားတော်မူသော တရားမှာ....“အနိစ္စ သညိနော မေဃိယ အနတ္တသညာသဏ္ဌာတိ”။ ။အနက်။ ။မေဃိယ၊ မေဃိယရဟန်း။ အနိစ္စသညိနော၊ အနိစ္စသညာ၊ ထင်မြင်လာသည်ရှိသော်။ အနတ္တသညာ၊ အနတ္တသညာသည်။ သဏ္ဌာတိ၊ မိမိအလိုလိုသာ ထင်မြင်လာတော့၏။

ဂိုကာသစ်။

ဝိသေသသဘော ပနှ ဣမသ္မိံ ဉာဏေ အနိစ္စထက္ခဏာ
ဒဿန မေဝ ပဓာနံ ဒိဋ္ဌေယေဝ၊ ဣတရာနိ ကမေန
ဒိဋ္ဌာနိ ဟောန္တိ။ ။

အနက်။ ။ဝိသေသသဘော ပန၊ အထူးအားဖြင့်ကား။ ဣမသ္မိံ ဉာဏေ၊ ဤဝိပဿနာ ဉာဏ်အရာ၌။ အနိစ္စလက္ခဏာ ဒဿန မေဝ၊ အနိစ္စလက္ခဏာ အနိမိတ္တ အရာ ထင်မြင်ခြင်းသည်သာလျှင်။ ပဓာနံ၊ လိုရင်းဖြစ်သော ပဓာနသဘောသည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ၊ ထိုအနိစ္စလက္ခဏာကို။ ဒိဋ္ဌေယေဝ၊ နိမိတ်ကင်းသော အနိမိတ္တထင်မှသာလျှင်။ ဣတရာနိ၊ ဤမှတပါးသော လက္ခဏာတို့ကို။ ကမေန၊ အစဉ်အားဖြင့်။ ဒိဋ္ဌာနိ၊ မြင်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အနိမိတ္တ ဆိုသည်မှာ-ဘယ်ဟာ အနိစ္စ၊ ဘယ်နတ်, ဘယ်လူ၊ ဘယ်သူ, ဘယ်ဝါ-အနိစ္စ, ဟုရှုလျှင်မဟုတ်သော

နည်း-မမှန်သောနည်းဟု မှတ်၊ ။အနိစ္စ၏အချက် ကွက်ကွက်ကွင်းကွင်း သိမြင်ရန် ခဲယဉ်းလှ၏။

အမှန်အားဖြင့် ထင်မြင်ရန်မှာ အနိစ္စသည်မြဲသဘော သက်သက် နိမိတ်ဒြပ် မရှိမရ။

ဒုက္ခသည် အပဏိဟိတ တောင့်တခြင်း မရှိသော အနက်သဘောကိုသိ၍ မမြဲ ဆင်းရဲ၏။

အနတ္တသည် တစိုးတရမရှိ ပကတိ တရား သဘောမျှသာဟု အနတ္တကိုသိမြင်ရာ၏။

အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန အနတ္တာ
အသာရကဋ္ဌေန၊ ။

လက်သန်းအဋ္ဌကထာ။

အဓိပ္ပါယ်သဘာဝကို ပြပေအံ့။ ။ခန္ဓာဓမ္မ သင်္ခါရ တရားတို့သည် အတည့်မမြဲ မစဲမပြတ် မရပ်မနား ရဟတ်အလားကဲ့သို့ ဖြစ်ပွါး ကုန် ပျက်သော အနိစ္စ။ ထိုအနိစ္စ သဘာဝကို ဟုတ်မှန်စွာ သိမြင်သဖြင့် သန္တတိ ဃန ကွဲ၍ မမြဲသော အနိစ္စသညာ ထင်မြင်လာသည်ကို အနိမိတ္တဝိမောက္ခ။ ဝဏ္ဏဒြပ် မကပ်မငြိ ပကတိမြဲ သဘောဖြစ်သော ခန္ဓာငါးပါး ရုပ်,နာမ်တရားတို့သည် ဒိဋ္ဌစရာ,နာစရာ,သေစရာ ပေါက်ပြန် ပျက်ပြီး အနည်းနည်း အထွေထွေ ကလေကဝ ပြောက်သောက် သင်္ခါရ ဗျာဓိယာပထ လှုပ်လှုပ် ရွရွ ဖြစ်နေရသော ပိဋ္ဌနတ္တ။ ဒုက္ခအနက်ကို သိမြင်သဖြင့်အပဏိဟိတဝိမောက္ခ။ရူပ,သဒ္ဒ-ဂန္ဓ,ရသ,ဖေါဋ္ဌဗ္ဗ

ဆုဋ္ဌ ကဿ မနာပ အဖြစ်တို့ကို မရောက်နိုင်၍ ပုပ်နံကပ်ငြိ လျက်ရှိသော သဏ္ဌာပဒုက္ခ၊ ဇရာ, မရဏ, သောက ပဋိဿ ပေါက်ပြန်ပျက်စီး၍နေရသောဝိပရိဏာမဒုက္ခကိုမြင်သိခြင်း ဤသို့ ဒုက္ခသစ္စာ အနက်ကို မြင်သိသဖြင့် တောင့်တခြင်း ကင်းသော အပဏိဟိတဝိမောက္ခ၊ ။ရုပ်,နာမ်ခန္ဓာသင်္ခါရ သဘာဝအတိုင်း ခဏမဆိုင်း ဖြစ်-ပျက်နေသော အနိစ္စ, ဒုက္ခသဘောအားဖြင့် ဝဋ္ဋဖြဒ် မကပ် မငြိသောကြောင့် ရဝ-သုဘ- သုခ, ဟူသော သာရလေလုံး ကင်းသုံးသည် ဖြစ်၍ သုညတဝိမောက္ခကို သိမြင်ရာ၏။

အနိမိတ္တဉ္စ ဘာဝေဟိ၊ မာနာနုသယ မုဇ္ဇဟ။
တတော မာနာဘိသမယာ၊ ဥပသန္တော စရိဿသိ။

## ရာဟုလောဝါဒသုတ်။

ရာဟုလ၊ ချစ်သား ရာဟုလာ။ အနိမိတ္တဉ္စ၊ လုံးလုံး လျောင်းလျောင်း ပေါင်း၍တည်ဟန် သဏ္ဌာန် အကောင် အထည်ကဲ့သို့လာသောဘာတဏှာနှင့်ယှဉ်အပ်သောသိကြောင်း ခြင်းရာ သညာ ၏အမှတ်အသားဖြစ်သောအလုံးရုံ အရိပ် နိမိတ် ပျေ က်ကွယ်သော ဝိပဿနာတရားကို။ ဘာဝေ ဟိ၊ပွါးများလော့။မာနာနုသယံ၊ငါငါ-ဟု ထင်မြင်မှု ကိန်း ဝပ် ကပ်တွယ်၍ နေသည်ကို။ဥဇ္ဇဟ၊ခွါ စ်စွန့်လွှတ်လော့။ တတော မာနာဘိသမယာ၊ထိုငါငါဟူသော အထင်အမြင် ကို ပယ်စွန့်မှုသာလျှင်။ ဥပသန္တော၊ မီးဆဲ့တဆူ အပူခပ်

သိမ်း ငြိမ်းသည်ဖြစ်၍၊ စရိယသတိ၊ ဇေမြဲမြဲ ဖွည့်လည်ရ လတ္တံ့။

လိုရင်းကား။ ။ချစ်သားရဟုလာ၊ ငရဲ-တိရစ္ဆာန်-ပြိတ္တာ-အသူရကာယ်၊ လူ-နတ်-ဗြဟ္မာ၊ သတ္တဝါရှိသည်ဟု ထင်မှားမှု-မြင်မှားမှု ဟူသော အရိပ်နိမိတ် ပျောက်ကွယ်သော ဝိပဿနာတရားကို ပွါးများလော့။ ငါငါ-ဟု ထင်မြင်မှု သက္ကာယဒိဋ္ဌိကို ပယ်စွန့်မှသာလျှင် ဇေမြဲမြဲ ချမ်းသာသော အဖြစ်ဟု ဟောတော်မူသည်။

အနတ္တလက္ခဏံ ဝိနာ၊ ဗုဒ္ဓုပ္ပါဒ နှ ပညာယ
တိ။ ဗုဒ္ဓေ ဥပ္ပါဒေယေဝ ပညာယတိ။ ။

သမ္မောဟဝိနောဒနီ အဋ္ဌကထာ။

အနက်။ ။အနတ္တလက္ခဏံ၊ အနတ္တကို မှတ်ကြောင်းဖြစ်သော တရားတော်မြတ်သည်၊ ဗုဒ္ဓုပ္ပါဒ၊ သစ္စာလေးပါးမြတ်တရားကို သိမြင်ခြင်းသို့ ရောက်၍ ပွင့်တော် မူသော ဘုရားသခင်တို့ ပွင့်တော်မူမှသာလျှင်။ ဝါ၊ ပွင့်တော်မူ၍ ဟောတော်မူသော အခါကို။ ဝိနာ၊ ကြဉ်၍။ နှ ပညာယတိ၊ မထင်နိုင်။ ဗုဒ္ဓေ၊ မြတ်စွာ ဘုရားသည်၊ ဥပ္ပါဒေ ယေဝ၊ ပွင့်တော်မူမှသာလျှင်။ ပညာယတိ၊ သိနိုင် ထင်နိုင် မြင်နိုင် ကြကုန်၏။

## ၄-သောတာပန်ဖြစ်နိုင်ရန်အကြောင်း။

သောတာပတ္တိမဂ်သည် ယုံမှားခြင်း ရှစ်ပါး ကင်းလျှင် ဒဿန ပဟာတဗ္ဗကိစ္စဖြင့် ပြီးစီးနိုင်ပါ၏။ ထိုကြောင့် လူဖြစ်စေ ရဟန်းဖြစ်စေ သစ္စာလေးပါးကို မြင်သိတတ်သော ဗဟုဿုတသော လိုရင်း ဖြစ်၏။ လူ့ဥပါသကာ ဥပါသိကာတို့မှာ ကာမရာဂ ဥဒ္ဓစ္စကို မပယ်နိုင်သဖြင့် သွား မယား ထင်သား နေစေကာမူ သစ္စာကို မြင်သိနိုင်သော ဗဟုဿုတရှိသူ ကလျာဏမိတ္တ ဆရာသမားထံ နည်းခံမှတ်သား နှလုံးထားလျှင် ဒဿနပဟာန ကိစ္စနှင့် သောတာပန် ဖြစ်နိုင်ပါသည်။

### သောတာပန် ဖြစ်နိုင်သော အင်္ဂါများ။

စတ္တာရိမာနိ ဘိက္ခဝေ သောတာပတ္တိယင်္ဂါနိ၊
ကတမေ စတ္တာရော-သပ္ပုရိသသံသေဝေါ, သဒ္ဓမ္မ
ဿဝနံ, ယောနိသောမနသိကာရော, ဓမ္မာနုဓမ္မပဋိ
ပတ္တိတိ။

ဘိက္ခဝေ၊ရဟန်းအပေါင်းဥပါသကာ-ဥပါသိကာအပေါင်းတို့။ စတ္တာရိ၊လေးပါးကုန်သော။ ဣမာနိ၊ဤတရားတို့သည်။ သောတာပတ္တိယင်္ဂါနိ၊ သောတာပန်ဖြစ်ကြောင်း အင်္ဂါတို့ပေတည်း။ စတ္တာရော၊ လေးပါးကုန်သော တရားဟူသည်ကား။ ကတမေ၊အဘယ်တရားတို့ပေနည်း။သပ္ပုရိသသံသေဝေါ၊သူတော်ကောင်းနှင့် ပေါင်းဖေါ်မှီဝဲ ဆည်းကပ်ခြင်း

တပါး။ သဒ္ဒမ္မဿဝနံ၊ ဟောပြောသော သစ္စာ တရားကို နာခံမှတ်သားခြင်းတပါး။ ယောနိသော မနသိကာရော၊ ခန္ဓာ အာယတန ဓာတ် သစ္စာကို မြင်သိအောင် အသင့် နှလုံးသွင်းခြင်းတပါး။ ဓမ္မာနုဓမ္မပဋိပတ္တိ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရခြင်းအကြောင်း ဖြစ်သော သတ္တာသယဗိုဓိ ပယ်ရှားသော အကျင့်တပါး။ စတ္တာရိမာနိ၊ ဤလေးပါးသော တရားတို့သည်၊ သောတာပတ္တိ ယင်္ဂါနို၊ သောတာပန် ဖြစ်ကြောင်း အင်္ဂါတို့ပေတည်း။

သောတာပန်ဖြစ်လိုလျှင် သစ္စာလေးပါး တရားကို မြင်သိအောင် အားထုတ်မှုပင်တည်း။ သစ္စာလေးပါး မြင်သိရန် ဆိုသည်မှာ သမ္မာဒိဋ္ဌိ-ကောင်းစွာမြင်သိခြင်းပင်တည်း။

သတိပဋ္ဌာန်၊

ကတမာ စ ဘိက္ခဝေ သမ္မာဒိဋ္ဌိ။ ။ကတမာ စ၊ အဘယ်တရားသည်။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ မည်ပါ သနည်း။ ။ဒုက္ခေ ဉာဏံ၊ ဒုက္ခသမုဒယေ ဉာဏံ၊ ဒုက္ခနိရောဓေ ဉာဏံ၊ ဒုက္ခနိရောဓဂါမိနီပဋိပဒါ ဉာဏံ။ ။ဟူ၍ ဟောတော်မူခြင်းသည် သမ္မာဒိဋ္ဌိ ပါးပေတည်း။

ဒုက္ခေ ဉာဏံ၊ ခန္ဓာငါးပါး ရုပ်နာမ်ဆောင်ဖြစ်သည် ပဋိသန္ဓေစိတ်-တချက် မှစ၍ အိုခြင်း နာခြင်း သေခြင်း ဘောက် ဖြန့်ပျက်စီး အနည်းနည်း အထွေထွေ ဖြစ်ပေါ်လာသော မြင်မှု,ကြားမှု နံမှု,စားမှု ဝါးမှု,ထိမှု သိမှုသည် အစဉ်

မမြဲ မငြိမ်မပြတ် အထပ်ထပ် ဖြစ်ပျက်၍ နေခြင်းကြောင့် ဒုက္ခသစ္စာ မည်၏။ ထိုဒုက္ခ အမှန်ကို သိသော အတ္ထပဋိသမ္ဘိဒါဉာဏ်။

ဒုက္ခသမုဒယေ ဉာဏံ။ ။ဒုက္ခဖြစ်စရာ တဏှာ သမုဒယ အမှန်သိသောကြောင့် ဒုက္ခဖြစ်မှု သမုဒယသစ္စာ အမှန်သိသော ဓမ္မပဋိသမ္ဘိဒါဉာဏ်။

ဒုက္ခနိရောဓေ ဉာဏံ။ ။ဒုက္ခသမုဒယ အမှန်ချုပ်သော နိရောဓသစ္စာ အမှန်သိခြင်းသည် အတ္ထပဋိသမ္ဘိဒါဉာဏ်။

ဒုက္ခနိရောဓဂါမိနိပဋိပဒါ ဉာဏံ။ ။ဒုက္ခ ချုပ်ခြင်း၏ အကြောင်း သမ္မာဒိဋ္ဌိ စသော မဂ္ဂင်ရှစ်ပါးကို ပွါးများအပ်သော တရားဟု အမှန်သိသော ဓမ္မပဋိသမ္ဘိဒါဉာဏ်။

အယံ၊ ဤသစ္စာလေးပါးကို အကြောင်း အကျိုး တို့ကို သိသောဉာဏ်ကို၊ သမ္မာဒိဋ္ဌိတိ၊ သမ္မာဒိဋ္ဌိ ဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။

သစ္စာလေးပါးကို မသိမမြင်လျှင် သံသရာချဲ့တွင်၌ ဘဝသံသရာ ရှေ့ရမည် ဖြစ်သောကြောင့် သစ္စာကို မြင်သိရန် တိုက်တွန်းနှိုးဆော်တော်မူသော ဘုရားသခင်သည် ဤသို့ ဟောတော်မူ၏။

စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ ယထာဘူတံ
အဒဿနာယ ဒီဃရတ္တံ သံသရိတံ တာသု တာ
သွေဝ ဇာတိသု။ ။မဟာပရိနိဗ္ဗာနသုတ်။

ဘိက္ခဝေ၊ ရှင့်,လူ့,အပေါင်း သူတော်ကောင်းတို့။ စတုန္နံ၊ လေးပါးကုန်သော။ အရိယသစ္စာနံ၊ဒုက္ခ,သမုဒယ,နိရောဓ, မဂ္ဂ,ဟူသည့် စင်ဖြူဖြောင့်မတ် လွန်ထူးမြတ်သော လေးရပ် သစ္စာ နက်နဲစွာတို့ကို။ ယထာဘူတံ၊ဟုတ်မှန်သည့်အတိုင်း။ အဒဿနာယ-အဒဿနတော၊ အမှန် မသိမမြင်ခြင်း ဟူသော အကြောင်းကြောင့်။ ဝါ၊ အဝိဇ္ဇာ မောဟ ဖုံးလွှမ်းကွယ်ကာကြသောကြောင့်။ ဒီဃရတ္တံ၊ ရှည်မြင့်စွာ သံသရာကာလပတ်လုံး။ တာသု တာသွေဝ ဇာတိသု၊ ထိုထိုဘဝဇာတိ ဖြစ်ရခြင်း၌။ သံသရိတံ၊ ဆင်းရဲငြိုငြင်စွာ သံသရာထောင်တွင်းက ရှောင်ကွင်း ထွက်မြောက်ရန်မမြင် ကျင်လည်၍ နေကြရကုန်၏။

အထူး သတိ ပြုရန်၊ ။ယခုအခါ သာသနာတော်နှင့် ကြုံကြိုက်၍ လူကောင်းအဖြစ် ရကြ၍ ဆရာသမား ကလျာဏအရှင်တို့ဟောပြောသော တရားစကား သစ္စာလေးပါးကို အကျိုးအကြောင်းနှင့် ကောင်းစွာသိမြင်လျှင် မုချတံငါပင် ဖြစ်စေကာ သောတာပန် တည်နိုင် ပါသည်။ အဘယ်ကြောင့်နည်း ဟူမူ။ ဒုက္ခသစ္စာ ဟူသော ဆင်းရဲပုံမှာ ဇာတိဖြစ်ပေါ်လျှင် များစွာသော ဒုက္ခအပေါင်း ခြံရံလျက်ရှိသည်ကို သိမြင်သည့်အတိုင်း ဒုက္ခမရှိလျှင် သန္တိသုခ နိဗ္ဗာန်ကို ဟုတ်မှန်စွာသိမြင်သောကြောင့်တည်း။

ကရုဏာတော်ရှင် မြတ်စွာဘုရားသခင်သည် သတ္တဝါတို့၏ အကျိုးကို မြော်မြင်တော် မူ၍ ဟောတော် မူသော ဒေသနာတော်သည်ကား။

ယေကေစိ ဘိက္ခဝေ အနုကမ္ပေယျ စတုန္နံ အရိယ
သစ္စာနံ ယထာဘူတံ ဒဿနာယ ဓမ္မံ ဒေသေတဗ္ဗံ။

အနက်။ ။ဘိက္ခဝေ၊ ရဟန်းအပေါင်း သူတော်ကောင်း တို့၊ ယေကေစိ၊ အမှတ်မရှိ ရှင်ရှင်လူလူ ခပ်သိမ်းသောသူ တို့ကို၊ အနုကမ္ပေယျ၊ အစဉ်သနားလှသည် ဖြစ်၍၊ စတုန္နံ၊ လေးပါး ကုန်သော၊ အရိယသစ္စာနံ၊ အရိယသစ္စာ တို့ကို၊ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း၊ ဒဿနာယ၊ သစ္စာ လေးပါး တရားကို သိစေခြင်းငှါ၊ ဓမ္မံ၊ သစ္စာလေးပါး တရား ကို၊ ဒေသေတဗ္ဗံ၊ ဟောအပ်၏။ ။ဟူ၍ ရဟန်းတို့အား ဟောတော်မူသည်။

ဤသာသနာတော်၌ အရိယာမဂ် အရိယာဖိုလ် သည် သာ တည်ရာ မှီရာ သက်သာရာ ရှိ၏။ အရိယာမဂ်သို့ မရောက်သေးသော်လည်း အရိယာအကျင့်နှင့် တည်သည် ဖြစ်၍ စူဠသောတာပန်မည်၏။

ဓမ္မသင်္ဂဏီမာတိကာ၊ ဒဿနတိက်။

ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ၊ ဘာဝနာယ ပဟာ
တဗ္ဗာ ဓမ္မာ၊ နေဝ ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ။ ။
ဟူ၍ ဟောတော်မူ၏။

ထိုသုံးပါး တို့တွင် သောတာပတ္တိ မဂ်သည် ဒဿန ပဟာတဗ္ဗကိစ္စရှိ၏။ ဒဿန-ဟူသည် သစ္စာလေးပါးကို မြင် သိမှုပင်တည်း။ ။ထိုကြောင့် သောတာပတ္တိမဂ်ကို ရထို ရောက်ထိုသော ပုဂ္ဂိုလ်တို့မှာ သစ္စာလေးပါးကို ဟောပြ

ထက်သော ကလျာဏပညာရှိထံ ဆည်းကပ်၍ သင်ကြား လေ့ကျက်လျှင် အနုဗောဓ သိဖြစ်အောင် အားထုတ် ရမည်။ အနုဗောဓသိ ဆိုသည်မှာ တဆင့်ကြားမှု သိမှု၊ ပဋိ ဝေဓ ဟူသော သစ္စာလေးပါးကို ကိုယ်တွေ့ စိတ်တွေ့ မြင် သိအောင် အားထုတ်ရမည်။ ။ထိုသို့ အားထုတ် သဖြင့် မဂ်ကိစ္စ လေးပါး ပြီးစီးလျှင် ဒသနပဟာတဗ္ဗကိစ္စ ပြီးစီး ပါ၏။ထိုသို့ သိမြင်ရာ၌ ဝိစိကိစ္ဆာထည်း ကင်း၏။သောတာ ပတ္တိမဂ် အတွက် မှုကား ကာမရာဂ ဗျာပါဒ ဥဒ္ဓစ္စကို မပယ်နိုင်သေး၊သား,မယား လင်သားနှင့် နေသော လူဥပါ သကာ ဥပါသကာတို့ပင် အခါအခွင့် သင့်သည်အခါ သစ္စာ ကို ဟောပြောတတ်သော ပညာရှိထံ ဆည်းကပ်၍ ကြား နာရင်သာအခါ လေ့လာမှတ်သားသော စိတ်၌ ထင်လာ မြင်လာသဖြင့် သစ္စာလေးပါး တရား၌ ယုံမှားခြင်း ကင်း လျှင် မဂ်ကိစ္စ ပြီးစီးပါ၏။

သစ္စာလေးပါးကို ဒဿနကိစ္စ မြင်သိအောင် အားထုတ် ရန်လိုလှ၏။ ပဌမသောတာပတ္တိမဂ်ကို မြင်သိမှ အထက် မဂ်များ ဘာဝနာ ကိစ္စနှင့် တတ်နိုင်သည်၊ ယုံမှားခြင်း ရှစ်ပါးကို သုဒ္ဓိစင်ကြယ်စေရမည်၊

### ယုံမှားခြင်း ရှစ်ပါး

၁-ဘုရား၌ ယုံမှားခြင်း။
၂-တရားတော်၌ ယုံမှားခြင်း။
၃-သံဃာတော်၌ ယုံမှားခြင်း။

၄-အကျင့်သိက္ခာ၌ ယုံမှားခြင်း။

၅-အတိတ်ကာလကို ယုံမှားခြင်း။

၆-အနာဂတ်ကာလကို ယုံမှားခြင်း။

၇-အတိတ် အနာဂတ် နှစ်ပါးလုံး၌ ယုံမှားခြင်း။

၈-ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားခြင်း။

ယုံမှားခြင်း ရှစ်ပါးကို ပယ်ရှား လွန်မြောက် နိုင်ခြင်းသည် ဝိစိကိစ္ဆာပါ ပယ်နိုင်၏ ဟူလို။

ဤသို့ ပယ်သောအခါ ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိတို့သည်လည်း ပယ်သဖြင့် ငြိမ်းကုန်၏။

အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဖြစ်သော အခွန့်သုံးပါးတို့၌ ပယ်ပျောက်၍ ကြည်သော ဉာဏ်သည် ကင်္ခါဝိတရဏဝိသုဒ္ဓိ မည်၏။ ဤသို့ ဉာဏ်သည် ဓမ္မဋ္ဌိတိ ဟူ၍ရင်း ယထာဘူတ သမ္မာဒဿနဟု မှတ်အပ်ကြောင်း။ ပစ္စယပရိဂ္ဂဟဉာဏ်ကိုပင်လျှင် အကြောင်း တရားကို ပိုင်းခြား သိသော ဓမ္မဋ္ဌိတိဉာဏ် ဟူ၍ရင်း။ ယထာဘူတဉာဏ်နှင့်၊ မဖောက် မပြန် ဟုတ်မှန်စွာ သိသော ဉာဏ်ဟူ၍ရင်း ကောင်းစွာမြင်သိသော ဉာဏ်ဟူ၍ရင်း ဉာဏ်၏ပရိယာယ် တည်း။

ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿ
ကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော
စူဠသောတာပန္နော နာမ ဟောတိ။ ။ဝိသုဒ္ဓိမဂ်။

အနက်။ ။ဇာမိနာ ပန ဉာဏေန၊ ဤယထာဘူတဉာဏ်နှင့်၊ သမ္ဗန္ဓာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ အကြောင်းပစ္စယ အကျိုးမျှသာ ဟု ရှုသော ပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား ဆုံးမတော်မူသော သာသနာ၌။ လဒ္ဓဿာသော၊ ရအပ်သော သက်သာရာ ရှိသည် ဖြစ်၍။ လဒ္ဓပတိဋ္ဌော၊ ရအပ်သော တည်ထောက်ရာ ရှိသည် ဖြစ်၍။ နိယတဂတိကော၊ မြဲသော သုဂတိ ရှိသည် ဖြစ်၍။ စူဠသောတာပန္နော နာမ၊ စူဠသောတာပန်မည်သည်။ ဟောတိ၊ ဖြစ်၏။

အရိယမဂ်သို့ မရောက်သေး သော်လည်း အရိယမဂ်အကျင့်၌ တည်သည် အဖြစ်ကြောင့် ရအပ်သော မှီရာတည်ရာ သက်သာရာ ရှိသော သူဟူ၍ ဆိုအပ်၏၊ မဂ်စိတ္တုပ္ပါဒ်နှင့် မဂ်သို့ မရောက် မဖြစ်သေး သော်လည်း ဥပစာရအားဖြင့် ရပြီးဟူလို။ ။ယုံမှားသော ဝိစိကိစ္ဆာနှင့် နေသော ပုဂ္ဂိုလ်တို့သည် မည်သို့သော အကျင့်နှင့် ကျင့်စေကာ မဂ်ကိုစွ မပြီးမဆုံးနိုင်ပါ၊

သတ္တာဇီဝ ထင်မှတ်မှား ယုံမှားခြင်း ရှစ်ပါးကို မလွန်မြောက်နိုင်သေးသော သူတို့သည် အဝတ်မဆည်းအချည်းနှီး နေသည်နှင့်တူ၏။ ။နဂ္ဂစရိယ၊ အဝတ်မဝတ်မဆည်းဘဲနေမှုနှင့် ၎င်းအကျင့်ကိုကျင့်ခြင်း၎င်း။ ဝဋ်မှမထွက်မြောက်နိုင် အိမ်ယာ စွန့်ပစ် ဆံကျစ် ထုံးနှင့် တော၌ မွေ့လျော်သူတော်ရသေ့ အကျင့်ဖြင့်လည်း မစင်ကြယ်နိုင်၊ ကမ္မပထကိစ္စ ပယ်ရှား၍ တောတောင်ချောက်ကြား၌ သွားကိုယ်မျှပင်

မသုတ်သင်ဘဲ သွားချေးတင်အောင် ဝါ-ညွန်တင်အောင် ကျင့်သောအကျင့်ဖြင့်ရင်း။ ထမင်းမစား အငတ်ဖြတ်ထား သောအကျင့်ဖြင့်ရင်း၊ ဆူးပုံထက်၌ အိပ်စက်၍ ကျင့်သော အကျင့်ဖြင့်ရင်း၊ မြူဖြင့်အလိမ်းလိမ်းတင်အောင်ညစ်ညမ်း သောအကျင့်ဖြင့်ရင်း၊ တုံးလုံးလျောင်းလျက် မအိပ်စက်ဘဲ ရပ်လျက်မတည့်သွားသည့်မရှိပ ဘတိဆောင့်ကြောင့်ထိုင် နေသော အကျင့်ဖြင့်ရင်း၊ ကိလေသာ တဏှာကို မပယ် မသတ်နိုင်ရာ။ သည့်သို့ဆိုသော ကြောင့်၊ဒိဋ္ဌိစိတ်ကြာကို ပယ် သတ်၍ သမ္မာဒိဋ္ဌိ ဉာဏ်အမြင် ယုံမှားခြင်းကို ပယ်ဖျက်၍ မဂ္ဂင်ရှစ်ပါးတရားကို အားထုတ် ကျင့်ကြံသော သူသည့် သျှင် သေခြင်းကင်းရာ နိဗ္ဗာန်ကိုရောက်ခုရောက်ကြောင်း အတ္တိုပေတည်းဟု ဟောတော်မူသည်။

သတိပဋ္ဌာနပါဠိတော်။ သမ္မာဒိဋ္ဌိဟူသည်မှာ....

ကတမာစ သမ္မာဒိဋ္ဌိ၊ ဒုက္ခေဉာဏံ ဒုက္ခသမုဒယေ ဉာဏံ ဒုက္ခနိရောဓေဉာဏံ ဒုက္ခနိရောဓ ဂါမိနိပဋိ ပဒါယဉာဏံ-ဟူ၍ ဟောတော်မူ၏။ ။ဒုက္ခပရိ ဇာနနအားဖြင့် ပိုင်းခြားရမည်၊ ဇဝံ နာနာနယောဟိ နာမရူပံ ဝဝတ္ထာပေနတော ဒတ္ထ သည့် အဘိဘဝိတွာ အသမ္မောဟဘူမိယံ ဌိတံ နာမရူပါနံ ယာထာဝဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိနာမ။

အနက်။ ။နာမရူပ်၊ နာမ်ရုပ်တရား နှစ်ပါးကို၊ ဇဝံ၊ ၌သို့ဆိုလတ္တံ့သော၊နာနာနယောဟိ၊အထူးထူးသော နည်း

တို့ဖြင့်။ ဝဝတ္ထာပနတော- ဝဝတ္ထာပနေန၊ ခန္ဓာငါးပါးကို ပိုင်းခြား မှတ်သားသော သတိ ပညာဖြင့်။ သတ္တ သညာ၊ ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး ယောကျ်ား, မိန်းမ ထင်နေသော သက္ကာယဒိဋ္ဌိကို၊ ဝါ၊ သတ္တသညာကို။ အဘိဘဝိတွာ၊ လွှမ်းမိုး၍ ရုပ်, နာမ်မျှ သင်္ခါရဒုက္ခသာ ရှိ၏ဟု သမ္မာဒိဋ္ဌိ မဂ်ပညာဖြင့် လွှမ်းမိုး၍။ အသမ္မောဟဘူမိယံ၊ တွေဝေခြင်း ကင်းသော ပညာအဖြစ်ဖြင့် ပြည့်စုံ၍၊ ဌိတံ၊ တည်သော။ နာမရူပါနံ၊ ညွှတ်၍သိတတ်သော နာမ်နှင့် သိတတ်ခြင်းမရှိ အနာရမ္မဏ အာရုံကို မယူတတ်သော အဗျာကတ သူ့ သဘာဝအတိုင်း ကိုင်းရှိုင်းဖေါက်ပြန်သော ရုပ်ကို။ ယာထာဝ ဒဿနံ၊ ဟုတ်မှန်စွာ ပိုင်းပိုင်း ခြားခြား မြင်သော ဉာဏ်သည်။ ဒိဋ္ဌိဝိသုဒ္ဓိနာမ၊ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်မည်၏။ ဝါ၊ ရုပ်, နာမ်မျှကို ဟုတ်မှန်သမျှ စင်ကြယ်စွာ မြင်သောဉာဏ် မည်၏။

ဝဝတ္ထာပနတော-ဝဝတ္ထာပနေန, ဟူသည်မှာ ခန္ဓာကို ပိုင်းခြားသောအားဖြင့် မှတ်သောသတိပညာသည် ခန္ဓာ၌ ကျရောက်သော အာရုံမျှတို့ကို မှတ်သောဉာဏ်နှင့် မြင်မှု ကြားမှု,နံမှု,စားမှု,ငါးမှု,ထိမှု,သိမှု-ဟူသော အာရုံအာရမ္မဏ်ကတို့ကို သတိပညာဖြင့် မှတ်ရှုခြင်းကြောင့် မမြဲသော အနိစ္စ၊ မမြဲသဖြင့် ပျက်စီးသော ဆင်းရဲဒုက္ခ၊ မမြဲဆင်းရဲခြင်းသည် သူ့သဘာဝ ဖြစ်နေသဖြင့် အစိုးမရ။ အသာမိကတ္တ၊ အစိုးရသောအရှင်မရှိ။ အသာမိကတ္တဖြစ်သည်။ အဝသဝတ္တနတ္တဖြစ်၍ အလိုသို့မလိုက်ခြင်း၊ ပရ-သူစိမ်း ပြင်ပ

ရိတ္တ- တရုတ္တ အချည်းနှီးဟု အနတ္တသညာ ထင်မြင်လာတော့၏။

ထိုသို့ မြင်ရန်မှာကား။ ။“စိတ်ပျက်မသိ၊ ရုပ်ပျက်ကြည့်၊အသိမသိရိုသာ”ဟူသော ဥပနိဿယ သံပေါက်အာရနရိန္ဒ္ဒာဘိဓဇ အရှင်သူမြတ် ဟောကြားတော်မူသည်။

---

## ၅–အထူးသဘောမြွက်၍ အားထုတ်ရန်။

မြင်မှု, ကြားမှု, နံမှု,ထိမှု, သိမှု-ဟူသော ဣရိယာပထခန္ဓာ၌ ကျရောက်သော အရာများတွင် ထင်လွယ်, မြင်လွယ်ရန် အသံခတ်အာရုံသည် မှတ်လွယ်သော အာရုံဖြစ်၍ အသံကိုမှတ်ကြည့်ပါ။ ကြားသော အသံသည်ကား ပညတ် မနှောစေရ။ အသံခတ် သက်သက်ကိုသာ မှတ်၊ အသံသည်အာရုံ၊အသံဟုကြားသိခြင်းသည်အာရမ္မဏိက၊ ကြားသော အဖြစ်ကို သတိပညာဖြင့် မှတ်သော အာရမ္မဏိကပင်ဖြစ်သည်။အသံ ဟူသောအာရုံသည် ပျက်သည်။ သိသော အာရမ္မဏိကစိတ်သည်လည်း ပျက်၏။သတိပညာဖြင့်မှတ်သော သတိ၏ အပျက်ဘို့ကို မှတ်သောအရာသည် အပြောလွယ်၏။ ရှေးဦးအစအမှတ်ခက်၏။ ခက်သည်ဟု မလျှော့သော မိမိစိတ်ကို ချီးမြှင့်၍ ဘာဝနာ ပါရိ ပူရီဖြစ်အောင် ဝီရိယကို မလျှော့နှင့်။

ရူပါသ နိမ္ဗတ္တိယာ ဒိဋ္ဌာယ တဿ ဘင်္ဂေါပိ ဒိဋ္ဌော ယေဝ ဟောတိ။

ပါဠိမြန်မာ။

**အနက်။** ။ရူပဿ၊ ရုပ်၏။ နိဗ္ဗတ္တိယာ၊ ဖြစ်ခြင်းကို။ ဒိဋ္ဌာယ၊ မြင်ခြင်း, သိခြင်းကြောင့်။ တဿ၊ ထိုရုပ်၏။ ဘင်္ဂေါပိ၊ အပျက်ကိုလည်း။ ဒိဋ္ဌောယေဝ၊ မြင်တော့သည် သာလျှင်။ ဟောတိ၊ ဖြစ်၏။

စိတ်ရုပ် ဖြစ်တိုင်း ဆိုသည်မှာ ကိုယ်, လက်လှုပ်ရှားတိုင်း အဖြစ်ကို သိရမည်။ စိတ်ရုပ် ဖြစ်တိုင်း အပျက်ကို မြင်သောဉာဏ်သည် အမှန်ကိုသိမြင်သော အရာဖြစ်၍ဒုက္ခသစ္စာကို သိသောဉာဏ်မည်၏။ ထိုသို့သိသောဉာဏ်သည် ပညိန္ဒြေစေတသိက်နှင့်ယှဉ်သော ကာမာဝစရ ဉာဏသမ္ပယုတ်ကုသိုလ်ကို ဥဒယဗ္ဗယဉာဏ်ခေါ်သည်။ ထိုဉာဏ်ကို ရသောအခိုက် မဂ်စိတ်နှင့်ဘာဝနာတည်းကဲ့သို့ အကြောင်း, အကျိုး တစပ်တည်း နေသည်ဖြစ်၍ ဤဉာဏ်သို့ရောက်ရန် အားထုတ်သင့်လှတော့သည်သာ ဘည်း။

**သတိထား။** ။ဤသို့ မြင်သည်မှာ ငါ အားထုတ်၍ မြင်သည်ဟု မမှတ်နှင့်။

အဘံ ဝိပဿာမိ မမ ဝိပဿနာတိ ဂဏှတောပိ ဒိဋ္ဌိဥပ္ပါဒနံနာမ နဟောတိ။ သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ သမ္မသန္တိ ဝဝတ္ထပေန္တိ ပရိဂ္ဂဏှန္တိ

ပရိစ္ဆိန္ဒန္တီတိ ဂဏှတော ပန ဒိဋ္ဌုဂ္ဃာဋနံ နာမ ဟောတိ။

အဟံ၊ ငါသည်။ ဝိပဿနံ၊ ဝိပဿနာကို။ ဝိပဿာမိ၊ ပွါး၏။ မမ၊ ငါ၏။ ဝိပဿနာ၊ ဝိပဿနာတည်း။ ဣတိ၊ ဤသို့။ ဂဏှတော၊ ယူသောသူအား။ ဒိဋ္ဌုဂ္ဃာဋနံ နာမ၊ ဒိဋ္ဌိကို ခွါသောသူမည်သည်။ န ဟောတိ၊ မဖြစ်။ အထခေါ၊ စင်စစ်သော်ကား။ သင်္ခါရာဝ၊ စေတနာသင်္ခါရ တရားတို့သည်သာလျှင်။ သင်္ခါရေ၊ စိတ်-စေတသိက် သင်္ခါရတရားတို့ကို။ ဝိပဿန္တိ၊ ရှုကုန်၏။ သမ္မသန္တိ၊ သုံးသပ်ကုန်၏။ ဝဝတ္ထပေန္တိ၊ ပိုင်းခြားကုန်၏။ ပရိဂ္ဂဏှန္တိ၊ သိမ်းဆည်း ကုန်၏။ ပရိစ္ဆိန္ဒန္တိ၊ ဆုံးဖြတ်ကုန်၏။ ဣတိ၊ ဤသို့။ ဂဏှတော၊ ယူသောသူအား။ ဒိဋ္ဌုဂ္ဃာဋနံ နာမ၊ ဒိဋ္ဌိကိုခွါသော မည်သည်။ ဝါ၊ ပယ်ရှားကျင့်သည်မည်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ အဖြစ်-အပျက်ကို မြင်သောဉာဏ်သည် မိမိက မြင်သည် မဟုတ်၊ သင်္ခါရာဝ သင်္ခါရ စေတနာကြောင့် ဖြစ်သော ဝိပဿနာ ပညာက မြင်သည် ငါမြင်သည် ငါ သိသည်မဟုတ်၊ ခန္ဓာ ၅-ပါးသည် အပေါင်း အစု မျှသာ တစုံတရ မြင်မှုပါလျှင် စက္ခုဝိညာဏ်က မြင်သည်။ ငါ မြင်သည်မဟုတ်။ အသံသည် သောတဝိညာဏ်ကကြား သည်။ ငါ-မဟုတ်။ နံမှု၊ စားမှု၊ ထိမှု၊ သိမှု-ဟူသည် သူ့ သဘာဝအတိုင်း ဖြစ်နေသည်ကို ငါနှင့်မဆိုင်ဟု အမှတ် သတိရှိ၍ အမှန်သဘောကို ထိထိမိမိ သိစေရမည်။

ဤသို့ ထင်မြင်လျှင် အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ-ကွာ၍ ဒိဋ္ဌိ ဝိသုဒ္ဓိ ဖြစ်ခြင်းပင်တည်း၊ ဒိဋ္ဌိကွာလျှင် ဝိစိကိစ္ဆာကွာ၍ သောတာပတ္တိမဂ်စိတ် ဖြစ်၏။ သောတာပန် ဆိုသည်မှာ ဒဿနပဟာတဗ္ဗကိစ္စ ဖြစ်၍ အမှန်ကို သိသော ဉာဏ်ဆို သည်။ပဌမသောတာပန်သည်။ ဝါ-သောတာပတ္တိမဂ်စိတ် သည် ဒဿနပဟာတဗ္ဗရှိသည်ကို သစ္စာအားဖြင့် အမှန် မြင်သိရန် အလွန်အရေးကြီးသောကြောင့် ကလျာဏမိတ္တ ဖြစ်သော သူတော်ကောင်းတို့ကို ရှာမှီးဆည်းကပ်အပ်၏။

ယခုသာသနာတော်အခါ၌အတွင်းမှာသောတာပန်ဖြစ် ရန် ခဲယဉ်းလှသည် မဟုတ်ပါ။ ကလျာဏမိတ်ဆွေ ဆရာ သမားနှင့် ချဉ်းကပ်မှီခဲရန် သင့်လှပါ၏။ အမှန် ဖြစ်သော သစ္စာလေးပါး သမ္မာဒိဋ္ဌိတရား မြင်သိရာ၌ သုတအားဖြင့် သိခြင်း ဒိဋ္ဌိအားဖြင့် သိခြင်းဟူသော အကြောင်း နှစ်မျိုး ရှိသည်ကို ဝိသုဒ္ဓိမဂ်၌ ဤသို့ ပြဆိုတော်မူသည်မှာ....

ဒုဝိဓေဝှိ သစ္စဉာဏံ အနုဗောဓ ဉာဏဉ္စ ပဋိ ဝေဓဉာဏဉ္စ၊ တတ္ထ အနုဗောဓဉာဏံ လောကိယံ၊ အနုဿဝါဒိဝသေန နိရောဓေ မဂ္ဂေစ ပဝတ္တတိ။ ။ ပဋိဝေဓဉာဏံ လောကုတ္တရံ နိရောဓံ အာရမ္မဏံ ကတွာကိစ္စတောစတ္တာရိသစ္စာနိပဋိဝိဇ္ဈတိ၊ ယထာ ဟဘိက္ခဝေ ဒုက္ခံ ပဿတိ၊ဒုက္ခသမုဒယံ ပဿတိ၊ ဒုက္ခနိရောဓံ ပဿတိ။ ဒုက္ခနိရောဓဂါမိနိ ပဋိပဒမ္ပိ ပဿတိ၊တံ သဗ္ဗံ ဝတ္တဗ္ဗံ။

အနက်။ ။သစ္စဉာဏံ၊ အမှန်ဖြစ်သော သစ္စာလေးပါး တရားကိုသိသောဉာဏ်သည်။အနုဿဝါဒိဝသေန၊တဆင့် ကြား သုတစကားအစွမ်းဖြင့်သိသော။အနုဗောဓဉာဏဉ္စ၊ အနုဗောဓဉာဏ်သည်၎င်း။ ဝါ၊လောကီ မဟာ ကုသိုလ် ဉာဏသမ္ပယုတ် စိတ်ဖြင့် သိမြင်သော ဉာဏ်၊ သမ္ပယုတ် စိတ်ဖြင့် သိမြင်သောဉာဏ်၎င်း။ ပဋိဝေဓ ဉာဏဉ္စ၊ သစ္စာ လေးပါးကို မဂ်ကိစ္စလေးပါးပြီးစီးမှုနှင့်တကွ အပြားအား ဖြင့် ထိုးထွင်း၍ သိသော မဂ်စိတ်နှင့် ယှဉ်သော ပဋိဝေဓ ဉာဏ်သည်၎င်း။ ဣတိ၊ဤသို့။ ဒုဝိဓံ၊နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ထိုနှစ်ပါးတို့တွင်။အနုဗောဓဉာဏံ၊ တဆင့် သုတအားဖြင့် သိသောဉာဏ်သည်။ နိရောဓေ စ၊ နိရောဓနိဗ္ဗာန်၌၎င်း။မဂ္ဂေ စ၊မဂ်၌၎င်း။ အနုဿဝါဒိဝသေန၊ တဆင့် ကြားသော အားဖြင့်။ ပဝတ္တတိ၊ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ လောကိယံ၊လောကီမဟာကုသိုလ်ဉာဏသမ္ပ ယုတ်စိတ်ဖြင့်သိသောကြောင့် လောကီမျှသာတည်း။ ။ ပဋိဝေဓဉာဏံ၊ သစ္စာလေးပါးကို မဂ်ကိစ္စနှင့် ထိုးထွင်း၍ သိသောဉာဏ်သည်။ ဝါ၊မဂ်စိတ်နှင့်ယှဉ်သောဉာဏ်သည်။ ဝါ၊သမ္မာဒိဋ္ဌိမဂ်ဉာဏ်သည်၊နိဗ္ဗာန်၊ အသင်္ခတနိဗ္ဗာန်ကို။ ဝါ၊ ပြုပြင်ခြင်းကင်းသောနိဗ္ဗာန်ကို။ အာရမ္မဏံကတွာ၊အာရမ္မဏ်ကပြု၍စိတ်ဖြင့်အာရုံပြု၍။ကိစ္စတော၊ကိစ္စအားဖြင့်။စတ္တာ ရိသစ္စာနိ၊လေးပါးသော သစ္စာတရားတို့ကို။ ပဋိဝိဇ္ဈတိ၊ထိုး ထွင်း၍သိ၏၊ ယထာဟ၊အဘယ်ကဲ့သို့ ဘုရားဟောတော်မူ ပါသနည်း။ ။ဘိက္ခဝေ၊ရဟန်းအပေါင်းသူတော်ကောင်း

တို့။ ယော၊ အကြင်သူသည်။ ဒုက္ခံ၊သစ္စံ၊ ရဒုက္ခ တရားကို။ ပဇာနာတိ၊ပရိညာကိစ္စဖြင့်သိအပ်၏ဟုမြင်သိ၏။သော၊ထိုသူသည်၊ ဒုက္ခသမုဒယံ၊ ဒုက္ခဖြစ်ကြောင်း သမုဒယတရားကို၎င်း။ပဇာနာတိ၊ပဟာတဗ္ဗဖြင့်ပယ်အပ်သော ကိစ္စရှိ၏ဟု သိမြင်၏။ဒုက္ခနိရောဓံ၊ဒုက္ခချုပ်ငြိမ်းသောနိဗ္ဗာန်ကိုလည်း။ ပဇာနာတိ၊ မျက်မှောက်ပြုအပ်သော ကိစ္စရှိ၏ ဟု သိမြင်၏။ မဂ္ဂဉ္စ၊ သမ္မာဒိဋ္ဌိ စသော အဋ္ဌင်္ဂိကမဂ်ကိုလည်း။ ပဇာနာတိ၊ ပွါးများ အားထုတ် အပ်သော ကိစ္စရှိသည် ဟု သိမြင်၏။ ဣတိ၊ဤသို့။ သဗ္ဗံ ကိစ္စံ၊ အလုံးစုံသောကိစ္စတို့၏ ပြီးစီးခြင်း ကို။ဝတ္တဗ္ဗံ၊ဟောအပ်၏။

သတိပဋ္ဌာန် ဋီကာ။ ။သိမှု- ပယ်မှု- ဆိုက်မှု- ပွါးမှု၊ လေးပါးသည် တပြိုင်နက်တည်း ရရန်ကား။

ကထံ ပန အာဒိကမ္မိကော နိရောဓမဂ္ဂသစ္စာနိ ပရိဂ္ဂဏှာတီတိ အနုဿဝ သိဒ္ဓံ ပကာရံ ပရိဂ္ဂဏှာတိ။

အနက်။ ။ကထံ ပန၊အဘယ်သို့လျှင်။အာဒိကမ္မိကော၊ မဂ်ဖိုလ်ကို မရသေးသော အာဒိကမ္မိက ပုဂ္ဂိုလ်သည်။နိရောဓမဂ္ဂသစ္စာနိ၊နိရောဓမဂ္ဂသစ္စာတို့ကို။ပရိဂ္ဂဏှာတိ၊အာရုံပြု၍ သိမ်းဆည်းနိုင်ပါသနည်း။ဣတိ၊ဤသို့အမေးတည်း။ ။ အနုဿဝသိဒ္ဓံ၊ အဆင့်ကြားခြင်း အစဉ်သောအားဖြင့် ပြီးသော။ ပကာရံ၊ နိရောဓ မဂ္ဂ သစ္စာ၏ အချိပ်အရောင်

မှုကို။ ပရိဂ္ဂဏှာတိ၊ အာရုံပြု၍ သိမ်းဆည်းနိုင်လေ၏။ ဝါ၊ ဉာဏသမ္ပယုတ် မဟာကုသိုလ်ဖြင့် သိမ်းဆည်းနိုင်၏။

မှတ်ရန် အထူးသတိထား၍ စဉ်းစားပါ။ ။ကလျာဏမိတ္တထံ မှီဝဲဆည်းကပ်၍ ဆိုဆုံးမသော တရားစကားကို ရိုသေစွာ နာခံမှတ်သား၍ ဆင်ခြင်စဉ်းစားပြီးလျှင် စိတ်တွေ့ ကိုယ်တွေ့ သိမြင်အောင် အားထုတ်ကြပါကုန်။

အဟုတ်အမှန် ရုပ်,နာမ်,တရားသည် အထည်ဝတ္ထု အကြိတ်အခဲ အဆံအမာ အနှစ်သာရ ဘာမျှ မရှိ။ ပကတိ တရားသဘောသက်သက်။ဖြစ်ပျက်သော အနိစ္စ သဘောမျှသာဖြစ်သည်။ ထိုမမြဲသောကြောင့် အပျက်သဘော ပျက်နေသည်။ထိုအပျက်သဘောမှာဆင်းရဲအတိသာဖြစ်သည်။ ဤသို့ မမြဲ ဆင်းရဲသည်ဖြစ်၍ အချည်းနှီးမှန်လှ ဝဋ်ဒုက္ခဖြစ်သောကြောင့် ရုပ-သုဘ-သုခ အတ္တ-ဟူသော သာရလေးမျိုး အစိုးတရမရှိ အနတ္တအတိသာ ဟု အမှန်သိမြင်မှု ပရိညာကိစ္စ၊တဏှာအစေးကို ပယ်ခြင်းကိစ္စ၊မိမိ၌ လောဘဒေါသ မောဟကို ပယ်ခြင်းကိစ္စ၊ချုပ်ငြိမ်းခြင်းကိုမြင်သော သစ္ဆိကရဏ ကိစ္စ၊ အဆင့်ဆင့် ပွါးများခြင်း ကိစ္စ။ ။ဤသစ္စာလေးပါး ပရမတ္ထတရားကို သိမြင်အောင် ကိုယ်တွေ့ စိတ်တွေ့ ဖြစ်အောင် ပွါးများဆင်ခြင်ရာ၏။

### ခန္ဓာငါးပါး ရုပ်တရားကို ခွဲခြား၍ ရှုမှတ်ရန်။

ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ-ဟု ဆိုတတ် ရွတ်တတ်

သရဏဂုံဆောက်တည်ပြီး တတ်ကာမျှဖြင့် နာမရူပပရိဂ္ဂဟ မဖြစ်။ ခန္ဓာ၌ ရုပ်,နာမ်,တရား တို့ကို သဘော-သဘာဝ အတိုင်း တခုစီခွဲခြမ်း၍ ခွဲလမ်းသော သညာ ဒိဋ္ဌိမရှိ အောင် ဆင်ခြင်သုံးသပ် မှတ်ရူရန် လိုအပ်လှ၏။

ပဋိစ္စ သမုပ္ပါဒ် ပိဘင်း ဒေသနာတော်၌ ဟောတော်မူ သည်မှာ....

ရုပ္ပနလက္ခဏံ ရူပံ၊ ဝိကိရဏရသံ၊ အဗျာကတ ပစ္စုပဋ္ဌာနံ၊ဝိညာဏပဒဋ္ဌာနံ။

ရူပံ၊ ရုပ်သည်။ ရုပ္ပန လက္ခဏံ၊ ဖောက်ပြန်ယိုယွင်း ပျက်စီးခြင်း လက္ခဏာရှိ၏။ ဝိကိရဏရသံ၊ ဖရိုဖရဲ ပြိုကွဲ ပျက်စီးခြင်း ရသရှိ၏။ အဗျာကတ ပစ္စုပဋ္ဌာနံ၊ မသိတတ် သော အဗျာကတ အနေအားဖြင့် ရှုရာထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။ဝိညာဏပဒဋ္ဌာနံ၊ဝိညာဏ်လျှင် နီးစွာသောအကြောင်း ရင်းရှိ၏။

အလုပ် လုပ်ရာ၌ ရုပ်ဖောက်ပြန်ပုံ ဆိုသည်မှာ ဘယ် ထို ဖောက်ပြန် ပါသနည်း။ ပထဝီ-တေဇော-အာပေါ- ဝါယော၊ ခတ်ကြီးသေးပါး အခြင်းထား၍ အဆင်းခတ် အနံ့ခတ် အရသာခတ် ဩဇာခေါ်သော အာဟာရခတ် ပေါင်း ရှစ်ပါးသည့် အဝိနိဗ္ဘောဂရုပ် ခေါ်သည်၊ ၊ ဖောက်ပြန်ပုံ ပဌမ-ပဋိသန္ဓေအစ၌ အစပ် ကလလခေါ် သော ကလလရေကြည်အတွက် ဝိဘာဂ့ကလာပ တချက်ကစ၍ ပုံမှ ဖြေ စသည်ဖြင့် ဆိုးရွားသောင်းပြောင်း ယိုယွင်းသော ဇရာ

တိုင် အစဉ်ဘောက်ပြန်သည်ကို ဉာဏ်ဖြင့် သိအပ်၏။ မိမိ ခန္ဓာ၌ မိမိခန္ဓာ မထင်နှင့်။ အာရုံ အတွေ့ အာရုံ အမြွက်က အတွေ့တွေ ဖြစ်ပေါ်နေသည်ကို သတိနှင့် စဉ်းစားဖြောင် ငါမဟုတ် သူ့သဘာဝ တရားအတိုင်း စေတနာ သင်္ခါရ တရား စေ့ဆော်၍ မြင်မှု ကြားမှု နံမှု သိမှု ထိမှု များဖြစ်နေ သော တရားသဘောအတိုင်း ဘောက်ပြန်ပျက်စီး အနည်း နည်း အတွေ့တွေ ဖြစ်ပေါ်နေသည်ကို သိရာ၏။

ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဟူသော နာမ်ခန္ဓာ လေးပါးသည် တပါးသည် တပါးအား ကျေးဇူးပြု၍ မကွေ မကောင်းသော အားဖြင့် ဘောက်ပြန်ပျက်စီး အနည်းနည်း အတွေ့တွေ ကလေကာဝ ဘောက်သောက် သင်္ခါရတရား ပျက်ပြားဘောက်ပြန်သည်ကို သတိတရားရှေ့ထား၍မှတ်။

နမနလက္ခဏံ နာမံ၊သမ္ပယောဂရသံ၊အဝိနိဗ္ဘောဂပစ္စုပဋ္ဌာနံ၊ဝိညာဏပဒဋ္ဌာနံ။

နာမံ၊ နာမ်သည်။ နမနလက္ခဏံ၊ အာရုံသို့ ညွတ်ခြင်း လက္ခဏာရှိ၏။ သမ္ပယောဂရသံ၊နာမက္ခန္ဓာတရား လေးပါး အကုန် ပေါင်းဆုံခြင်း ရသ ရှိ၏။ အဝိနိဗ္ဘောဂပစ္စုပဋ္ဌာနံ၊ မကွေမကောင်း ပေါင်းဆုံ ခြင်းလျှင် ရှေးရှု ထင်သော ပစ္စုပဋ္ဌာန်ရှိ၏။ ဝိညာဏပဒဋ္ဌာနံ၊ ဝိညာဏ်လျှင် နီးစွာသော အကြောင်းရင်းရှိ၏။

သဉ္ဇာနနလက္ခဏာ သညာ။ ။သညာ၊မှတ်ခြင်းသညာ သည်။ သဉ္ဇာနနလက္ခဏာ၊ အပေါင်းဖြစ်သော အာရုံကို

ေကာင္း၊ဆိုး၊ႏွစ္တန္ ေ၀ဒနာ၌ ၿမဲၿမံစြာ မွတ္သားျခင္း လကၡဏာရွိ၏။

အာဘိသ႑ိရဏလကၡဏာ သတိ၊ရာ၊အာသယုပာန ရသာ၊ေစတနာ ပစၥုပ႒ာန၊အဝိဇၨာပဒ႒ာန။

သတိ၊ရာ၊ဖသာ-စေသာ သတိရတရားတို႔သည္။ အာဘိသ႑ိရဏလကၡဏာ၊ အလြန္ ျပဳျပင္ျခင္း လကၡဏာ ရွိ၏။ အာသယုပာနရသာ၊ဘ၀ကို ေဆာင္ျခင္းရသာရွိ၏။ ေစတနာ ပစၥုပ႒ာန၊ ေစ့ေဆာ္ျခင္းေစတနာလွ်င္ ေရွးရႈထင္ေသာ ပစၥုပ႒ာန္ ရွိ၏။ အဝိဇၨာပဒ႒ာန၊ သစၥာေလးပါး မွန္ေသာ တရားကို မျမင္ႏိုင္ေအာင္ ဖုံးကြယ္ေသာ အညာဏ လကၡဏာလွ်င္ နီးစြာေသာ အေၾကာင္းရင္းရွိ၏။

ဝိဇာနနလကၡဏံ ဝိညာဏံ၊ပုဗၺဂၤမရသံ၊ပဋိသႏၶိ ပစၥုပ႒ာနံ၊သတိရပဒ႒ာနံ။

ဝိညာဏံ၊သိ-ပ႐ူေသာဝိညာဏ္သည္၊ဝိဇာနနလကၡဏံ၊ အာ႐ုံကို သိျခင္းလကၡဏာ ရွိ၏။ ပုဗၺဂၤမရသံ၊ စိတ္ ေစတသိက္တို႔ ေရွ႕သြားျခင္းရသ ရွိ၏။ ပဋိသႏၶိပစၥုပ႒ာနံ၊ ပဋိသေႏၶလွ်င္ တစ္ဖန္တည္း ေရွးရႈထင္ျခင္း ပစၥုပ႒ာန္ ရွိ၏။ သတိရပဒ႒ာနံ၊ ျပဳျပင္ျခင္း သတိရလွ်င္ နီးစြာေသာအေၾကာင္းရင္းရွိ၏။

ျမတ္စြာဘုရားသခင္သည္ခႏၶာငါးပါး ရုပ္နာမ္တရားတို႔ကိုသိျမင္လြယ္ေစျခင္းငွါ "ေဖဏပိ႑ဴပမ"သုတ္ေဒသနာေတာ္ကို ေဟာေတာ္မူသည္၊

ဖေဏပိဏ္ဍောပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗုဠူပမာ။
မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာ သာရဒဿိနာ။ ၈

ရူပံ၊ ဘူတရုပ်လေးခု၊ စတုဝီသာ၊ ဥပါဒါယ၊ အဋ္ဌာဝီသာ၊ ရုပ်စုမျှလျက်၊ ဂါဟာဇွဲဒုပ်၊ ဤ ကိုယ်ကောင်ပုပ်ကြီးသည်။ ဖေဏပိဏ္ဍောပမံ၊ ပထဝိ ထင်းချောင်း၊ ရေပေါင်းမာဘိ၊ ပြောင်းအိအာပေါ်၊ တေဇောဖောင်အေးပူ၊ လှုလှုလွင့်ထ၊ ဝါယော မှသည်၊ စဉ်မျှားပြောင်၊ တောင်မျှဘရှိ၊ ကြီးဘိတမူ၊ သုံးယူ မဖြစ်၊ အနှစ်မရှိ၊ အကာတိသာ၊ ပစ်စရာ ပမာ၊ ရေမြှုပ်ဆိုင် ကြီးနှင့် တူလေ၏။

ဝေဒနာ၊ မျက်စိအာရုံ၊ နားအာရုံနှင့်၊ ခြောက်ပုံရသော၊ ခံစားပါလည်း၊ အရာမရောက်၊ ခါခါပျောက်လည်း၊ ခြောက် ပါးသော ဝေဒနာအစုသည်။ ပုဗ္ဗုဠူပမာ၊ ဆင်းရဲချမ်းသာ၊ ရံခါလျစ်လျူ၊ အူလည်ယုတ်ရက်၊ လျင်စွာပျက်၍၊ သုံးကွက် သုံးရာ၊ မမြင်ပါ၊ ပမာ-ရေပွက်ကလေးတွေနှင့် တူချေ၏။

သညာ၊ ယောကျ်ားမိန်းမ၊ သတ္တဇီဝါ၊ ထင်မှတ်ပါလည်း၊ မှတ်ရာမမြဲ၊ အထင်လွဲသော၊ သညာအစုသည်။ မရီစိကူ ပမာ၊ ရေဟု ထင်မှတ်၊ ကြိုးပမ်းသတ်၍၊ တမတ်မားမား၊ လိုက်လေငြားလည်း၊ တောသားသမင်၊ မောဟိုက်သွင်သို့၊ ဝိညာဉ်ဇီဝ၊ သတ္တဘိတ်မှန်၊ ပဉ္စက္ခန်ကို၊ အဟံ-မမ၊ ထင်မှား ရအောင်၊ ရုပ်ဆောင်လှည့်ပတ်၊ အတွေးကပ်သည်၊ တံလျှပ် နှင့် တူချေ၏။

သင်္ခါရာ၊ ဝိတက်ဝိစာ၊ စေတနာက၊ ဖဿမှသည်၊ စ၍ ရေတွက်၊ နှစ်မဖက်သည့်၊ သင်္ခါရက္ခန္ဓာ အပေါင်းသည်။ ကာဒလူ ပမာ၊ အနှစ် တွေ့နိုး၊ အား အန် ကိုး၍၊ အကျိုး တလျှောက်၊ ထက်အောက်တွင်းပြင်၊ ရှာသော်လျှင်လည်း၊ တပင် လုံးသာ၊ ကုန်လေပါထည်း၊ အကာ လုံးလုံး၊ အနှစ် သုံးသည့်၊ ငှက်ပျောတုံးနှင့် တူလေ၏။

ဝိညာဏ်၊ စက္ခုသောတာ၊ ဃာနာဇိဝှါ၊ ကာယနှလုံး၊ မှီအုံးရှိနေ၊ လူကိုမွေသည်၊ ခြောက်ထွေသော ဝိညာဏ်အစုသည်။ မာယူပမံ၊ ကျောက်အုတ်ခဲကို၊ ဖေါက်လွဲပြုပြင်၊ ရွှေစင်မြလား၊ ပတ္တမြားအရောင်၊ ဟန်ဆောင်ပြုလုပ်၊ မျက်လှည့်ရုပ်နှင့် တူလေ၏။ ဣတိ၊ ဤသို့၊ သာရဒဿိနာ၊ အနှစ်ကို မြင်သိသော ဘုရားသခင်သည်။ ဒေသိတာ၊ ဥပမာနှင့်တကွ၊ ဟောပြတော်မူ၏။

ခန္ဓာငါးပါး၌ ဝိညာဏက္ခန္ဓာတရား ကြီးကျယ်စွာ လှည့်ဖြား၍ နေသည်မှာ အာရုံ ဖြစ်ပေါ်လာ သမျှကို ပညတ် အနေနှင့်သာ သိစေ ထင်စေ မြင်စေနိုင်၏။ သတိပညာနှင့် အမှန် ဖြစ်သော တရားကို သိမြင်မှ သာလျှင် ကာမောဃ-ဘဝေါဃ-ဒိဋ္ဌောဃ-အဝိဇ္ဇောဃ, တည်းဟူသော ဩဃ သံသရာ ဝဲဂယက်မှ ကူးဘက် ထမြောက် မဂ်သို့ရောက် နိုင်မည်။

ကြောင်ပန်း ဆရာတော်ဘုရား ရေးသားတော်မူသော သက်ဘွဲ့....

ခြောက်ပါးဝိညာဉ်၊သိထင်မြင်နှင့်၊ သုံးအင်ကမ္မ၊
ပြုသမျှမှာ၊ ဒုက္ခသဘော၊ ဖြစ်လေရာ၏၊ ပညာသတိ၊
သိမှသာလျှင်၊ ဒွါရသုံးခု၊ ပြုပြုသမျှ၊ မဂ္ဂသစ္စာ၊
နိရောဓာကျ၊ဖြစ်လေရ၏။ ။

ဟူ၍ စပ်ဆိုတော်မူလေသည်။

လယ်တီတောရဆရာတော် ရေးသားတော် မူသည်မှာ....

ဝိညာဉ် ခြောက်ဖြာ၊ သူ့ ရှိန်ဝါကြောင့်၊ ငါငါ
သူသူ၊ လူဘဲနတ်ဘဲ၊ အထင်လွဲ၍၊ ငရဲအပါယ်
အသွယ်သွယ်လျှင်၊ ဝဋ်နွယ်ရှည်လျား၊ တမားမား
သည်၊ခြောက်ပါးဝိညာဉ် စွမ်းချေတည်း။

ဟူ၍ စပ်ဆိုတော်မူ၏။

ဘဝေ ဝါဇံ ဘယံ ဒိသွာ၊ဘဝဠ္ဌ ဝိဘဝေသိနံ။
ဘဝံ အနာဒိယိ ကိဉ္စိ နန္ဒိဉ္စ န ဥပါဒိယိ။ ။

အနက်။ ။အဟံ၊ ငါသည်။ ဘဝေ၊ ဘဝ,ကြီး,ငယ်၊
အသွယ်သွယ် အဝ၀၊ ခဏ-ခဏ၊ ဖြစ်-ပျက် ရသော၊
ဝိဏ္ဏုပ္ပါဒ၊ ဘဝအဖြစ်၌။ ဘယံ၊ ဇာတိစသည်၊ များလှ
သောင်းသောင်း၊ ဘေးအပေါင်း တို့ကို။ ဒိသွာ ဝေါဉပါဒ
ဇာတိ၊ အမြင်ရှိသောကြောင့် သာလျှင်။ ဘဝဠ္ဌ၊ အာရုံ
အာရမ္မဏိက၊ ဝိဏ္ဏုပ္ပါဒ ဘဝအဖြစ်ကိုရင်။ ဘဝေသိနဠ္ဌ၊
ဘဝကင်းချာ၊ရှာကြံပါလည်း၊သံသရာဘဝ၊ခန္ဓာဓမ္မကိုရင်း၊
ဒိသွာ၊ ခန္ဓာဓမ္မဌ၊ ဟုတ်မှန်သမျှ၊ အနိစ္စ,ဒုက္ခ၊ ဝိပရိဏာမ

အစဉ်ကိုမြင်၍။ကိဉ္စဘာဝံ၊တစုံတခုသောဘာဝ၊ခဏာခဏာကို။ အနုဒိယိ၊တကြောဒိဋ္ဌိအားဖြင့် မယူသည်သာတည်း။နန္ဒိဥ၊ ဖြစ်ရ,ပျက်ရ၊စိတ္တုပ္ပါဒ၊ဝန္ဘာဝကိုရင်း။နဉပါဒိယိ၊တကြော ဒိဋ္ဌိအားဖြင့် မစွဲလမ်းတော့သတည်း။

သဗ္ဗေ သင်္ခါရာအနိစ္စာ၊ယဒါပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ ။

ပရိနိဗ္ဗာနသုတ်။

အနက်။ ။သဗ္ဗေ၊ ခပ်သိမ်းဉဿုံ၊ အလုံးစုံကုန်သော။ သင်္ခါရာ၊ဟေတုပစ္စယ၊သမုပ္ပါဒ အကြောင်းကြောင့် ဖြစ်ပေါ်လာရသော သင်္ခါရတရားတို့သည်။ အနိစ္စာ၊မွမွလုံးစုံ၊ အကုန်ကြွေကျက်၊ ပျောက်ပျက် ချုပ်စဲ၍၊ အမြဲမရှိကုန်။ ယဒါ၊အကြင်အခါ၌။ ပညာယ၊သတ်ထင်စွာ၊အထူးသိမြင်သော ဝိပဿနာ၊ဉာဏ်ပညာဖြင့်။ ပဿတိ၊ရှုပ်,နာမ်မွေကို ဟုတ်မှန်သမျှသိမြင်၏။အထ၊ထိုသို့ သဗ္ဗေသင်္ခါရာ အနိစ္စ-ဟု ရှုမြင်သည် ရှိသော်။ဒုက္ခေ၊အနိစ္စစင်စစ်၊ဒုက္ခဖြစ်သော၊ ဤခန္ဓာ ကိုယ်ကို ငြိုငြင်စွာ ရှက်ဆောင်ခြင်း ဆင်းရဲ၌။ နိဗ္ဗိန္ဒတိ၊ငြီးငွေ့ ပြင်းမုန်းလေတော့၏။ ဧသ-ဧသော၊ ဤသို့ ငြီးငွေ့သောအား မဂ်ဘရားဖြင့် လေးပါးသော အရိယ သစ္စာတရားကို ထိုးထွင်း၍ သိခြင်းဟူသော အကြောင်း သည်။ဝိသုဒ္ဓိယာ၊ကိလေသာကင်းကွာ စင်ကြယ်ခြင်း၏။ မဂ္ဂေါ၊ကျင့်စဉ်လမ်းဟောင်း အကြောင်းပါပေတည်း။

အထူး သတိ ထား၍ သိရန်။ ။ဣန္ဒြိယ, အနိန္ဒြိယရုပ် ရှိသမျှအတွက် အနိစ္စအချက် အပျက်ရှိသည်ဟူ၍မှတ်။

အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဂူပသမော သုခေါ။ ။
ပရိနိဗ္ဗာနသုတ်။

အနက်။ ။သင်္ခါရာ၊ တဏှာဥပါဒါန် ကမ္မဘဝ အဝိဇ္ဇာ သင်္ခါရဟူသော အတိတ်အကြောင်းကြောင့် ဖြစ်ပေါ်လာရသော ပဋိသန္ဓိသမုပ္ပန္န ရုပ်,နာမ်ဓမ္မ သင်္ခတ-တရားတို့သည်။ အနိစ္စာဝတ၊ စင်စစ်မလွဲ အမြဲမရှိကုန်။ ဥပ္ပါဒဝယဓမ္မိနော၊ ခဏမစဲ၊ အမြဲမပြတ်၊ ဖြစ်တတ် ပျက်တတ်သော သဘော ရှိကုန်၏။ ပါ၊ အနိစ္စဖြစ်၍ အပျက်သဘော ဒုက္ခသစ္စာဖြစ်၏။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ကုန်ပြီး၍။ နိရုဇ္ဈန္တိ၊ ချုပ်ပျောက်ရလေကုန်၏။ တေသံ၊ ထိုဖြစ်တတ်ပျက်တတ်သော သဘောတရားတို့၏။ ဂူပသမော၊ ထိုဖြစ်-ပျက်ခြင်းကင်းသောနိရောဓနိဗ္ဗာန်သည်။ သုခေါ၊ ငြိမ်းသက်သော သန္တိသဘောဖြစ်၍ ချမ်းသာလှပေ၏။

ခဏခဏဒုက္ခဘေးဘယကို မြင်စိမ့်သော်ငှါ....

ဥပ္ပါဒေါဘယံ၊ အနုပ္ပါဒေါ ခေမံ၊ ဥပ္ပါဒေ အာဒီနဝံ
ဒိသွာ အနုပ္ပါဒေ စိတ္တံ ပက္ခန္ဒတိ။
ပဋိသမ္ဘိဒါမဂ်။

အနက်။ ။ဥပ္ပါဒေါ၊ ရုပ်,နာမ်ဓမ္မ သင်္ခါရ ခဏခဏ ဖြစ်ရခြင်းသည်။ ဘယံ၊ ဘေးဒုက္ခ အမှန် ဖြစ်ခြင်းတည်း။

အနုပ္ပ ဒေါ၊ရုပ်,နာမ်ဓမ္မ၊သင်္ခါရတို့၏မဖြစ်ခြင်းသည်။ ခေမံ၊ ဘေးကင်းရာအမှန်ပေတည်း။ဥပ္ပါဒေ၊ဖြစ်ခြင်း၌။အာဒီနဝံ၊ အနိစ္စ,ဒုက္ခ၊ခဏခဏဖြစ်ရသော အပြစ်အာဒီနဝကို။ဒိသွာ၊ မြင်ခြင်းကြောင့်။အနုပ္ပါဒေ၊မဖြစ်လိုခြင်း၌။ စိတ္တံ၊စိတ်သည်။ ပက္ခန္ဒတိ၊မဂ်သို့ပြေးဝင်၏။

ကမ္မဋ္ဌာန်းတရား ပွါးများအားထုတ်ရာကိုယ်ခန္ဓာတပါး သာ အားကိုး အားထားပြုရသော....

အတ္တာ ဟိ အတ္တနော နာထော၊
ကော ဟိ နာထော ပရော သိယာ။
အတ္တနာ ဟိ သုဒန္တေန၊
နာထံ လဘတိ ဒုလ္လဘံ။ ။

ဓမ္မပဒပါဠိတော်။

အနက်။ ။အတ္တာ ဟိ အတ္တာဧဝ၊မိမိကိုယ်သာလျှင်။ အတ္တနော၊မိမိ၏။ နာထော၊ကိုးကွယ်ရာ,မှီခိုရာ,အားထား ရာသာတည်း။ဟိ သစ္စံ၊ထိုစကားမှန်၏။ ပရော၊ မိမိမှတပါး သောသူသည်။ နာထော၊မှီခိုရာ,အားထားရာသည်။ ကော သိယာ၊အဘယ်မှာလျှင် ဖြစ်နိုင်ပါမည်နည်း။အတ္တနာ ဟိ- အတ္တနာဧဝ၊မိမိကိုယ်ကိုသာလျှင်။ သုဒန္တေန၊ကောင်းစွာ ယဉ်ကြေး လိမ္မာစေ၍။ ဒုလ္လဘံ၊အလွန်ရခဲသော။ ဝါ၊ဗုဒ္ဓုပ္ပါဒ နဝမ သာသနမ္မခေတ်၌ ဖြစ်သော။ နာထံ၊ ကိုးကွယ်ရာ အမှန် သေခြင်းကင်းသောနိဗ္ဗာန်ကို။ လဘတိ၊ မုချဧကန်၊ ရနိုင်ပေ၏။

ဇာတိမူလ၊ သူစပြုန်ပြီ။
ဇရာယိုယွင်း၊ အိုမင်းတလီ။
ဗျာဓိတင်းကြမ်း၊ ညှဉ်းပန်းလာမည်။
ဒုက္ခစက်၊ အတွက်ခက်တော့သည်။

ဇာတိဟူသော တရားအကြောင်းရင်း ခံသောကြောင့် အာသဝ, ယောဂ, ဩဃ, ဂန္ထ, ဥပါဒါနိယ-စသော သင်္ခါရ ဒဏ်ချက်၊ ဝဋ္ဋဒုက္ခဘဝစက်မှ မထွက်နိုင်။ ထိုဒုက္ခခပ်သိမ်း ကင်းငြိမ်းလိုသည်ဖြစ်အံ့။ ယခု ဖြစ်,ပျက်နေသော ရုပ်,နာမ် တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်ရမည်ကို ဘုရားရှင် ဘယ်လိုဟောပါသနည်း။ ။ပရိနိဗ္ဗာန်စံလွန်တော်မူကာနီး ဆဲဆဲတွင် သတ္တဝါတို့အား သနားတော်မူလှသည့်အတိုင်း မိန့်တော်မူသည်မှာ မိမိကိုယ်ကို မိမိသာလျှင် ရှုဆင်ခြင် ရမည်ဟု ပရိနိဗ္ဗာနသုတ်၌ ဤသို့ဟောတော်မူသည်။

တသ္မာ တိ ဟ အာနန္ဒ အတ္တဒီပါ ဝိဟရထ၊ အတ္တ သရဏာ ဝိဟရထ။ အနညတာ သရဏာ၊ ဓမ္မဒီပါ ဝိဟရထ၊ ဓမ္မသရဏာ ဝိဟရထ၊ အနညတာ သရဏာ ဝိဟရထ။

## ပရိနိဗ္ဗာနသုတ်။

အနက်။ ။အာနန္ဒ၊ ချစ်သားအာနန္ဒာ၊ ဟ၊ ဤလောက၌။ တသ္မာ၊ ထိုသို့ နိဗ္ဗာန်အားလျော်သော သမ္မာဒိဋ္ဌိ အကျင့် မြတ်ကိုသာလျှင် ကျင့်အပ်သည်၏ အဖြစ်ကြောင့်။ အတ္တ ဒီပါ၊ မိမိကိုယ်ကိုသာ အားထားမှီခိုရာ ကျွန်းကြီးသဖွယ်

ဖြစ်၍၊ တဟမ္မာ၊သင်ချစ်သား, ချစ်သွီး တို့သည်။ ဝိပာရထ၊ နေရစ်ကြကုန်လော့။ အဏ္ဏသရဏာ၊မိမိကိုယ်ကိုသာလျှင် ကိုးကွယ်ရာ ရှိကြကုန်သည်ဖြစ်၍၊ ဝိဟာရထ၊ နေရစ်ကြကုန်လော့။ အနညတာ သရဏာ၊ မိမိမှတပါးသော အားထားမှီခိုရာ မရှိကြကုန်သည် ဖြစ်၍၊ ဝိဟာရထ၊ နေရစ်ကြကုန်လော့။ ဓမ္မဒီပါ၊ မဂ္ဂင်ရှစ်ပါး မြတ်တရားကိုသာ အားထားမှီခိုရာ ကိုင်းကျွန်းကြီး သဖွယ်, ဆိမီး သဖွယ် ရှိကြကုန်သည်ဖြစ်၍၊ ဝိဟာရထ၊ နေရစ်ကြကုန်လော့။ ဓမ္မသရဏာ၊မဂ္ဂင်ရှစ်ပါး မြတ်တရားကြီးကိုသာလျှင် ကိုးကွယ်ရာ ရှိကြကုန်သည် ဖြစ်၍၊ ဝိဟာရထ၊ နေရစ်ကြ ကုန်လော့၊ အနညတာ သရဏာ၊ မဂ္ဂင်ရှစ်ပါး အချင့်တရားမှ တပါး ကိုးကွယ်ရာမရှိကြကုန်သည်ဖြစ်၍၊ တဟမ္မာ၊ သင်ချစ်သား, ချစ်သွီးတို့သည်။ဝိဟာရထ၊နေရစ်ကြကုန်လော့၊ဣတိ၊ဤသို့၊ အဝေါစ၊မဟာကရုဏာတော်ရှေ့သွားဖြင့်မိန့်ကြားမြွက်ဟ ဆုံးမဟောကြားမှာထားတော်မူခဲ့ရှာလေ၏။

ပကတိသာဝကအဖြစ်နှင့်သုက္ခဝိပဿကပုဂ္ဂိုလ်တို့၏ ကျင့်ရာသောအကြောင်းကား….

ယခုဘဝ၌သော်၎င်း၊ နောက်ဘဝ၌ သော်၎င်း၊ သစ္စာလေးပါးကိုသိမြင်၍ သောတာပန်ဖြစ်လိုသော အာဂါရိက လူပုဂ္ဂိုလ်တို့ကျင့်ရာသော မဇ္ဈိမကမဂ်အကျင့်သည်ကား- အကျဉ်း အားဖြင့် အာဇီဝဋ္ဌမက သီလ ဆောက်တည် ရမည်၊ ခံယူဆောက်တည်၍ မကြုံးလွှန်သမျှ သီလတည် သည်၊ ပျက်ကွက်လျှင် ထပ်မံဆောက်တည်ရမည်၊

ပဋ္ဌိကာမဂ်သည် သီလက္ခန္ဓ မဂ္ဂင် သုံးပါး ဆောက်တည်။ပညာက္ခန္ဓမဂ္ဂင် နှစ်ပါးပေါင်းငါးပါးသည် ပဋ္ဌိကာမဂ် သမ္မာဝါယာမ,သမ္မာသတိ,သမ္မာသမာဓိ-ဟူသော သမာဓိခန္ဓသုံးပါးသည် ပညာက္ခန္ဓမဂ္ဂင်နှစ်ပါးနှင့်ဘက်တွဲ၍ ပါဝင်လေ၏။ စိတ်ရှုး,စိတ်နောက် ပျောက်ကင်းစေ၍ ဉာဏ်စွမ်း, ဝီရိယစွမ်း ကောင်းလှမှ တော်သည်။ သမ္မာဒိဋ္ဌိ မဂ္ဂင် ထူထောင်ရာ၌ သမ္မာသင်္ကပ္ပမဂ်အကျင့်ဖြင့်အကြံပေးကောင်းရမည်မှာ နေက္ခမ္မသင်္ကပ္ပသည် ကာမမှ ထွက်မြောက်ရန် အဝိဟိံသသင်္ကပ္ပသည် သတ္တဝါခပဲကို မညှဉ်းဆဲလိုသော အကြံ။ အဗျာပါဒ သင်္ကပ္ပသည် သတ္တဝါတပါး၌ ဒေါသတရား မဖြစ်ပွါးရခြင်းသည် သမ္မာသင်္ကပ္ပ သုံးပါး အကြံပေးကောင်းလှမှ သမ္မာဒိဋ္ဌိမဂ္ဂင် အစဉ်ထမြောက်နိုင်မည်ကို ဘုရားရှင် ဘယ်လိုဟောပါသနည်း။

> ဒုက္ခေ ဉာဏံ ဒုက္ခသမုဒယေ ဉာဏံ ဒုက္ခနိရောဓေ ဉာဏံ ဒုက္ခနိရောဓဂါမိနိပဋိပဒါယဉာဏံ။ ။ဟူ၍ ဟောတော်မူသည်။

ခန္ဓာငါးပါး၊ ရုပ်,နာမ် တရားကို သမ္မာဒိဋ္ဌိ အမြင်ဖြင့် မြင်ရမည်မှာ ထိုခန္ဓာငါးပါးသည် အနိစ္စပင်စစ်ဖြစ်၍ ဒုက္ခသစ္စာသာတည်း၊ ထိုခန္ဓာငါးပါး တရားအစု၊ ခတ်အနှံကို ငါဟု စွဲကပ် အမြဲမှတ်၍ အတ္တဝါဒုပါဒါန် အစွဲ သန်၍ ဘောက်ပြန် ငြိတွယ်သော တဏှာ အစရသည် သမုဒယသစ္စာမည်၏။ထိုတဏှာ ကျွတ်လွတ်မှုသည် နိရောဓသစ္စာ

မည်၏။ ထိုနိရောဓသစ္စာ ရောက်ရာ ရောက်ကြောင်း လမ်း ဟောင်းမဂ္ဂင် ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

- ထိုမဂ္ဂသစ္စာ၌ သမ္မာဒိဋ္ဌိမဂ္ဂင်သည် သစ္စာလေးပါးတရား ကို ပိုင်းခြားထင်ထင် သိမြင်ခြင်းပင်တည်း။ စက္ခု, သော တ, ဃာန, ဇိဝှါ, ကာယ, မန-ဟူသော ဒွါရ၌ကျရောက်သော အဆင်း, အသံ, အနံ့, အရသာ, အတွေ့, အထိ, အသိ-ဟူ သော အာရုံခြောက်ပါး အာဂန္တုက ဓာတ်တရား တို့ကို သတိ, ပညာ, လက္ခဏာဖြင့် ပိုင်းခြားမှတ်သားရမည်။ ဤသို့ မှတ်သားပွါးများနေပါလျှင် ဖြစ်မှု, ပျက်မှုတို့ကို မြင်သဖြင့် အစိုးတရ ဘာမျှမရှိသော အဖြစ်, အပျက်ကို မြင်သိသော ဉာဏ်သည် ဥဒယဗ္ဗယဉာဏ်သည်ပင် ဒုက္ခသစ္စာကို သိ သောဉာဏ်ဆိုသည်။ ထိုဉာဏ်သည် ပညိန္ဒြေစေတသိက်နှင့် ယှဉ်သော ကာမာဝစရ ဉာဏသမ္ပယုတ် ကုသိုလ်ကို ဥဒ ယဗ္ဗယဉာဏ်ဆို၏။ ထိုဉာဏ်သို့ ရောက်အောင် အားထုတ် ကြပါကုန်။

ဝေနေယျဆိုသည်မှာ....

> အပ္ပသက္ခာနေ ပရသက္ခာနေ စ အနုသယကိလေ
> သံ ဝိသေသေန အမတရသေန နိယတိ အသင်္ခတ
> မနုတ္တရံဒဿယိတွာဝိနာသေတိတိ ဝေနေယျော။

အနက်။ ။ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဝိသေ သေန၊ ထူးမြတ်လှစွာသော။ အမတရသေန၊ သေခြင်းကင်း သော အရဟတ္တဖိုလ်ချမ်းသာ၊ မြိုက်ရသာဖြင့်။ အသင်္ခတံ၊

ပြုပြင်ခြင်းကင်းသော၊ အနုတ္တရံ၊ မိမိထက်လွန်သောတရား မရှိသော နိဗ္ဗာန်ကို၊ ဒဿယိတွာ၊ သိမြင်၍၊ ဝါ၊ အနုဿဝ အားဖြင့် သိမြင်၍၊ အတ္တသန္တာနေ စ၊ မိမိသန္တာန်၌ရင်း၊ ပရ သန္တာနေ စ၊ သူတပါးသန္တာန်၌ရင်း၊ အနုသယကိလေသံ၊ ကိန်းအောင်း၍ ညစ်ညူးစေတတ်သော ကိလေသာ အညစ် အကြေးကို၊ နိယတိ ဝိနာသေတိ၊ ဖျက်ဆီးတတ်၏၊ ဣတိ တသ္မာ၊ ထိုကြောင့်၊ သော ပုဂ္ဂလော၊ ထို ပုဂ္ဂိုလ်သည်၊ ဝေဒနေယျော၊ ဝေဒနေယျ မည်၏။

ဖြစ်ပျက်မှန်လှ ရုပ်နာမ်သင်္ခါရ ပဝတ္တ ဝဋ်ဒုက္ခ စင်စစ် ကို မြင်ရမည်၊ ပညာသိ ပညာမြင်မှ သစ္စာ လေးပါးကို သတိဖြင့် ပိုင်ပိုင်သိနိုင်မည်။ ဥပါသကာ ဥပါသိကာများမှာ သား၊ မယား လင်၊ သား မြေးရုံ သင်းပင်းနှင့် ဥစ္စာ ပစ္စည်း ရှာမှီးခြင်း မကင်း နိုင်ကြ သော်လည်း ဝိသာခါ အနာထ ပိဏ်မှစ၍ ခိုးသားငါးရာ မုဆိုးလင်မယား တံငါသည် များပင် ဝတ္ထု နိပါတ် ဇာတ်-အဋ္ဌကထာ ထောက်လျှင် သစ္စာလေးပါးကိုသာ မြင်သိရန် လိုလေသည်။ သစ္စာ မြင် သိရန် ပညာ ဗဟုသုတရှိသူ ကလျာဏ မိတ်ဆွေ ဆရာ သမားများထံ မှီဝဲဆည်းကပ်ရမည်။

> ကလျာဏမိတ္တတော ဘဇတော ပယိရုပါသတော
> ဓမ္မာဘိသမယော။

ဟူသော အဋ္ဌကထာအရ ကျင့်ကြံမယုတ် အားထုတ် ပါလျှင် ယခုဘဝ၌ပင် သောတာပန် ဖြစ်နိုင်ပါ၏။ သစ္စာ

လေးပါး သိမြင်ရန်မှာ ဥပါဒ် ဘင်-မျှ အနိစ္စဇောကန် ဒုက္ခမှန်ကို ထိုနှန်ဆိုသည်၊ အနိစ္စ တရားသည် ကုန်ပျက် ပစ်ဲ မမြဲသောကြောင့် ဒုက္ခဘေးကြီး သင့်နေသည်မှာ ဒုက္ခ သစ္စာသာတည်း။ ထိုဒုက္ခအပေါင်း ဖြစ်ကြောင်းဖြစ်နည်း ပစ္စည်းပြုသမျှ လောဘဟိတ်၌ပါသော လောဘစိတ်ကို သမုဒယသစ္စာ ဆိုသည်၊ ထိုလောဘဟိတ်မြဲ ကုန်ရာ ကင်းရာကို နိရောဓသစ္စာဆိုသည်၊ ထိုသို့ နိရောဓသစ္စာ ရောက်ကြောင်းခြင်းရာ မဂ္ဂ သစ္စာ၌ သမ္မာဒိဋ္ဌိ ဖြစ်အောင် ပရိညာ-ပဟာတဗ္ဗ-ဘာဝနာမယ ပွါးများအားထုတ် ရမည်သာတည်း။ သစ္စာလေးပါးကို တပါးစီ ဟောတော် မူရခြင်း ဓေသနာဟာရနည်းမည်၏။

"စဘုသစ္စပိနီမုတ္တော ဓမ္မော နာမ နတ္ထိ"။ ။သစ္စာလေးပါးမှ လွတ်သောတရား မရှိ။

"လက္ခဏာပိနီမုတ္တော ဓမ္မောနာမ နတ္ထိ"။ ။အနိစ္စဒုက္ခအနတ္တတရားမှ လွတ်သောတရား မရှိ။

"သစ္စာထေးချက်၊တပြိုင်နက်၊မဂ်ဖြိုက်စ္စသာ"။

သစ္စာလေးပါးတွင် နိရောဓသစ္စာ လိုရင်းဖြစ်၍ နိရောဓသစ္စာရောက် သိတွေ့မြင်လိုလျှင် သမုဒယသစ္စာကို ပယ်ရခါရမည်၊ သမုဒယသစ္စာကို ပယ်လိုလျှင် မဂ္ဂသစ္စာ ပွါးများရမည်။ မဂ္ဂသစ္စာကို ပွါးများလိုလျှင် ဒုက္ခသစ္စာကို ပရိညာအားဖြင့် ခန္ဓာငါးပါး ဒုက္ခသစ္စာကို ပိုင်းခြား ရမည်။ ။

"သင်္ကာလေးချက်၊ တပြိုင်နက်၊ မင်္ဂ၏ ကိစ္စသာ" ဟူရာတို့ သာမှတ်။

အဋ္ဌကထာ။

ဧတာနိ စေ ကောဟိ နာမ ဟိ ကိစ္စာနိ ကာတာ ယာ မဟော သိနာ။ ဝုဋ္ဌာနဂါမိနီ သင်္ကာ ပရိသုဒ္ဓါ၊ ဝိပဿနာ၊ ဝုဋ္ဌာတုကာမော သံသာရဒုက္ခပကာ။ မဟာဗ္ဗယာ။ ကရေယျ သတတံ တဿ ယောဂံ။ ပဏ္ဍိတဇာတိကော။

အနက်။ ။ဧတာနိ စေ ကောဟိ နာမ ဟိ၊ များစွာသော အမည်တို့ဖြင့်။ ဝုဋ္ဌာနဂါမိနီ၊ မဂ်သို့ရောက်ကြောင်း ဖြစ်သော။ သင်္ကာ၊ မီးခဲ့တသူ အပူခပ်သိမ်း ငြိမ်းစေ တတ်သော။ ပရိသုဒ္ဓါ၊ ထက်ဝန်းကျင် စင်ကြယ်စွာသော။ ယာ ဝိပဿနာ၊ အကြင် မဂ်၏ တည်ရာ ဝိပဿနာကို။ မဟော သိနာ၊ မြတ်စွာဘုရားသခင်သည်။ ကိစ္စာ၊ ဟောကြား ချီးမွမ်းတော်မူအပ်ပြီ။ မဟာဗ္ဗယာ၊ ကြောက်ဘွယ်ခမန်း သေးဘျမ်းဇရာ လွန်ကြီး စွာသော။ သံသာရဒုက္ခပကာ၊ သံသရာဝဲ ဆင်းရဲပရိုင် ရှုံ့ညွန်ဒိုင်မှ။ ဝုဋ္ဌာတုကာမော၊ ကူးခပ်ထွက်မြောက် မဂ်သို့ရောက်လိုသော။ပဏ္ဍိတဇာတိ ကော၊ဇာတိပင်္ဂိုသန် တိဟိတ်ဉာဏ်ရှိသော အမျိုးကောင်း သား သို့ သည်။ တဿ၊ ထိုဝိပဿနာသင်္ကာ မြင်သိရာ၌။ သတတံ၊ နေ့ရောညဉ့်ပါ ဘယ်ခါမပြတ်။ ယောဂံ၊ ပွါးများ

သော သတိ ပညာဖြင့် စီးဖြန်း ခြင်းကို၊ ကာရေယျ၊ ပြုရာ၏။

ဆုရိယာပုထ် ပြောင်းရွေ့တိုင်း သတိပညာ လက္ခဏာဖြင့် မှတ်ရှုပွါးများပါကုန်လော့။ ။မြတ်စွာဘုရား ဟောကြားသော တရားတော်မြတ်ကိုရင်း၊ သာဝက ဖြစ်သော သံဃာတော်များနှင့် ယခု ရှိသော သံဃာတော်မြတ် တို့၏ ဥပနိသျ ကလျာဏ အပေါင်း သူတော်ကောင်းတို့ အာစရိယဝါဒ ဥပနိသျကို သင်ကြားမှတ်သား၍ လိုက်နာ ကျင့်ကြံရမည် ဟူလို။

အာဂါရိက လူဥပါသကာ ဥပါသိကာ တို့သည် သောတာပန်အဖြစ်ကို ယခုဘဝတွင် ဥပနိသျ စက်အရ ကျင့်ကြံမယုတ် အားထုတ်ပါလျှင် သောတာပတ္တိမဂ်ကို ရနိုင်ပါ၏။

သတိပဋ္ဌာန် ပါဠိတော်၊

ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သ
တိပဋ္ဌာနာ။ ဧဝံ ဘာဝေယျ။ သတ္တ ဝဿာနိ၊ တဿဒွိ
န္နံ ဖလာနံ အညတြ ဖလံ ပါဋိကင်္ခံ၊ ဒိဋ္ဌေဝ ဓမ္မေ၊
အညာသတိ ဝါ၊ ဥပါဒိသေသေ အနာဂါမိတာ။

ဟူ၍ ဟောတော်မူသည်။ ခုနှစ်နှစ်၊ ခုနစ်လ၊ ခုနှစ်ရက်နှင့် အနာဂါမ် အထိ ဖြစ်နိုင်ကြောင်း ဟောတော် မူသည်၊ တရားကို သတိပညာရှေ့ထား၍ အားထုတ်ရန် ပညာကျွန္တ ဖြစ်သော သမ္မာဒိဋ္ဌိ ဟူသော သစ္စာလေးပါးတရားကို မြင်ထိရန် အားထုတ်သင့်လှပေ၏၊

အဋ္ဌကထာ။

ဒုက္ခံ ပရိညာ ပဋိဝေဓေန ပဋိဝိဇ္ဈတိ၊ သမုဒယံ ပဟာနပဋိဝေဓေန၊ နိရောဓံ သစ္ဆိကိရိယာ ပဋိဝေဓေန၊ မဂ္ဂံ ဘာဝနာပဋိဝေဓေန ပဋိဝိဇ္ဈတိ၊ ဒုက္ခံ ပရိညာဘိသမယေန အဘိသမေတိ၊ သမုဒယံ ပဟာနာဘိသမယေန၊ ဒုက္ခံ ပရိညာဘိသမယေန အဘိသမေတိ၊ သမုဒယံ ပဟာနာဘိသမယေန၊ နိရောဓံ သစ္ဆိကိရိယာဘိသမယေန၊ မဂ္ဂံ ဘာဝနာဘိသမယေန အဘိသမေတိ၊ ဧဝမဿ ပုဗ္ဗဘာဂေ ဒွီသု သစ္စေသု ဥဂ္ဂဟပရိပုစ္ဆာသဝနဓာရဏသမ္မသနပဋိဝေဓော ဟောတိ၊ ဒွီသု သဝနပဋိဝေဓော ယေဝ။

အနက်။ ။ဒုက္ခံ၊ ခန္ဓာငါးပါး ဒုက္ခသစ္စာတရားကို။ ပရိညာပဋိဝေဓေန၊ ပိုင်းခြား၍သိခြင်း ပဋိဝေဓဉာဏ်ဖြင့်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။ သမုဒယံ၊ သမုဒယ သစ္စာကို။ ပဟာနပဋိဝေဓေန၊ ပယ်ခြင်းပဋိဝေဓဉာဏ်ဖြင့်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။ နိရောဓံ၊ နိရောဓသစ္စာကို။ သစ္ဆိကိရိယာပဋိဝေဓေန၊ မျက်မှောက် ပြုခြင်း ပဋိဝေဓဉာဏ်ဖြင့်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။ မဂ္ဂံ၊ မဂ္ဂသစ္စာကို။ ဘာဝနာပဋိဝေဓေန၊ ပွါးစေခြင်း ပဋိဝေဓဉာဏ်ဖြင့်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။ ဒုက္ခံ၊ ဒုက္ခသစ္စာကို။ ပရိညာဘိသမယေန၊ ပိုင်းခြား၍ သိခြင်း အဘိသမယဉာဏ်ဖြင့်။ အဘိသမေတိ၊

သိစေ၏။ သမုဒယံ၊ သမုဒယသစ္စာကို။ ပဟာနာဘိသမယေန၊ ပယ်ခြင်း အဘိသမယဉာဏ်ဖြင့်။ အဘိသမေတိ၊ သိစေ၏။ နိရောဓံ၊ နိရောဓသစ္စာကို။ သစ္ဆိကိရိယာဘိသမယေန၊ မျက်မှောက်ပြုခြင်း အဘိသမယဉာဏ်ဖြင့်။ အဘိသမေတိ၊ သိစေ၏။ မဂ္ဂံ၊ မဂ္ဂသစ္စာကို။ ဘာဝနာဘိသမယေန၊ ပွါးများခြင်းအဘိသမယဉာဏ်ဖြင့်။ အဘိသမေတိ၊ သိစေ၏။ ဇေဝံ၊ ဤသို့။ အသော ပုဂ္ဂလော၊ ထိုယောဂီပုဂ္ဂိုလ်အား။ ပုဗ္ဗဘာဂေ၊ လောကုတ္တရာမဂ်သို့ မရောက်မီ ရှေ့အဘို့က။ ဒွီသု သစ္စေသု၊ ဒုက္ခသစ္စာ သမုဒယသစ္စာ နှစ်ပါး တို့၌။ ဥဂ္ဂဟပရိပုစ္ဆာသဝနဓာရဏသမ္မသန ပဋိဝေဓော၊ သင်ခြင်း မေးမြန်းခြင်း ဆောင်ခြင်း သုံးသပ်မှတ်ရှုခြင်း ပဋိဝေဓ ဉာဏ်သည်၊ ဟောတိ၊ ဖြစ်၏။ ဒွီသု သစ္စေသု၊ နိရောဓ-မဂ္ဂ သစ္စာနှစ်ပါးတို့၌။ သဝနပဋိဝေဓောယေဝ၊ အဆင့်ကြားခြင်း နာခြင်း ပဋိဝေဓ ဉာဏ်သည် သာလျှင်။ ဟောတိ၊ ဖြစ်၏။

ထိုသို့ သစ္စာလေးပါးတရား တို့ကို သင်ခြင်း ပရိယတ္တိ၊ မေးခြင်း ပရိယတ္တိ နာခြင်း ပရိယတ္တိ၊ ဆောင်ခြင်း ပရိယတ္တိ၊ သုံးသပ်မှတ်ရှုပွါးများခြင်း ပဋိပတ်၊ နာခြင်း ပရိယတ်အား ဖြင့် ပြုသော ကာလမှစ၍ တရသော လောကီ ပဋိဝေဓ ဉာဏ် အဘိသမယဉာဏ် တို့ဖြင့် သိအပ် ကုန်၏။ ဤသို့ သစ္စာလေးပါး ကမ္မဋ္ဌာန်းတရားတို့ကို အဘာန်ဘန် အထပ်ထပ် သိခြင်း ပရိယတ္တိ ဘာဝနာ သုံးသပ် မှတ်ရှုခြင်း ပဋိပတ္တိဘာဝနာ၊ ပွါးများမှတ်ရှုခြင်းတို့ဖြင့် လောကီပဋိဝေဓ

ဉာဏ်ကို ရပြီး၍ ဝိပဿနာ ဉာဏ်စဉ်တက် လောကုတ္တရာ မဂ်စိတ္တက္ခဏ၌ ပဋိဝေဓအဘိသမယဉာဏ်ကိုရသည်။ ၊ ထိုကြောင့် အဋ္ဌကထာ၌....

အပရာဘာဂေ တီသု ကိစ္စတော ပဋိဝေဓော
ဟောတိ၊နိရောဓေ အာရမ္မဏပဋိဝေဓော။

ဟု-မိန့်ဆိုတော်မူ၏။

အပရာဘာဂေ၊ ဝိပဿနာဉာဏ်စဉ်တက်၍ လောကုတ္တရာမဂ်စခန်း၌။ တီသု သစ္စေသု၊ ဒုက္ခသစ္စာ သမုဒယသစ္စာ မဂ္ဂသစ္စာသုံးပါးတို့၌၊ကိစ္စတော၊ဒုက္ခသစ္စာကိုပိုင်းခြားသော ပရိညာ ကိစ္စ၊ သမုဒယသစ္စာကို ပယ်သော ပဟာနကိစ္စ၊ မဂ်ကိုပွါးသော ဘာဝနာကိစ္စ-အားဖြင့်။ ပဋိဝေဓော၊ ထိုးထွင်း၍သိ၏။ဝါ၊သိမြင်ခြင်းသည်။ ဟောတိ၊ဖြစ်၏။ နိရောဓေ၊နိရောဓသစ္စာ၌။ အာရမ္မဏပဋိဝေဓော၊ ခန္ဓာ,နာမ်,ရုပ် မဖြစ်ဘဲ ချုပ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုသောအားဖြင့် ထိုးထွင်း၍ သိခြင်းသည်။ဟောတိ၊ဖြစ်၏။

ထိုသို့ သင်ခြင်း နာခြင်း မှတ်ရှု ပွါးများခြင်း တို့ကို လောကုတ္တရာ ပဋိဝေဓအကြောင်းဖြစ်သောကြောင့် သစ္စာလေးပါး တရားကို သိသော လောကီ ပဋိဝေဓ ဉာဏ် ဟု ဆိုသည်။

သမ္မောဟာဝိနောဒနီ အဋ္ဌကထာ အရမှာ။

သမ္မာဒိဋ္ဌိဖြစ်ရန် သစ္စာလေးပါး တရားကို ဆင်ခြင်မေး မြန်းခြင်း နာခံခြင်း ဆောင်ခြင်း သုံးသပ်မှတ်ရှုခြင်း ပွါး

များခြင်း မပြုမီ ရှေးအတိုကာလက ဒုက္ခသစ္စာကို ပိုင်းခြား၍သိအံ့၊ သမုဒယသစ္စာကိုပယ်အံ့၊ နိရောဓသစ္စာကို မျက်မှောက်ပြုအံ့၊မဂ္ဂသစ္စာကိုပွါးများအံ့ ဟု အာဘောဂ မနသိကာရ ပဋ္ဌဝေက္ခဏာ နှလုံးသွင်း မရှိကြပေ။

သင်ယူသောအခါ မေးမြန်းသောအခါ နာသောအခါ ဆောင်သောအခါ သုံးသပ်မှတ်ရူသော အခါကာလမှစ၍ ဒုက္ခသစ္စာကို ပိုင်းခြား၍သိအံ့၊ သမုဒယသစ္စာကို ပယ်အံ့၊ နိရောဓသစ္စာကို မျက်မှောက်ပြုအံ့၊ မဂ္ဂသစ္စာကို ပွါးများအံ့၊ ဤသို့ မနသိကာရ ပဋ္ဌဝေက္ခဏာ နှလုံးသွင်း ဆင်ခြင်ခြင်း ပြု၍၊ သစ္စာလေးပါးကို ဆင်ခြင် သိမ်းဆည်းသော အခါ လောကီပဋိဝေဓဉာဏ်ကို ရ၍၊ သတိထား၍ စဉ်းစားဆင်ခြင်လျှင် အထူးအားထုတ်ဘွယ် ကောင်းလှပါသည်။

ယခု ဖြစ်နေရသော ခန္ဓာကိုယ် ကြီးသည် အဘယ် ကြောင့် ဖြစ်ရပါသနည်း။ဤခန္ဓာကိုယ်ကြီးအတွက် တဏှာ မာန ဒိဋ္ဌိ-စသော ပပဉ္စတရား အမျိုးမျိုး တောင့်တသာယာ ဘွယ် အမျိုးမျိုးသော ဒုက္ခ ကြောင့်ကြမှု အဆင့်ဆင့် ဖြစ်နေရခြင်းသည် အဘယ်ကြောင့် ဖြစ်ပေါ်နေရ ပါသနည်း ဟု ဆင်ခြင်လျှင်....

"ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာ ဂတော"ဟူ၍ ဟောတော်မူသည်။ ။"အဝိဇ္ဇာ ဟေတု ဝေါ ပဋ္ဌ" ဟူ၍ရင်း၊ အတိတ်ကာလ၊ သံသရာဝ၊ စက တည်းကပင်၊တဏှာဥပါဒါန် ကမ္မဘဝ အာ်ငှာသင်္ခါရ-ဟူ သော အကြောင်းငါးပါးကြောင့် ဝိညာဏ် နာမ် ရုပ် သဠာ

ယာတန ဖဿ ဝေဒနာ တဏှာ-ဟူသော ခန္ဓာ ဇာတိ ဖြစ်ပေါ်လာရခြင်း ထိုခန္ဓာ၌ ပီဠနဋ္ဌဒုက္ခ၊ အဘန်ဘန် ကပ်ငြိနှိပ်စက်ခံနေရခြင်း၊ ကံ, စိတ်, ဥတု, အာဟာရတို့ကြောင့် သင်္ခတဒုက္ခ။ မရောင့်ရဲတွာ လောင်စာနှင့်အဘူ ပူပန်စေတတ်သော-သန္တာပနဒုက္ခ။ ဇရာ, မရဏ,သောက ပရိဒေဝ-ဘော်ဖြန်ပျက်စီး အနည်းနည်း အထွေထွေ သေကြေ ပျက်စီးရသော-ဝိပရိဏာမဒုက္ခ,ဟူသော ဒုက္ခသစ္စာ ခန္ဓာကိုယ်ကို အကြောင်းပြု၍ အကျိုးကိုမသိလျှင် ဇာတိချုပ်ခြင်း ဂိုရုံမှနှင့် သမုဒယသစ္စာ သိဏာ မရောက်သည် ဖြစ်၍ မဂ်ကိစ္စ မပြီးနိုင်။ သမုဒယ သစ္စာကြောင့် ဇာတိတဘန် ဖြစ်ရသည် ဟု ဇာတိ ဖြစ်မှုကို သိမှ တဏှာကို ပယ်သတ် နိုင်မည်။ ထို တဏှာသမုဒယကို ပယ်မှ ဝါနနိကဗ္ဗန္တ နိဗ္ဗာန်ရောက် နိုင်မည်။ သောတာပန်ဖြစ်မှသကဒါဂါမိ,အနာဂါမိ ရဟန္တာ အစဉ်အတိုင်း ဖြစ်နိုင်ကြ ရသေသည်။

ယခုအခါ ပုထုဇ္ဇဉ်သောတာပန်မှ မဟာသောတာပန် ဖြစ်ကြရန် သာသနာတော် အတွင်းတွင် လူ့ဘဝ၌ ဒုလ္လဘ အခိုက် ကြုံကိုက်သော အခါမှာ သစ္စာလေးပါး သမ္မာဒိဋ္ဌိတရားကို သိမြင်ကြရန် ဒုက္ခသစ္စာကို အဘန်ဘန် အထပ်ထပ် မပြတ်မလပ် အားထုတ်အပ်၏။

ဇာတိမူလ၊သူစပြန်ပြီ။
ဇရာပိုယွင်း၊အိုမင်းတလီ။
ဗျာဓိတင်းကြမ်း၊ညှဉ်းပန်းလာမည်။
ဒုက္ခစက်၊အထွက်ခက်တော့သည်။

ဟူသော စကားအရ ဇာတိရှိလျှင် ဒုက္ခခပ်သိမ်း မငြိမ်းနိုင်ဘဲ ပေါ်မြဲသာတည်း။ ဒုက္ခကင်းငြိမ်းလိုလျှင် ဇာတိမဖြစ်ရန် ဒုက္ခဆဲ့နှစ်ပါးကို အပြစ် အာဒီနဝ မြင်ရမည်။ ။ အချုပ်အားဖြင့် သမုဒယတဏှာကို ပယ်သတ်မှ ဒုက္ခခပ်သိမ်း ကင်းငြိမ်းမည်ဖြစ်၍....

ဒုက္ခေ ဉာဏံ ဒုက္ခသမုဒယေ ဉာဏံ၊ ဒုက္ခနိရောဓေ
ဉာဏံ ဒုက္ခနိရောဓဂါမိနိပဋိပဒါယ ဉာဏံ-

ဟူ၍ သမ္မာဒိဋ္ဌိ မဂ်ပညာမြင့် သစ္စာလေးပါး တရားကို ပိုင်းခြားထင်ထင် သိမြင်ရမည်။ အကြောင်း တဏှာသမုဒယပယ်မှ ဒုက္ခခပ်သိမ်း ကင်းငြိမ်းမည် ဟူရာ၌ တဏှာပယ်ရန်မှာ ထမင်းအငတ်ခံ, ကြောသနိက်စား, အတ္တကိလမထ-အကျင့်နှင့် ကိုယ်ကို ပင်ပန်းအောင်ပြု၊ တောသို့နေ၍ ကြောစာရအကျင့်နှင့်ရသမျှ သစ်သီးထမင်း, သစ်သီးဟင်းပြု၍ နေသော်လည်း တဏှာကို မပယ် မသတ်နိုင်ရာ။ တဏှာပယ်သတ်ရန်မှာ သတိစသော မဂ္ဂင်ရှစ်ပါး သမ္မာဒိဋ္ဌိတရားသာတည်း။

ခန္ဓာသမော ဝေရီ၊ ခန္ဓာနှင့်တူသောရန်သူမရှိ၊ ခန္ဓာရှိလျှင် ဒုက္ခအပေါင်းခြီရံလျက်ရှိသော ခန္ဓာကိုယ်ကို ဒုဿ ဖြစ်ဒေါသ အာဒီနဝကို ရှုမြင်ရမည်။

ဥပ္ပါဒဥ္စ ပဝတ္တဥ္စ နိမိတ္တံ ဒုက္ခန္တိ ပဿတိ၊ အာယူဟာနံ ပဋိသန္ဓိဥ္စ အာဒီနဝ ဉာဏံ။

အနက်။ ။ဥပ္ပါဒဋ္ဌ၊ရှေးကံကြောင့် ယခု ရုပ်,နာမ်တို့၏ အသစ်အသစ် မြင်မှု,ကြားမှု,နံမှု,စားမှု,ထိ·သိမှုဘို့ ဖြစ်ရခြင်းကိုလည်း။ ဒုက္ခန္တိ၊ ဆင်းရဲ သဘောပါ တကားဟု၊ ပဿတိ၊ရှု၏။ ပဝတ္တဋ္ဌ၊ရှေးကံကြောင့် ရုပ်,နာမ်တို့ အစဉ်မပြတ် ထပ်ကာထပ်ကာ တစပ်တည်း ဖြစ်၍ နေရခြင်းကိုလည်း။ ဒုက္ခန္တိ၊ဆင်းရဲဟု။ ပဿတိ၊ရှုမြင်၏။ နိမိတ္တဋ္ဌ၊ မိမိကိုယ်ဟု ထင်နေသော သင်္ခါရ။ ခယဝယ၊ အမှတ်နိမိတ်အနိစ္စသဘောအားဖြင့် ကုန်ပျက်သောဒုက္ခသဘောကိုရင်း။ အာယူဟနဋ္ဌ၊အားထုတ်မှုလုံ့လပယောဂကိုရင်း။ ပဋိသန္ဓိဋ္ဌ၊ပဋိသန္ဓေ တည်နေရခြင်းကိုရင်း။ဒုက္ခန္တိ၊ဆင်းရဲပါတကားဟု။ပဿတိ၊ရှု၏။ ဌာန်၊ဤသို့ရှုကြောင်း ငါးပါးသော တရားသည်။ အာဒီနဝဉာဏံ၊ အပြစ်ဒေါသကို မြင်သော အာဒီနဝဉာဏ်မည်၏။

အာဒီနဝ အပြစ်ဒေါသကို မြင်မှ သမုဒယတဏှာကို ပယ်သတ်နိုင်မည်၊ အကျိုး, အကြောင်း ကောင်းစွာမြင်သော သမ္မာဒိဋ္ဌိဖြစ်မည်။

သဘာဝအနက်။ ။ဘိက္ခဝေ၊ ရဟန်းအပေါင်း၊ သူတော်ကောင်းတို့။ကတမော စ၊အဘယ်တရားသည်လည်း။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိမည်သနည်း၊ ဒုက္ခေ၊ ခန္ဓာငါးပါး၊ ဒုက္ခသစ္စာတရား၌၊ ဉာဏံ၊ ဒုက္ခပရိဇာနန အားဖြင့် ပိုင်းခြား၍သိခြင်းရင်း။ ဒုက္ခသမုဒယေ၊ ဒုက္ခဖြစ်ကြောင်း ဖြစ်သော ဒုက္ခသမုဒယတဏှာအစေး၌။ ဉာဏံ၊တဏှာအာရုံ၊ကာမဂုဏ်ဖြစ်တိုင်း သတိအမှတ် ပညာဖြင့် သိခြင်းရင်း။ ဒုက္ခ

နိရောဓေ၊ ဒုက္ခကုန်ဆုံးခြင်း, ချုပ်ငြိမ်းခြင်း ဟူသော ခန္ဓာ ဓာတ်သိမ်းသောနိဗ္ဗာန်၌။ ဉာဏံ၊သိခြင်းရှင်း။ ဒုက္ခနိရောဓ ဂါမိနိ ပဋိ ပဒါယ၊ ဒုက္ခ ကုန်ဆုံးရာ ဓာတ် မရှိသော နိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းဟောင်း မဂ္ဂင် ရှစ်ပါး၌။ ဉာဏံ၊သိခြင်းရှင်း။ အယံ၊ဤတရားကို။ သမ္မာဒိဋ္ဌိ၊သမ္မာဒိဋ္ဌိ ဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

ဤသို့ကျင့်ရာ၏ဟု ထပ်မံ၍ အခါခါ ပြုရခြင်းဖြစ်သည်။ ဤအကျင့်မှတပါး နိဗ္ဗာန် ရောက်ကြောင်းတရား မရှိ ဟူ၍ မှတ်။ ဤ၌ သတ္တဝါတို့ ဖြစ်မှု,ပျက်မှု,ချုပ်မှုမဟုတ်။ သံသရာ ဘဝအဆက်ဆက်က တဏှာသမုဒယကြောင့် ဖြစ်သော နာမ်,ရုပ်တရား ချုပ်ခြင်းသာဟု တရားသဘောဟု ဟုတ် မှန်စွာ ရှုမြင်ရမည်။ ဤသို့ရှုမြင်လျှင် ယုံမှားခြင်း ဝိစိကိစ္ဆာ ကင်းရာ၏။

ဤသာသနာတော်၌ ခန္ဓာငါးပါး ရုပ်,နာမ်တရား သက်သက်သာရှိသည်။ပုဂ္ဂိုလ်သတ္တဝါမဟုတ်။ ဆင်းရဲခြင်းဒုက္ခ သစ္စာကို ဖြစ်စေတတ်သော သမုဒယသစ္စာ တဏှာသည် သာရှိ၏။ သမုဒယ တဏှာကို ပြုလုပ်တတ်သော ပုဂ္ဂိုလ် သတ္တဝါမရှိ။ သင်္ခါရစေတနာ တဏှာဟူသော ကြိယာမျှသာ ရှိသည်။ ငြိမ်းအေးသော နိရောဓသစ္စာ နိဗ္ဗာန်သာရှိသည်။ ငြိမ်း အေးသော ပုဂ္ဂိုလ်သတ္တဝါမရှိ၊ သန္တိသဘောသာ ရှိသည်။ သမ္မာဒိဋ္ဌိဟူသော မဂ်လမ်းသာ ရှိသည်။ သွားတတ်သော ကျင့်တတ်သော ပုဂ္ဂိုလ်သတ္တဝါမရှိ၊ထိုသို့မှန်သော တရား သာရှိသည်။ လူ,နတ်,ဗြဟ္မာ-သတ္တဝါမရှိ၊ဝိညာဏ်သညာ

ဖြင့် ထင်ရုံကာမျှ ထင်မြင်ရသော အမှားပညပ် သဘော မျှသာဖြစ်သည်။ ယခုသုံးသပ်ဆင်ခြင်သောအရာမှာလည်း ဗြဟ္မနိမန္တနသုတ်၌....

သင်္ခါရေဝ သင်္ခါရေ ဥပလက္ခိံသု သမ္မသိံသု ဝဝတ္ထပေသုံ ပရိဂ္ဂဏှိံသု ပရိစ္ဆိန္ဒိံသု။ ။ဟု ဟောတော် မူသည်။

အနက်။ ။သင်္ခါရေဝ၊ သင်္ခါရတရားတို့သည်သာလျှင်။ သင်္ခါရေ၊ သင်္ခါရတရားတို့ကို။ ဥပလက္ခိံသု၊ ရှုမြင်ကုန်၏။ သမ္မသိံသု၊ သုံးသပ်ဆင်ခြင်ကုန်၏။ ဝဝတ္ထပေသုံ၊ မှတ်သား ကုန်၏။ ပရိဂ္ဂဏှိံသု၊ သိမ်းဆည်းကုန်၏၊ ပရိစ္ဆိန္ဒိံသု၊ လုံးစုံ သဗ္ဗ သင်္ခါရတရားတို့ကို ပိုင်းခြားထင်ထင် သိမြင်ကုန်၏။

ပုဂ္ဂိုလ်သတ္တဝါက ရှုမြင်သည်မဟုတ်၊ သင်္ခါရဖြစ်ပျက် နေခြင်းကို သင်္ခါရသဘောတရားက ရှုမြင်သည်။ သတိ အထူးထား၍ စဉ်းစားကြပါကုန်၊ ။ဤနေရာ၌ ဓမ္မသဘော ကို သဘောကျရန် ခဲယဉ်းသည်။ ကာရကဝေဒကပုဂ္ဂိုလ် မရှိမရအောင်။ တရားသဘောကိုသာ ရှုအောင် မြင်အောင်၏။ ။ အထူးကိုယ်တွေ့စိတ်တွေ့ကို ရှုပါ။ တစုံတခုသောမြင်မှုကို မြင်တွေ့သောအခါ၌ စက္ခုပသာဒရုပ်၌ ရူပါရုံသည် သူ့ သဘာဝ အတိုင်း ထိခိုက်တွေ့ဆုံသောအခါ၌ စက္ခုပသာဒ ရုပ်ကို မှီတွယ်သော စက္ခုဝိညာဏ်စိတ်က မြင်တွေ့ သိရှိ သော အဆင်းအာရုံဖြစ်သည်၊ မိမိက မမြင်နှင့်။ တားဆီး၍ မရ။ သူ့သဘာဝအတိုင်း မြင်သည်ကို သညာဝိပလ္လာသ

အားဖြင့် ငါမြင်သည်ဟု မဟုတ်ဘဲနှင့် အလွဲသိမှတ် ထင်မြင်သည်ကို အထူးသတိအမှတ် ပညာအားဖြင့် ပညီခြေ စေတသိက်နှင့်ရူပါလျှင် ငါမြင်သည် မဟုတ်ကြောင်း ထင်ရှားပါ၏။ ခြောက်ဒွါရ၌ ကျရောက်သမျှ သင်္ခါရတရားကို အကုန်မှော်၍ကြည့်။

ဝိသုဒ္ဓိမဂ်။

ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿစ ဝေဒကော။
သုဒ္ဓဓမ္မာ ပဝတ္တန္တိ။ ဧဝံ တံ သမ္မဒဿနံ။ ။

အနက်။ ။ကမ္မဿ၊ ကုသိုလ်,အကုသိုလ်ကံကို။ ကာရကော၊ ပြုလုပ်တတ်သော ပုဂ္ဂိုလ်သတ္တဝါသည်။ နတ္ထိ၊ မရှိ၊ ဝိပါကဿ စ၊ ကုသိုလ်, အကုသိုလ်၏ အကျိုးတရားကိုလည်း။ ဝေဒကော စ၊ ခံစားတတ်သော ပုဂ္ဂိုလ်သတ္တဝါသည်လည်း။ နတ္ထိ၊ မရှိ၊ သုဒ္ဓဓမ္မာ၊ ပုဂ္ဂိုလ်သတ္တဝါနှင့် မရောမယှက်၊ ဖြစ်ပျက်မှန်လှ၊ ရုပ်,နာမ်မွေ၊ သင်္ခါရတရားတို့သည်သာလျှင်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ဤသို့ဆိုအပ်ခဲ့ပြီးသည့်အတိုင်း။ ဧဝံ တံ ဒဿနံ၊ ဤသို့မြင်ခြင်းသည်သာ။ သမ္မဒဿနံ၊ မဖောက်မပြန်၊ ဝိပဿနာဉာဏ်ဖြင့် ဟုတ်မှန်စွာ မြင်ခြင်းမည်၏။

ဓမ္မသင်္ဂဏီပါဠိတော်။

သဗ္ဗေ ဓမ္မာ အနတ္တာ-ပုဒ်အရ။ ။"သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ နိသတ္တ-နိဇ္ဇီဝ သဘာဝါ၊ သတ္တ,ဇီဝ မဟုတ်ကုန်

သော၊ မွေ့၊ သင်္ခါရသဘောတို့သာလျှင်။ သံပိဏ္ဍိ၍၊ ရှိကုန်၏”ဟူ၍ ဟောတော်မူသည်။

ဝိပဿနာရှုမှတ်သောပုဂ္ဂိုလ်တို့သတိထားရန်။ ။ဤသူသည် အနိစ္စသဘော ဤ အနာရောဂါရှိသော ပုဂ္ဂိုလ်သည် ဒုက္ခသဘော-ဟု ရှုလို့,ရှုထ ရှိကြကုန်၏။ အနိစ္စ, ဒုက္ခ-သဘောတရားသည် ပုဂ္ဂိုလ်သတ္တဝါနှင့်မရောမယှက် ဖြစ်-ပျက်မှန်လျှ၊ရုပ်,နာမ်မွေ့၊သင်္ခါရသဘော ဟုတ်မှန်စွာ ရှုကြမှ အနိမိတ္တ, အပ္ပဏိဟိတ- သုညတ- သဘောဖြစ်မည်။ ။ဝိပဿနာ ရှုသောအခါ အနိစ္စ သဘောသည် အနိမိတ္တ ဝိမောက္ခ။ ဒုက္ခသည် အပ္ပဏိဟိတ ဝိမောက္ခ။ အနတ္တသည် သုညတ ဝိမောက္ခဖြစ်သည်။

ဒုက္ခံ တေဘုမ္မကံ ဝဋ္ဋံ ဆိုသည်မှာ။ ကာမဘုံ, ရူပဘုံ, အရူပဘုံ တို့၌ ဒုက္ခသစ္စာ- ဆင်းရဲအတိသာ ဟု ဆိုသည်။ ထိုသစ္စာထိုက်သော ဒုက္ခသစ္စာသည် မမြဲသောအနိစ္စ ဖြစ်ကာ,ပျက်ကာ နေသဖြင့် ဒုက္ခသစ္စာ၊အမှန်ဒုက္ခ။ ဝိပဿနာရှုရာ၌ ကာမဘုံ,ရူပဘုံ,အရူပဘုံ-ဟူ၍ သုံးဘုံတွင် ကာမဘုံ၌ လူတွေ,နတ်တွေ၊ ဘုံဗိမာန်တွေရှိသည်ဟု တွေ့တွေ့ရာရာထင်စရာ, မြင်စရာ သညာအမှတ် ဖြစ်သကြွာန်တွေ။ ရူပဘုံဆိုရာ၌ ဘုံဗိမာန်တွေ, ဗြဟ္မာတွေ ဟု ထင်ရာထင်တိုင်း အလှိုင်းတကြီး ထင်မြင်ခြင်း သညာဝိညာဏ်တို့ဖြစ်ပေါ်လာရလျှင် အနိမိတ္တ- အပ္ပဏိဟိတ- သုညတ တရား ဝိမောက္ခတရားမရနိုင်ရာ။အဘယ်ကြောင့်နည်း။ပုဂ္ဂိုလ်ဖြစ်ဩကာတ် နိမိတ် မကင်းသဖြင့် အနိမိတ္တ- အပ္ပဏိဟိတ-

သုညတဝိမောက္ခတရား မရနိုင်သည်ကို သတိရှိကြစေရန် ဝိပဿနာ ရှုသောအခါ မိမိခန္ဓာ၌ ဖြစ်ပေါ်သော ကာမစိတ္တုပ္ပါဒ်, ရူပစိတ္တုပ္ပါဒ်, အရူပစိတ္တုပ္ပါဒ် ဓမ္မသဘော ဖြစ်သောအခါတို့၌ အနိစ္စ,ဒုက္ခ, အနတ္တ-သဘောဟု သိသောအားဖြင့် တရားသဘောသည် နိမိတ်ဒြပ်မကပ်မငြိသဖြင့် အနိမိတ္တဝိမောက္ခ ထိုဒြပ်နိမိတ်မရှိသည်ကိုတောင့်တခြင်းမရှိ၊ အပဏိဟိတဝိမောက္ခ။ တစုံတရာ သတ္တဝါမရှိ၊ ပကတိတရားသဘောကိုသိသော သုညတဝိမောက္ခဖြစ်၏။

ဒုက္ခမေဝ ဟိ သမ္ဘောတိ ဒုက္ခံ တိဋ္ဌတိ ဝေတိ စ၊
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ။ ။

အနက်။ ။ဟိ သစ္စံ၊ ထိုစကားမှန်၏။ ဒုက္ခ မေဝ-ဒုက္ခံ ဧဝ၊ ဆင်းရဲသက်သက်သာလျှင်။ ဝါ၊ ဒုက္ခသစ္စာသက်သက်သာလျှင်။ သမ္ဘောတိ၊ ဖြစ်၏။ ဒုက္ခံ၊ ဒုက္ခသစ္စာသည်။ တိဋ္ဌတိ၊ ခဏဋ္ဌီ,ပဗန္ဓဋ္ဌီအားဖြင့်တည်၏။ ဝေတိ စ၊ ချုပ်လည်းချုပ်၏၊ ဒုက္ခာ၊ ဒုက္ခသစ္စာကို။ အညတြ၊ ကြဉ်ထား၍။ ကိဉ္စိ ဓမ္မဇာတံ၊ ပုဂ္ဂိုလ်သတ္တဝါ၊ ခေါ်ဆိုစရာ တစုံတခုသော တရားသဘောသည်။ န သမ္ဘောတိ၊ မဖြစ်။ အညံ ဒုက္ခံ၊ ဒုက္ခသစ္စာမှတပါးသောတရားမည်သည်။ န နိရုဇ္ဈတိ၊ ချုပ်သည်မရှိ။

ခန္ဓာမွေ၌ ဓာတ်စ သည်မှ အစဉ်မပြတ် အထပ်ထပ်ဖြစ်နေရခြင်းသည် သုခ ဟူသည် မြူမျှ မပါ။ ဒုက္ခသစ္စာသက်သက်သာဖြစ်-ပျက်နေသည်ကို၊ ဥပါဒ်,ဌီ,ဘင်အားဖြင့်

ဖြစ်-ပျက်နေသည်ကို ဗုဒ္ဓပိသသဉာဏ်တော်ကိုမှီ၍ သိမြင်ရာ၏။

ဒုက္ခမေဝ ဟိ နော ဒုက္ခီ၊ ကိရိယာဝ န ကာရကော။
နိဗ္ဗုတိ စ နိဗ္ဗုတော နာ၊ မဂ္ဂေါဝ ဂမကော နိဝ။ ။

အနက်။ ။ဣဓ၊ဤသာသနာတော်၌။ ဒုက္ခမေဝ၊ သုခ မဘာက်၊ဆင်းရဲသက်သက်သာလျှင်။အတ္ထိ၊ရှိ၏။ ဒုက္ခီ၊ဆင်းရဲခံရသော ပုဂ္ဂိုလ်သတ္တဝါသည်။နော အတ္ထိ၊မရှိ။ကိရိယာဝ၊ဆင်းရဲကိုပြုခြင်းအမှုအရာ၊သမုဒယသစ္စာတရားသည် သာလျှင်။ အတ္ထိ၊ရှိ၏။ ဒုက္ခီ၊ ဆင်းရဲသော ပုဂ္ဂိုလ်သတ္တဝါ သည်။ နော အတ္ထိ၊ မရှိ။ ။ကာရကော၊ ပြုတတ်သော ပုဂ္ဂိုလ်သတ္တဝါသည်။ န အတ္ထိ၊မရှိ။ နိဗ္ဗုတိ စ-နိဗ္ဗုတိ ဧဝ၊ ငြိမ်းသက်သောနိဗ္ဗာန်သည်သာလျှင်။အတ္ထိ၊ရှိ၏။ နိဗ္ဗုတော၊ ငြိမ်းသောသတ္တဝါသည်။န အတ္ထိ၊မရှိ။ မဂ္ဂေါဝ၊လမ်းသည် သာလျှင်။ အတ္ထိ၊ရှိ၏။ ဂမကော၊ သွားသော သူသည်။ န အတ္ထိ၊မရှိ။

ဓမ္မသင်္ဂဏိ၌။ ။"ဓမ္မာ နိဿတ္တာ နိဇ္ဇီဝါ သဘာဝါ" ဟူ၍ ဟောတော် မူသည်။ ။နိဿတ္တာ နိဇ္ဇီဝါ သဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ဝါ။ သဘောတရား သက်သက်သာလျှင်။ သံဝိဇ္ဇန္တိ၊ရှိကုန်၏။

သတ္တလောက ဩကာသလောက ပြောကြသော်လည်း တရားအစစ် အနှစ်ကိုရှာလိုက်လျှင် သင်္ခါရလောကတခု

သာ ရသည်။ သင်္ခါရလောက ဆိုရာမှာလည်း သင်္ခါရ-ပြုပြင်ခြင်းမျှကို လောက ဆိုသည်။ ။လုဇ္ဇတိ ပလုဇ္ဇတိ၊ ဖရိုဖရဲ ပြိုကွဲ ပျက်ပြား တတ်၏။ ဣတိ၊ ထိုကြောင့်။ လောကော၊လောကမည်၏။ ။သတ္တဝါတို့ ဖြစ်မှု ပျက်မှုမပြတ်၊ တဏှာ သမုဒယကြောင့် ဖြစ်သော ရုပ်,နာမ်မွေ့ သင်္ခါရ ချုပ်ပျက်ခြင်း မျှသာဟု မှန်ကန်စွာ သိမြင်သဖြင့် ယုံမှားခြင်း ကင်းလျှင် စူဠသောတာပန်မှ မဟာသောတာပန် တည်နိုင်တော့၏။မဂ်တက်စဉ်၌….သောတာပတ္တိမဂ်သည် ဒဿနပဟာတဗ္ဗဖြစ်သည်။ အထက်မဂ်များမှာမူ ဘာဝနာကိစ္စနှင့် မဟာကုသိုလ်ဉာဏသမ္ပယုတ် စိတ်ဖြင့် တက်ရသည်။ ဤသို့ တမဂ် တဖိုလ် မှီခိုရာရလျှင် အပါယ်သို့မလား အပါယ်တံခါး ပိတ်၍ နိယတသရဏဂမ် တည်ခြင်း၊ ဝိနိပါတ ဘရမ်းပတာ မဖြစ်ဘဲ သုဂတိဘဝ၌သာ အများဆုံး ခုနစ်ဘဝ သာနေ၍ အထက်မဂ်သို့ တက်ရောက် နိုင်သည်။

ယခုအခါ သာသနာတော် တွင်း၌ ကြုံကြိုက် ကြကုန်သော လူဥပါသကာ ဥပါသိကာတို့မှာ ဘဝ သမ္ပတ္တိနှင့် ပြည့်စုံ၍ အိမ်ယာထောင်သော လူ့ဘောင်၌ ပစ္စည်းဥစ္စာ ရှာမှီးရခြင်း မကင်း နိုင်သော်လည်း သစ္စာ လေးပါး သမ္မာဒိဋ္ဌိတရားကို သိမြင်နိုင်ရန် ကလျာဏမိတ္တ ဆရာကောင်းကို ရှာမှီး၍ ဆိုဆုံးမသောတရားကို လိုက်နာကျင့်ကြံလျှင် ယခုခဏ ယခုဘဝတွင် သောတာပန် ဖြစ်နိုင်ပါ၏။ ဝိသာခါ-အနာထပိဏ် တံငါသည်စသော သူတို့ပင် သစ္စာလေးပါးကို ထင်မြင်အောင် ဟောတတ် ပြောတတ်သော ဆရာ

ကောင်းတို့နှင့် တွေ့ကြုံ၍ ဟောပြောသော တရားကို မှတ်သား သိမြင်လျှင် ယခုဘဝမှာပင် သောတာပန် ဖြစ်နိုင်ပါသည်။ ဝိသာခါ အနာထပိဏ်တို့ကို ကြည့်။ လူဥပါသကာ ဥပါသိကာတို့မှာ ပြုမြဲ ဝတ်ကို မချွတ်မယွင်း ပေးကမ်း လှူဒါန်းခြင်း မိဘ ဆရာ သမား သား, မယား လင်သားတို့ ဝတ်တရားကို ပြုသော်လည်း အကြောင်း အကျိုး တရားကို ကွဲပြားစွာ သိမြင်၍ ဇာတိဖြစ်ရခြင်း၏ အဖြစ်ဒေါသ အာဒီနဝကို သိမြင်လျက် ဇာတိတဖန် မဖြစ်လိုသည်ကို အာရုံရှု ပြေးလျက် ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ မငဲ့ဘဲ ပြုသည် ဖြစ်၍ တဏှာပဏိဓိမှ ကင်းလွတ်မည် ဖြစ်ပါသည်။

တရားကို အားထုတ်လိုသော သဒ္ဓါဆန္ဒရှိကြသော လူ ဥပါသကာ ဥပါသိကာ တို့မှာ တရား၌ ဖြည့်ညီ နှလုံးသွင်း ရှိကြကုန်သော ရှင်ရှင် လူလူ ဟူသမျှ တို့သည် သစ္စာကို သိမြင်နိုင်သော တရားမှာ ခန္ဓာ ငါးပါးသည် အကြောင်း တရားရှိ၍ အကျိုးတရားမျှသာဟု သမ္မာဒိဋ္ဌိဉာဏ်သည် ဒိဋ္ဌိကို ပယ်သတ်သည်မည်၏။ သက္ကာယဒိဋ္ဌိမှ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတို့မှလည်း ကင်းလွတ်၏။

ဓမ္မပဒပါဠိတော်။

ပုတ္တာမတ္ထိ ဓနာမတ္ထိ၊
ဣတိဗာလော ဝိဟညတိ။
အတ္တာဟိ အတ္တနော နတ္ထိ၊
ကုတော ပုတ္တာ ကုတော ဓနံ။ ။

အနက်။ ။သပ္ပုရိသာ၊ သူတော်ကောင်း အပေါင်းတို့။ ဣဓလောကေ၊ဤဖြစ်-ပျက်နေသောလောက၌၊ ဗာလော၊အကြောင်း သမုဒယသစ္စာ၊တဏှာဥပါဒါန်အကြောင်းကြောင့် အကျိုး ဒုက္ခသစ္စာ၊ ခန္ဓာ, နာမ်, ရုပ်ကို မသိမမြင် မဆင်ခြင်နိုင်သော အန္ဓပုထုဇဉ် ပုဂ္ဂိုလ် များသည်။ ဧဝံ မညတိ၊ ဤသို့ အဝိဇ္ဇာ တဏှာ အတွက် တပ်မက်စွဲလမ်းရာလေ၏။ မေ၊ငါ့အား၊ပုတ္တာ၊သားသမီးရတနာတို့သည်။အတ္ထိ၊ရှိကုန်၏။ဓနာ၊ဥစ္စာ ရွှေ ငွေ ရတနာတို့သည်။အတ္ထိ၊ရှိကုန်၏။ဣတိ၊ ဤသို့။မညတိ၊ထင်မှားမြင်မှားရာလေ၏။ တေန၊ထိုကြောင့်။ ဝါ၊အဝိဇ္ဇာနှင့် တဏှာရှေ့သွား သညာဖေါက်ပြား အထင်မှားသောကြောင့်။ ဝိဟညတိ၊ တမြည့်တန်းတန်း စိတ်ပင်ပန်းလျက် အပါယ်စခန်း အပါယ်လမ်းသို့ ပင်ပန်း ဆင်းရဲစွာ သွားရလာရ ကြလေ၏။ အတ္တနော၊မိမိ၏။ အတ္တာပိ၊ အတ္တထင်သော ငါသည်လည်း၊ နတ္ထိ၊ ငါဟူ၍ ပြောစရာ ဘာမျှမရှိ၊ ပုတ္တောပိ၊ သားသမီး ရတနာ သည်လည်း။ ကုတော အတ္ထိ၊ အဘယ်မှာ ရှိပါတော့ အံ့နည်း။ ဓနံ၊ ရွှေ ငွေ ဥစ္စာ ရတနာ လယ် ယာ ကိုင်းကျွန်း ဟူသမျှ သည်လည်း၊ကုတော အတ္ထိ၊အဘယ်မှာ ရှိနိုင်ပါအံ့နည်း။

ခန္ဓာငါးပါး ရုပ်, နာမ်, တရား တို့သည် ငါ သူတပါး ယောက်ျားမဟုတ် မိန်းမမဟုတ်ကြောင်း ဝေဘန်ပိုင်းခြားသော အခိုက် အမှန် သိမြင်သော အခိုက်အတန့် ကာလ၌ ဉာဏ်အမြင် ရောက်သော်ထည်း တာရှည်စွာ မတည်နိုင်သော်လည်း အမှန်ကို သိသောဉာဏ် ရလိုက်သည် ဖြစ်၍

အတိတ် ကာလက တဏှာ ဥပါဒါန် "ကမ္မဘဝ အဝိဇ္ဇာ သင်္ခါရ" ဟူသော ကိလေသာဝဋ် ကမ္မဝဋ် မချွတ်မသွင်း ပါရှိ နေခြင်းကြောင့် "ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ" ခန္ဓာ အကျိုးဆက် ဝိပါက်တရား ဖြစ်ပွါး နေသည်ကို မိန်းမ ယောကျ်ား လူ နွား မထင်နိုင် မမြင်နိုင် ဟု တားမြစ်၍မရ။ အတိတ်က ထင်စေရန် မြင်စေရန် ကံ ပါသောကြောင့်သာ ထင်နေရသည်၊

ပဋိစ္စ သမုပ္ပါဒ်-ဟူသော အတိတ် အကြောင်း ငါးပါး ကြောင့် ပစ္စုပ္ပန်၌ "ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ" ဟူသော ဝိပါကဓမ္မကို တားမြစ်၍ မရ နိုင်။ ထင်မြဲ မြင်မြဲ ထင်မြင် သော်လည်း ပညတ် အထင်၊ ဝိညာဏ် သညာ ခန္ဓာ နာမ်ရုပ် ရှိက ထင်မြင် ရမည် ဟု အမှန်ကို သိရမည်။ ထိုသို့ ဝိပါက်အကျိုးကို ခံ၍ မြင်မှု ကြားမှု နံမှု သိမှု ထိမှု တွေ့သောအခါ သံသရာကို ချဲ့ထွင် စေသော အမြင်မျိုး အသိမျိုးနှင့် မသိရ။ သူ့ သဘာဝ သူ့ ပရမတ္ထ သူ့ ကိစ္စ သူမြင်မြဲ ထင်မြဲဟုသာ ဓမ္မတာ သဘာဝ ဝိညာဏ်မြင်ဟုသာ သိထင်မှတ်သား ရာ၏။

စိတ်ဘာရယာတ် ကိုးဆယ်ကို ဝိညာဏ်ဆိုသဖြင့် စိတ်ကို အာရုံပြုရာ၏။ ဤသို့ စိတ်ကို အာရုံပြုသဖြင့် ပရမတ်ကို အာရုံပြုသည် မည်၏၊ ပညတ် အနေနှင့် ဝိညာဏ် လှည့်ဖြား သည့်အရာကို အရိယာအရှင်တို့ပင် မြင်တော်မူကြပေ၏။ မြင်ပုံမှာ ရေထဲ၌ ငါးကိုမြင်၍ ရေထဲ၌ ငါးဟူသောပညတ် ကိုမြင်ရ ရေဟူသော ပရမတ်နှင့် တထင်တည်းမြင်သည်။

၍ဥပမာအတိုင်း မြင်ကြား နံ စား ထိ သိ တို့ ဖြစ်ပေါ်လာ တိုင်း သတိကိုရှေ့ထား၍ မြင်ရာ၏။

ပါဠိတော်။

သဗ္ဗိယာ ဝိယ ဩမဋ္ဌော၊
ဒယှမာနော ဝ မတ္ထကေ။
သက္ကာယ ဒိဋ္ဌိ ပဟာနာယ၊
သတော ဘိက္ခု ပရိဗ္ဗဇေ။ ။

ဘိက္ခဝေ၊ချစ်သားအပေါင်း သူတော်ကောင်းတို့။ အနု အရိယာသာဝကသည်၊ မဂ်နှင့် မယှဉ် သေးသော နုတ် လူ ပြဟ္မာ သတ္တဝါဝေနေယျအားပေါင်းအား။သဗ္ဗိယာ၊အသွား နှစ်ဘက် မြဲထက်ထက်သော လှံမကြီးဖြင့်။ ဟာဒယေ၊ အစ မထင် သံသရာ အဆက်ဆက် ဘဝစက်က စူးဝင် ရှ,နှ, နေသော စိတ်နှလုံး၌ ဩမဋ္ဌော၊ငါ ငါ-ဟူသော သက္ကာယ ဒိဋ္ဌိကြီး စူးဝင် ရှ,နှ,နေလေပြီ။ မတ္ထကေ၊ ဦးခေါင်း မျက်စိ နား နှာ ကိုယ်နှလုံး၌။ ဒယှမာနော၊ ရာဂ ဒေါသ မောဟ စသော မီးဆယ့်တဖြာ အခါခါ လောင်လှ လေပြီ။ အရိယ သာဝကသည်၊ အရိယာ မည်တွင် သူတော်ရှင်များသည်။ သက္ကာယဒိဋ္ဌိ၊ အကြောင်း သမုဒယကြောင့် ဖြစ်သော သက္ကာယဒိဋ္ဌိကို။ ပဟာနာယ၊ သမ္မာဒိဋ္ဌိ မဂ် ပညာဖြင့် အခါခါပယ်ရှား၍။ဘိက္ခု၊ရုပ်,နာမ်,တရား တည်းဟူသော အကျိုးဝိပါက ဒုက္ခသစ္စာတရား ခန္ဓာငါးပါးကို ဘယဉာဏ် ဖြင့် ဘေးဟုထင်၍ ကြောက်တော် မူကြသော သူတော်

ကောင်းအပေါင်းသည်၊ သငေတာ၊ ကောင်းသော သတိပညာနှင့်ပြည့်စုံတော်မူသည်ဖြစ်၍။ ပရိဗ္ဗဇေ၊ အာဂန္တုက အာယတနတရား ပယ်ရှားသောအားဖြင့် သတိပညာဖြင့် ကျင့်ရာ၏။

ဤသာသနာ အလို အားဖြင့် ဤဟာ ဗျာပါရ မျှသာ။ သတ္တဝါဟူသော ဝေါဟာရပညတ်ပါးစပ်ဝနှုတ်ဖျားမျှသာ ရှိသည်။သတ္တဝါ အကောင်အထည် တကယ်မရှိမှန်၏ ဟူသော စကားကို စဉ်းစား ဆင်ခြင်လျှင် ရေပြင်မှာ တုတ်သေးနှင့် ရေးလိုက်သော အခါ ရေးသူ စိတ်၌ သာ အမှန် ထင်သကဲ့သို့ တရားသဘော ဟု မနောက ရိပ်မိ သိရှိရန် လိုလှ၏။ ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး ယောကျ်ား မိန်းမ မရှိအပ်။ခန္ဓာငါးပါးသာ ရှိသည်။ သမ္မုတိသစ္စာ ဒေသနာ အရ သဘာဝသည် ဓမ္မသင်္ကေတအလို-ကုသိုလ် အကုသိုလ် အရ စရဏသာ-ဟု သဘာဝအရှိ ထိမိအောင်ဉာဏ်ယှဉ်၍ သိမြင်ရမည်။ အဘိဓမ္မာဒေသနာအရ လူ,နတ်,ဗြဟ္မာ, သတ္တဝါ မရှိ မရ။ ဓမ္မ သဘာဝ ခန္ဓာ ဓမ္မ စေတနာ သင်္ခါရ စေတနာကို သတ္တဝါ တင်စား၍ ထင်မှား စွဲယူ ကြရ လေသည်။

"ပုထုဇ္ဇနော ဥမ္မတ္တကော" ဆိုသည်နှင့်အညီ ဥမ္မတ္တက သူရူးသည် ကောင်းကင်ကို ကြည့်၍ ငိုလိုက် ရီလိုက် ပြုံး လိုက်နှင့် နေသည်မှာ သူ့စိတ် ထင်တိုင်း အလှိုင်းတကြီး နတ်သမီး နတ်သားဟု တိမ်သွားတိုင်း ထင်ရာကို တွေးတော ထင်မြင်သကဲ့သို့ သူရူး၏စိတ်နှင့် တူချေ၏။ ပုထုဇဉ်တို့မှာ

လည်း သူရှုနှင့် မခြား စိတ် ထင်တိုင်း ဖျောက်မှား၍ ဝေးလောကျား မိန်းမ-ဟု ထင်မှား၍ နေရလေ၏။ ။ပညတ် မပယ်က် သက်သက်ပရမတ္ထတရား့မှာ အပြော်ခက် အဟောခက်လှသောကြောင့် အထက်ထက် ရဟန္တာအရှင်များပင် ပညတ် ခြောက်ပါး အဝိဇ္ဇမာန ဝိဇ္ဇမာန ပညတ်တရား တင်စား၍ ဟောတော်မူချေသေးသည်။

ခန္ဓာကိုယ်ကို လူသဏ္ဍာန် ဆိုသည်မှာ မျက်နှာ ရင် ဝမ်း နှတ်ခမ်း မေး ပါး-မှစ၍ ခြေ, လက်, အင်္ဂါ အဖြာဖြာကို ညာဏ်နှင့်ရှာလျှင် ပုပ္ပ မှေ့ ဖွဲ့စည်းလှုပ်ရှားမှုဘို၏ တည်ရာ သဘာဝတရားမျှသာ ရှိသည်။ ၎င်းတို့ကို ပထဝီ အာပေါ တေဇော ဝါယော-ဟူသော ဓာတ်ကြီးလေးပါး။ ၎င်းတို့မှ ဖြစ်ပေါ်သော အဆင်းဓာတ် အနံ့ဓာတ် အရသာဓာတ် ဩဇေါသော အဆီဓာတ်။ ၎င်းဓာတ်(၈)ပါးသည် လူ မဟုတ် နတ်မဟုတ် သတ္တဝါမဟုတ် အသက်ဇီဝမဟုတ် ၎င်းဓာတ်တို့ကို မပြိုမကွဲရန် စောင့်စည်းသော ဇီဝိတရုပ် မျှသာ ရှိသည်။သူ့သဘာဝ ရုပ္ပန-ဝိကာရဏ-အဗျာကတ-အဝိနိဗ္ဘောဂ-သင်္ခါရ ဖေါက်ပြန်နေသည်ကို ဉာဏ်ပညာ နှိုင်းဆ၍ နေ့,ည,တိုင်းဆင်ခြင်လျှင် မိမိဉာဏ်ဝ၌ထင်လာ မြင်လာလိမ့်မည်။အမှန်သဘောကို မြင်လတ္တံ့။

နာမက္ခန္ဓာကိုပြလတ္တံ့။

နမနာ သက္ခဏံ နာမံ၊ သမ္ပယောဂရသံ၊ အဝိ နိဗ္ဘောဂ ပစ္စုပဋ္ဌာနံ၊သင်္ခါရပဒဋ္ဌာနံ။

နာမံ၊ နာမ်သည်။ နမနလက္ခဏံ၊ အာရုံ၌ ညွတ်ခြင်း လက္ခဏာရှိ၏။ သမ္ပယောဂရသံ၊ စိတ်,စေတသိက် တို့၏ ပေါင်းဆုံခြင်းရသရှိ၏။ အဝိနိဗ္ဘောဂပစ္စုပဋ္ဌာနံ၊နာမက္ခန္ဓာ တရား လေးပါး တို့၏ မကွဲမကွာ ပေါင်းဆုံ ခြင်းလျှင် ထင်သော ပစ္စုပဋ္ဌာန်ရှိ၏။ သင်္ခါရပဒဋ္ဌာနံ၊ သင်္ခါရတရား စေတနာလျှင် နီးစွာသော အကြောင်းရင်းရှိ၏။

နာမက္ခန္ဓာ တရား လေးပါးသည် သဏ္ဌာန် ဒြပ် မရှိ။ အစဉ်သန္တတိသာ ရှိသည်ဖြစ်၍ မြင်မှုအစဉ်သည် ဒဿန သန္တတိ၊ မြင်သော အခိုက် ကောင်းမကောင်း အလယ် အလပ်အားဖြင့် ဖြစ်သော အာရုံ၌ ခံစားခြင်းသည် ဝေဒ နာစေတသိက်ကခံစားသည်။ ငါမဟုတ်၊ပရမတ်ဆတ်ဆတ် ခံစား အပ်သော နာမ်ဓာတ် သဘောမျှ ဖြစ်သည်။ စက္ခု ဝိညာဏ် မြင်မှု၊ သောတဝိညာဏ် ကြားမှု၊ ဃာနဝိညာဏ် နံမှု၊ ဇိဝှါဝိညာဏ် လျက်မှု၊ ကာယဝိညာဏ် ထိမှု၊ မနော ဝိညာဏ် သိမှု-တို့သည် ငါမဟုတ်၊ ပရမတ် ဆတ်ဆတ် သုညသဘာဝ သုညဓမ္မတာ သဘော အတိုင်း ဟု ဆင်ခြင် ရမည်။

ဤ သာသနာတော်၌ ခန္ဓာငါးပါး ရုပ်,နာမ် တရားသာ ရှိသည်။ ပုဂ္ဂိုလ် သတ္တဝါ မရှိ။ ဆင်းရဲအတိသာ ရှိသည်။ ဆင်းရဲဟူရာ၌ ဝေဒနာအနေနှင့် ဝေဒယိတ ဒုက္ခ၊ သစ္စာ အနေနှင့်ဒုက္ခကို သတိပညာနှင့် စဉ်းစားဆင်ခြင်ကြပါလေ။ လောက၌ ယခုလူငယ် လူရွယ်တို့သည် ဝေဒနာအနေနှင့် ဒုက္ခဝေဒနာ ခံရသည်ကိုသာ ဒုက္ခထင်တတ်သည်။ ဒုက္ခ

သစ္စာမဟုတ်။ ခန္ဓာမွေ့၌ မြင် ကြား နံ စား ထိ သိမှုဟူသည့် ဖြစ်၏။ ဖြစ်မှုဘာချ၌ တည်တံ့မနေနိုင်ဘဲ တပျက်ထဲ ပျက်၍နေခြင်းသည်သာ ဘေးဒုက္ခဖြစ်သော အမှန်ဒုက္ခသည် ဒုက္ခသစ္စာဟု သိရာ၏။ ထိုဒုက္ခသစ္စာ ခန္ဓာအရသည် သံသရာအစအဆက်ဆက်က နှိပ်စက်ခြင်း ခံခဲ့လှချေပြီ။ ယခုသာသနာ၌ တွေ့ရကြုံရ စိတ္တုပ္ပါဒဘ၀မှာ မြင်မှု ကြားမှု နံမှု စားမှု ထိမှု သိမှု အတွက် တဏှာ ဥပါဒါန် ကံ မဖြစ်လို။ မင်းတို့၏ ဖြစ်ကြသော အရာကို ငါမရောစွက် ငါနှင့်မဆိုင် ငါပိုင် မဟုတ်မှန်း သိပြီဟု နှစ်လိုမှု ၀မ်းမြောက်မှု စိတ်ဆိုး စိတ်ညစ် မဖြစ်စေဘဲ စိတ်ထဲ၌ စွဲကပ် နေရမည်၊ နာမ်,ရုပ် သဘောဟု အမှန်တွေးတော၍နေရမည်။ တွေ့တိုင်း သတိထားပါ။ သတိသည် ပညာစေတသိက်ဖြစ်သည်ကို သိရမည်။ ။ဤသို့ တွေးတောဆင်ခြင် ခြင်းသည် ငါ့ဉာဏ် ငါ့အစွမ်းနှင့် ဆင်ခြင်ပါသလောဟု မေးဘွယ်ရှိ၏။

ဗြဟ္မနိမန္တန သုတ်၊ ။သင်္ခါရာ၀ သင်္ခါရေ ဝိပဿန္တိ သမ္မသန္တိ ဝဝတ္ထပေန္တိ ပရိဂ္ဂဏှန္တိ ပရိစ္ဆိန္ဒန္တိ။ ။ဟူ၍ ဟောတော်မူသည်။

အနက်။ ။သင်္ခါရာ၀၊ သင်္ခါရဟူသော စေတနာတရားတို့သည်သာလျှင်၊ သင်္ခါရေ၊ သင်္ခါရတရားတို့ကို။ ဝိပဿန္တိ၊ ရှုမြင် ကုန်၏။ သမ္မသန္တိ၊ သုံးသပ် ကုန်၏။ ဝဝတ္ထပေန္တိ၊ ပိုင်းခြားမှတ်သား ကုန်၏။ ပရိဂ္ဂဏှန္တိ၊ သိမ်းဆည်းကုန်၏။ ပရိစ္ဆိန္ဒန္တိ၊ ပိုင်းခြားထင်ထင် ရှုမြင်ကုန်၏။

ထိုသို့ ရှုမြင်သောအခါ သစ္စာလေးချက် တပြိုင်နက် မဂ်ကိစ္စပြီးနိုင်ကုန်၏။ ။"သင်္ခါရေ ပရတော ပဿတိ"ဟု တောလေးဆယ် ရှိသည်။ ။သင်္ခါရေ၊ သင်္ခါရတရား တို့ကို။ ပရတော၊ ငါ သူတပါး မဟုတ် ရုပ်, နာမ် မျှ သင်္ခါရ သူစိမ်း ပြင်ပ ဟု။ ပဿတိ၊ ရှုမြင်ဆင်ခြင် ရမည်။ ။ခန္ဓာ ငါးပါး ရုပ်,နာမ် တရားတို့ကို ဒဿနပဟာတဗ္ဗ ကိစ္စဖြင့် ဆင်ခြင်၍ ပညာဉာဏ်ဖြင့် သတိထားကြ ပါကုန်။ စက္ခုပသာဒရုပ်သည်ရုပ်တရား၊မြင်သောအာရုံသည် ရုပ်တရား။ ထိုရုပ်တရားနှစ်ပါးသည် အဇ္ဈာကတ တိုက်ဆိုင် ထိခတ်မိသောအခါ စက္ခုပသာဒ ရုပ်တရား ဟဒယရုပ်နှင့် စက္ခုပသာဒ မှီသော စက္ခုဝိညာဏ်စိတ် သိမှု ပေါ်လာ ရ၏။ ထိုသို့ပေါ်နေသည်ကို ဘယ်နတ် ဘယ်ဗြဟ္မာ ဘယ်ဆရာက ဖန်ဆင်း၍ မြင်သိသလော၊ ငါက သိလိုမြင်လို၍ ပြုလုပ်နိုင်သလောဟု တွေးတောဆင်ခြင်လျှင် သူ့သဘာဝ မျှ အချင်းချင်းပေါင်းဆုံသော မျှသဘာဝ ဓာတ်သဘောအားဖြင့် ဒဿနကိစ္စဟု သိရ၏။

ထိုသို့ သိမြင် ရခြင်းသည် အခိုက်အတန့် အာဂန္တုကဖြစ်၍ စင်စစ်မမြဲ။ မမြဲသဖြင့် ပျက်ရသော ဒုက္ခသစ္စာ ဘေးသင့်နေ၏။ ထိုသို့မမြဲ ဆင်းရဲ ဒုက္ခသစ္စာ ခန္ဓာ သင်္ခါရသာ ဖြစ်၍ အနတ္တသာတည်း။ ဤသို့ အစိုးတရ မရှိ။ အသာမိကတ္တ၊ အဝသဝတ္တနတ္တ တရားကို ဟုတ်မှန်တိတိ သိမြင်ရမည်။ သောတ-နား။ ဃာန နှာခေါင်း။ ကာယ-ကိုယ်။ မန-

နှလုံး၊ ဖိဉ္စါ-လျှာ တို့မှာလည်း မြင်မှုကိစ္စကဲ့သို့ မှတ်သား-ရာ၏။

နိဒ္ဒေသ ဂါထာ။

အဒဿနတော အာယန္တိ၊ ဘဂ္ဂါ ဂစ္ဆန္တ္ယ ဒဿနံ။
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ။ ။

အနက်။ ။အဒဿနတော၊ မမြင်ရရာ အနာဂတ အဘာဝအဖြစ်မှ၊ အာယန္တိ၊ လာ၍အသစ် ဖြစ်ပေါ်လာကုန်၏။ ဘဂ္ဂါ၊ ချုပ်ပျောက်ပျက်စီးကုန်ပြီးသော ရုပ်,နာမ် သင်္ခါရတရားတို့သည်လည်း။ အဒဿနံ၊မမြင်ရရာ အဘာဝ အစစ် အတိတ် အဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်ရလေကုန်၏။ အာကာသေ၊ ပဉ္စနိရိက်ချုန်း ချိမ့်အုန်းထက်ခွင် မိုးကောင်း ကင်၌၊ဝိဇ္ဇုပ္ပါဒေါ ဣဝ၊ပြိုးပြက်လျှံလင်း လျှပ်စစ်၏ ဖြစ်ခြင်း ကဲ့သို့။ ဥပ္ပဇ္ဇန္တိ စ၊ ဖြစ်လည်းဖြစ်ကုန်၏။ ဝယန္တိ စ၊ ပျက် လည်းပျက်ကုန်၏။

ဤကဲ့သို့ ဖြစ်ပျက်ခြင်း သင်္ခါရ ခပင်းကို ရှင်းရှင်း လင်း လင်းကြီး မြင်အောင် ဉာဏ်ပညာ ရှေ့သွား၍ စဉ်းစား ဆင် ခြင်ရမည်။

စက္ခု သောတ ဃာန ဇိဝှါ ကာယ မန တို့၌ ရူပ သဒ္ဒ ဂန္ဓ ရသ ဖေါဋ္ဌဗ္ဗ ဓမ္မ တို့သည် တွေ့ထိက ဝိညာဏ် ပေါ် လာ၏။ထိုအခါ အာရုံ၏ အပျက်ကိုရင်း,အာရုံကိုသိသော ဝိညာဏ်စိတ်ကိုရင်း, အာရုံအာရမ္မဏိကကို သတိပညာ ဖြင့် မှတ်သောစိတ် ၏ပျက်ကိုရင်း,၊ ဤ သုံးချက် ၏ဖြစ်

အပျက်ကို မလစ် မလပ် ရအောင် အမှတ်သတိ ပြုသော အခါ၌ ဘယ်ဟာတခုမှ အနှစ်သာရမရှိပါ သိသောအခါ ဥဒယဗ္ဗယဉာဏ်ခေါ်၏။ အဖြစ်အပျက်ကို သိသောဉာဏ်သည် ပညိန္ဒြေစေတသိက်နှင့် ယှဉ်သော ဥဒယဗ္ဗယဉာဏ်ကို ရသည်ဖြစ်၍ တိဟိတ် ဉာဏာသမ္ပယုတ်စိတ် လေးခုနှင့် မဂ်စိတ် အကြောင်းအကျိုး တစပ်တည်းဖြစ်သောကြောင့် အားထုတ်ဘို့ အလွန် ကောင်းလှသဖြင့် အထူးသတိပြု၍ အားထုတ်တော်မူကြပါကုန်။

ဓမ္မပဒ ပါဠိတော်။

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

အနက်။ ။ယော၊ အကြင်သူသည်။ ဥဒယဗ္ဗယံ၊ ဖြစ်ပျက်မှန်လှ ရုပ်, နာမ်, သင်္ခါရ တရားကို။ အပဿံ-အပဿန္တော၊ မရှုမဆင်ခြင်ဘဲ။ ဝဿသတံ၊ အနှစ်တရာ ရှည်ကြာစွာသော ကာလပတ်လုံး။ ဇီဝေ၊ အသက်ရှင်၍ လှူကာ တန်းကာ ဥပုသ် စောင့်ကာ စာပေရွတ်၍ တတွတ်တွတ် မြည်ကာနှင့် နေနိုင်ငြားအံ့။ နှ သေယျော၊ ကမ္ဘဋ္ဌာန်း မျိုးစေ့ မကပ်၍ မမြတ်တွတ်။ ဥဒယဗ္ဗယံ၊ ခန္ဓာငါး၀ သင်္ခါရဓာတ် ပရမတ် မပြတ်မလပ် အနှိပ်ထပ်ထပ်ဖြစ်သော ခန္ဓာကိုယ်ကို။ ပဿတော၊ ရှုမြင်သော ပုဂ္ဂိုလ်၏။ ဧကာဟံ၊ တနေ့တရက် ဘမနက်မျှ။ ဇီဝိတံ၊ အသက်ရှင်၍နေရခြင်းသည်။ သေယျော၊ မြတ်၏။

ယခုကြုံရ ဒုလ္လဘငါးပါး ဆုံရခြင်းသော အခါ၌ တိုက်ဆိုက် တွေ့ကြုံ ရသော သဒ္ဓမ္မဿဝန အခါဒုလ္လဘ အခါကောင်း အခါမြတ်ဖြစ်၍ အားသစ် ကြိုးပန်း မဂ်လမ်း ဖိုလ်လမ်း ထိုစခန်းကို တက်လှမ်း လွယ်ကူသော အခါတွင် ဒေသနာကိစ္စဖြင့် သစ္စာလေးပါး တရားကို အနုဿဝ အခဆင့်ကြားဖြင့် အောက်မဂ် တပါးကို ရအောင် ရောက်အောင် အားထုတ်သင့်လှ တော့သည်သာတည်း။ မဂ်လေးပါးတွင် အောက်မဂ်ဖြစ်သော သောတာပတ္တိမဂ်ကို ရရန် ကြိုးစားရမည်။ ။"အချိန်ရှိခိုက်၊ အားစိုက်လိုက်" ဆိုသောအခရ သာသနမွေ့ သမယ အချိန်ကာလတွင်သာ ကြိုးစားနိုင်မည်။ သာသနမွေ့ မြတ်ခဏကို ချော်လွန်၍ မသွားကြစေနှင့်။ ဤခဏကို လွန်သောနောက်၌ တောက်ခေါက်နောင်တ မရကြစေလင့်။ မဒိုမိ မသေမီ အခါတွင် ကိုယ်ကျိုး ကိုယ်စီးပွါးများကို အရအမိ ကြိုးကုတ်၍ အားထုတ်တော် မူကြကုန်လော့။ သစ္စာလေးပါး သမ္မာဒိဋ္ဌိတရားကို မသိမမြင်နိုင်အောင် ဖုံးလွှမ်း ကွယ်ကာထားသော အဝိဇ္ဇာနှင့် တဏှာ မူလရှိနေသည်နှင့် သက္ကာယဒိဋ္ဌိ ကပ်ငြိလျက် သမုဒယ တဏှာ ဖြစ်ပွါးလာရ၏။ ထိုတဏှာသမုဒယကြောင့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ- တည်းဟူသော ဒုက္ခအမျိုးမျိုး ဖြစ်လာရခြင်း၊ သံသရာစက် ဝဲဿယက်က မထွက်မြောက်ဟု သမုဒယတဏှာ၏ အပြစ် အာဒီနဝကို ရှုမြင် ဆင်ခြင်ရမည်။

ဓမ္မပဒ ပါဠိတော်။

သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထ ကာမနိပါတိနံ။
စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။ ။

အာဝုသော ငါ့ရှင်ချစ်သားတို့။ အယံ၊ ဤအနုဿတရား နိဗ္ဗာန် ဟူသော တရားသည်။ သုဒုဒ္ဒသံ၊ အလွန်ပင် အမြင်ခက်လေ၏။ သုနိပုဏံ၊ အလွန်သိမ်မွေ့လှပေ၏။ ယတ္ထ၊ အကြင်အာရုံ ကာမဂုဏ် တရား၌။ ကာမနိပါတိနံ၊ ပဉ္စဒွါရစိတ်ဖြင့် ကာမဂုဏ် အာရုံကျလေ့ ရှိ၏။ တံ စိတ္တံ၊ ထို အဝိဇ္ဇာနှင့် တဏှာသမုဒယ စိတ်ကို။ မေဓာဝီ၊ ပညာရှိသည်။ ရက္ခေထ၊ သမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် သပ္ပါလေးပါးတရားကို ဆင်ခြင်ရှုမြင်၍ စောင့်ရှောက်ရာ၏။ ဂုတ္တံ၊ စောင့်ရှောက်၍လုံခြုံသော။ စိတ္တံ၊ အနိစ္စကို အမှန်မြင်သော အနိမိတ္တနိမိတ်, ပဋိစ္စသမုပ္ပါဒ် တရား၌ ဒုက္ခကိုအမှန်မြင်သော အပဏိဟိတနိမိတ်, ပဋိစ္စသမုပ္ပါဒ် သင်္ခတ တထတာ သဘော အားဖြင့် သုညတ သဘောကို မြင်သော သုညတနိမိတ် တို့ဖြင့် ကောင်းစွာ မြင်သော သမာဓိစိတ်ရှိသော သူသည်။ သုခံ၊ လူဖြစ်သော်လည်း လူချမ်းသာ၊ နတ်ဖြစ်သော်လည်း နတ်ချမ်းသာ၊ ထို ချမ်းသာတို့ထက် လွန်သော နိဗ္ဗာန် ချမ်းသာကြီးကို။ အာဝဟံ၊ ယခုဘဝက ပဋိစ္စသမုပ္ပါဒ်နှင့် ပဋိစ္စသမုပ္ပန် တရားကို ပိုင်းပိုင်း ခြားခြား ကြောင်းကျိုး တရားကို သိမြင်သော နေ့ကစ၍ ရွက်ဆောင်နိုင်သည်။ ဟောတိ၊ ဖြစ်ရလေ၏။

စက္ခု သောတ ဃာန ဇိဝှါ ကာယ မန ဖေါဋ္ဌဗ္ဗ-ဟူသော တရားတို့သည် တနေ့ထဲတွင် ငါမြင် ငါကြား ငါဖွေ့ ငါထိ ငါသိ-ဟူသော အာရုဏ်ဖြစ်ပျက် နေသည်ကို အဝသဝတ္တနဋ္ဌ အားဖြင့် ငါ၏အလိုသို့ မလိုက်သော တရား အစုတို့သာတည်းဟု သိရာ၏။ သူ့သဘာဝ သူ့ကိစ္စဖြစ်၍ စင်စစ် မမြဲ ဆင်းရဲ အနတ္တ ဒုက္ခအမှန် ဟု သိရမည်။ ထိုဒုက္ခသစ္စာ သိမှသာ သစ္စာလေးပါး သမ္မာဒိဋ္ဌိတရားကို မြင်သိမည် ဖြစ်၍ မိတ်ဆွေကလျာဏကို ပေါင်းသင်းရှာမှီးအပ်၏။

သံသရာဘဝအဆက်ဆက်က သစ္စာလေးပါးတရားကို မကြားမသိခဲ့ရသည့်အတွက် သံသရာဘဝ အဆက်မပြတ် ခန္ဓာဝန်တာ ဘရမ်းဘတာ အခါခါ နှိပ်စက်ခြင်း ခံခဲ့ရလှလေပြီ။ ယခုခေတ် ဒုလ္လဘတွင် သာသနသဒ္ဓမ္မ ကြုံကိုက်ရသဖြင့် မြင်မှု ကြားမှု နံမှု စားမှု ထိမှု သိမှု အတွက် ဆက်လက်၍ မခံတော့ပြီ၊ သူ့သဘာဝ သူ့ပရမတ္ထ ရုပ်နာမ်မျှ သဘောဖြစ်၍ ငါနှင့်မဆိုင် ငါပိုင်မဟုတ် ငါ့ရုပ်ငါ့နာမ် ငါ့သန္တာန်မဟုတ် ဘူတရုပ် ဥပါဒါန် ကံဖန်သည့် အတိုင်း ဖြစ်သည်။ဖြေနေတော့အံ့၊ဖြေနေရမည်ဆိုရာ၌ တဏှာသမုဒယ မဝင်အောင် သတိပညာနှင့် နေရမည်သာတည်း၊ ၊ သောတာပတ္တိမဂ်ကို ရရန် အရေးကြီးလှ၏။ သောတာပန် ဖြစ်မှ အပါယ်တံခါးပိတ်မည်။သောတာပန် မဖြစ်လျှင် ဝိနိပါတ ဘရမ်းဘတာ သွားရမည်ဖြစ်၍ ယခု သာသနာနှင့် တွေ့ဆုံရသော လူ့ဘဝတွင် အရအမိ ကြိုးကုပ်၍ အားထုတ်ကြပါကုန်။

သောတာပတ္တိမဂ်ကိုရရန် အကျင့်တရားသည် ယုံမှား ခြင်း ရှစ်ပါးကင်း၍ သစ္စာ လေးပါးကို ဒဿနပဟာတဗ္ဗ ကိစ္စဖြင့် ပြီးစီးနိုင်၏၊ လူဖြစ်စေ ရဟန်းဖြစ်စေ အာဂါရိက အနာဂါရိက ရသော့်တို့ပင် သစ္စာလေးပါး တရားကို သိမြင် နိုင်ရန် ဗဟုဿုတရှာမှီးခြင်း ကလျာဏမိတ္တ ဆိုသည်မှာ သစ္စာလေးပါးကိုသိမြင်အောင် ဟောပြောနိုင်သော ပုဂ္ဂိုလ် ကိုဆိုသည်။ ထိုပုဂ္ဂိုလ်၏ ဆိုဆုံးမသော တရားစကားကို နာလွယ်ရခြင်း သောဝစ္စဿတာနှင့် ပြည့်စုံစေခြင်းသည် သောတာပန်ဖြစ်ရန်အကြောင်းနှင့် ပြည့်စုံလေ၏။ ဗဟုဿု တရှိက လူဖြစ်စေ ရဟန်းဖြစ်စေ သောတာပန် တည်နိုင် ပါ၏။ ဗဟုဿုတဆိုရာမှာ သစ္စာလေးပါးကို တဆင့်ကြား အနုဿဝအားဖြင့် သိရန် ဉာဏ်အမြင် ဖြစ်သည်။ဘာဝနာ ပဟာတဗ္ဗမဟုတ်။

အထူး သတိထား။ ။သမ္မာဒိဋ္ဌိ၊ ကောင်းစွာမြင်ခြင်း ဟူသော အရ ကမ္မဿကတာဉာဏ်အရ ကောင်းသော အ ကျိုးပေးခြင်းကို မြင်မှုကိစ္စနှင့် ပြီးစီးသည်ဟု ထင်မြင်ကြ၏။ သမ္မာဒိဋ္ဌိဆိုရာ၌ "ဒုက္ခေ ဉာဏံ" အရ ဒုက္ခကို သိရမည်ဟု သဘောက်ယူဘို့လောက်သာ သိသည်။ ဝေဒနာအနေနှင့် ပဋိသန္ဓေနေရ အိုရ နာရ ဆင်းရဲပင်ပန်း ရသည့်ကိုသာ ဒုက္ခထင်ကြလေသည်။ သမ္မာဒိဋ္ဌိအမှန်မှာ "ဒုက္ခေ ဉာဏံ" ဟူသောပုဒ်အရ....ဒုက္ခသမုဒယော၊ ဒုက္ခဖြစ်ကြောင်း သမု ဒယတဏှာ။ ဒုက္ခနိရောဓေ၊ ခန္ဓာငါးပါး ဒုက္ခသစ္စာချုပ်ငြိမ်း

ရာ ဒုက္ခကုန်ဆုံးရာ နိဗ္ဗာန်။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ မဂ္ဂသစ္စာ အကျဉ်းတရားတို့ကို သမ္မာဒိဋ္ဌိ ဆိုသည်။

သစ္စာလေးပါးတရားကို သတ္တိ ကာရဏတော်ပွန်နှင့် သိရမည်။ ထိုသို့ သိမြင်ခြင်းသည်လည်း သမ္မာသင်္ကပ္ပမဂ္ဂင်အရ အကြံ ဉာဏ် ရှိ၍ ကျင့်မှ သမ္မာဒိဋ္ဌိ ဟူသော သစ္စာ လေးပါးကို မှန်ကန်စွာ လွယ်ကူမည်၊ သမ္မာသင်္ကပ္ပ သည် နေက္ခမ္မ သင်္ကပ္ပ-ကာမမှထွက်မြောက်ရန်အကြံ, အဗျာပါဒ သင်္ကပ္ပ-သူတပါးကို မညှဉ်းဆဲလိုသောအကြံ, အဝိဟိံသာသင်္ကပ္ပ-သူတပါးကို ဒေါသမဘက် သက်သက်မေတ္တာ ဖြူခြင်းအကြံ, ဤသင်္ကပ္ပ-အကြံပေး ကောင်းမှ သမ္မာဒိဋ္ဌိ၊ ကောင်းစွာမှန်သော အမြင်ကို ဆိုသည်။ ။ဒုက္ခေ ဉာဏံ-ဟူသော ပုဒ်အရ အဘယ်တရားသည် ကောင်းစွာ မြင်သနည်း။ ဒုက္ခသစ္စာအမှန်ကို သိရမည်။ အဘယ်သို့သိရာသနည်း။ ဒုက္ခ-ဟူသော အရ ခန္ဓာငါးပါး ဒုက္ခ သစ္စာ ဟု သိရမည်မှာ ခန္ဓာငါးပါးသည် ခဏခဏ မြင် ကြား နံ စား ထိ သိ အစဉ်မပြတ် အထပ်ထပ်ဖြစ်ပျက်သော အရာကို ဒုက္ခပရိဇာနန အားဖြင့် ပိုင်းခြား မှတ်သားသော သတိပညာဖြင့် ဖြစ်ပျက်မပဲ မမြဲသော သဘောအရ ဒုက္ခသစ္စာ ထင်မြင် လာတော့၏။ ထို ဒုက္ခသစ္စာ ခန္ဓာခမ္မ ဖြစ်လာရခြင်းသည် အတီတေ ဟေတဝေါ-အတိတ်ဘဝက အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ ဟူသော အကြောင်းကို သိရာ၏။ ။ထိုသို့သိသောအခါ မိမိသဘော မဟုတ်၊ အကြောင်းကြောင့် အကျိုးဒုက္ခသစ္စာ ခန္ဓာ ဖြစ်လာရသည်ကို အမှန်သိလျှင် သက္ကာယဒိဋ္ဌိ ချုပ်၏။ ငါ့ရုပ်

ငါ့နှာမ် ငါ့သဏ္ဍာန်ဟု ငါ့ဘဏ္ဍာမပျုး အပေါ်ဖြူး၍ မူးတူး မေ့ကော့ အများလေ့ဖြင့် နေ့ရက်မကုန်စေနှင့်-ဟု မိမိစိတ်ကို နှလုံးပိုက်ရမည် ဟူလို။

ပဋိဘဿဒ္ဒါမင်္ဂအခရ ပြဦးအံ့။

မဂ္ဂါနိ ဋ္ဌင်္ဂိကော သေဋ္ဌော သစ္စာနံ စတုရော
ပဒါ ဝိရာဂေါ သေဋ္ဌော။

အနက်။ ။မဂ္ဂါနံ၊မင်္ဂရိုးတို့တွင်။ အဋ္ဌင်္ဂိကော၊ သမ္မာဒိဋ္ဌိ စသည့် အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော မင်္ဂရိုးသည်။သေဋ္ဌော၊အမြတ်ဆုံးပေတည်း။ သစ္စာနံ၊သစ္စာဟူသမျှတို့တွင်။ စတုရော ပဒါ၊ သစ္စာလေးပါး တရားတို့သည်။ သေဋ္ဌာ၊ မြတ်ကုန်၏၊ ဝိရာဂေါ၊ ရာဂကင်းရာနိဗ္ဗာန်သည်။ သေဋ္ဌော၊အမြတ်ဆုံးပေတည်း။

သမ္မောဟဝိနောဒနီ အဋ္ဌကထာ။

ဣမဿ ဘိက္ခုနော ပုဗ္ဗေ ပရိဂ္ဂဟတော ဒုက္ခံ
ပရိဇာနာတိ၊ သမုဒယံ ပဇဟာတိ၊ နိရောဓံ သစ္ဆိက
ရောတိ၊ မဂ္ဂံ ဘာဝေတိ၊ အာဘောဂ သမန္နာဟာရ
မနသိကာရ ပစ္စဝေက္ခဏာ နတ္ထိ။ ပရိဂ္ဂဟတော
ပဋ္ဌာယ ဟောတိ။

အနက်။ ။ပရိဂ္ဂဟတော ပုဗ္ဗေ၊သင်ခြင်း မေးမြန်းခြင်း နာခြင်း ဆောင်ခြင်း သုံးသပ်ခြင်း ရှုမှတ်ပွါးများခြင်းတို့ကို မပြုမီရှေ့အဘို့ကာလက။ဣမဿ၊ငါသည်။ဒုက္ခံ၊ဒုက္ခသစ္စာကို။

ပရိဇာနာမိ၊ပိုင်းခြား၍သိအံ့၊ သမုဒယံ၊သမုဒယ သစ္စာကို။ ပဇဟာမိ၊ပယ်အံ့။နိရောဓံ၊နိရောဓသစ္စာကို။သစ္ဆိကရောမိ၊ မျက်မှောက်ပြုအံ့။ မဂ္ဂံ၊မဂ္ဂသစ္စာကို။ ဘာဝေမိ၊ပွါးအံ့။ ဣတိ၊ ဤသို့။ အာဘောဂ သမန္နာဟာရ မနသိကာရ ပစ္စဝေက္ခဏာ၊ ရှေ့ဦးစွာနှလုံးသွင်းခြင်း အာဘန်တလဲလဲနှလုံးသွင်း ဆင်ခြင်ခြင်းစသည်တို့သည်၊နတ္ထိ၊မရှိကြလေ။ပရိဂ္ဂဟတော၊ သင်ခြင်း မေးမြန်းခြင်း နာခြင်း ဆောင်ခြင်း သုံးသပ်မှတ်ရှုခြင်းပြုသော အခါကာလမှ။ ပဋ္ဌာယ၊စ၍။ ဒုက္ခံ၊ဒုက္ခသစ္စာကို။ ပရိဇာနာမိ၊ပိုင်းခြား၍သိအံ့၊ သမုဒယံ၊သမုဒယသစ္စာကို။ ပဇဟာမိ၊ပယ်အံ့။ နိရောဓံ၊နိရောဓသစ္စာကို၊ သစ္ဆိကရောမိ၊ မျက်မှောက်ပြုအံ့။ မဂ္ဂံ၊ မဂ္ဂသစ္စာကို၊ ဘာဝေမိ၊ ပွါးအံ့။ ဣတိ၊ ဤသို့ အာဘောဂသမန္နာဟာရမနသိကာရ ပစ္စဝေက္ခဏာ၊ နှလုံးသွင်းခြင်း အာဘန်တလဲလဲ နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း စသည်သည်။ဟောတိ၊ဖြစ်၏၊

သင်ခြင်းမပြုမီ ရှေးအတိုကာလက ငါသည် ဒုက္ခသစ္စာ ခန္ဓာကိုယ်ကို ပိုင်းခြား၍ သိအံ့၊ သမုဒယသစ္စာကို ပယ်အံ့၊ နိရောဓသစ္စာကို မျက်မှောက်ပြုအံ့၊မဂ္ဂသစ္စာကို ပွါးအံ့ဟူ၍ နှလုံးသွင်း အာဘောဂကို ကယ်သူ တယောက်မျှ ဆင်ခြင်သော ဉာဏ်မရှိ၊သင်ခြင်း စသည်တို့ ပြုသောကာလမှ မိမိစိတ်ကို နှလုံးသွင်း မြဲမြံ ခိုင်ခံ့ သည်၏ အဖြစ်ဖြင့် မဂ်သို့ မရောက်မီ ရှေးအတိုကပင် ဒုက္ခကို ပိုင်းခြား၍ သိအံ့။ သမုဒယသစ္စာကို ပယ်အံ့၊ နိရောဓ သစ္စာကို မျက်မှောက် ပြုအံ့။ မဂ္ဂသစ္စာကို ပွါးများအံ့ ဟူသော နှလုံးသွင်းအာဘောဂကို

ပြုကြ သောကြောင့် ဆင်ခြင်ခြင်း စသော ကာလမှစ၍ သတ္တာဝါးပါးတရားကို သိမ်းဆည်းဆင်ခြင်သော လောကီ ပဋိဝေဓဉာဏ်ကို ရ၏။ ။သတိရှိကြ ပါကုန်။

အပရာဘာဂေ ပန ဒုက္ခံ ပရိညာတမေဝ ဟောတိ၊ သမုဒယံ ပဟာနမေဝ ဟောတိ၊ နိရောဓံ သစ္ဆိကိရိယမေဝ ဟောတိ၊ မဂ္ဂံ ဘာဝိတမေဝ ဟောတိ။

အနက်။ ။ပေ အပရဘာဂေ ပန၊ လောကုတ္တရာမဂ်ခဏာ၌ကား။ ဒုက္ခံ၊ ဒုက္ခသစ္စာကို။ ပရိညာတမေဝ၊ ပိုင်းခြားအပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ သမုဒယံ၊ သမုဒယသစ္စာကို။ ပဟာနမေဝ၊ ပယ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ နိရောဓံ၊ နိရောဓသစ္စာကို။ သစ္ဆိကိရိယမေဝ၊ မျက်မှောက်ပြုသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ မဂ္ဂံ၊ မဂ္ဂသစ္စာကို။ ဘာဝိတမေဝ၊ ပွါးအပ်သည် သာလျှင်။ ဟောတိ၊ ဖြစ်၏။ ။ မဂ်ကိစ္စပြီး၏။

မဂ်သို့ရောက်ရန်အကြောင်း၊ ။''သမ္ဗုဒ္ဓကြို၊ စက်လေးပုံ၊ အကုံ ဆုံစေမင်း'' ။ရှေးပညာရှိ ကဝိသူမွန်တို့ စပ်ဆိုသော စကားအရ ပတိရူပစက်, ပုရိသူပနိဿယစက်, ဝမ္မာနုမ္မပဏိပန္နစက်။

၁-ပတိရူပဒေသဝါသ-သူတော်ကောင်းတရား ထွန်းကားရာမှန် လျော်ကန်လျောက်ပတ်သောအရပ်။

၂-ရှေးရှေးသော ဘဝတို့က ပြုလုပ် ခဲ့သော ကောင်းမှု ကုသိုလ်ကြောင့် ယှဉ်စပ်စစ်ဖြစ်ရသော ကောင်းမှု ရှိခြင်း။

၃-အတ္တသမာပဏိဓိစက် ရရန် သပ္ပုရိသူပ နိဿယ စက်။

၄-မွှာနုမ္မပဋိပ္ပန္နအတိုင်း မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ကျင့်သုံးခြင်း။

တည်းဟူသော အကျိုးအာနိသံသကို ရရှိပြီးဖြစ်ခဲ့ညှဲ့ အတိုင်း ကလျာဏသပ္ပုရိသ ဥပနိဿယကို ရှာမှီးအပ်၏။

"ကလျာဏမိတ္တံ သေဝတော ဘဇတော ပယိရုပါသ တော မွှာဘိသမယော ဟောတိ" ပါဠိအရ သစ္စာလေးပါး တရားကို ဟောပြောဆုံးမတတ်သော ကလျာဏနှင့် ဆည်း ကပ်မှီဝဲလျှင် မွှာဘိသမယဟူသော မဂ်ကိစ္စ ပြီးစီးအောင် ရနိုင်လေ၏။

ကလျာဏမိတ်ကောင်း အပေါင်းအဖေါ်နှင့် ဆက်ဆံ မှီဝဲရသည့်အကျိုးကို ဘုရားရှင် ဘယ်လို ဟောပါသနည်း ဟူမူ။ ။ကလျာဏနှင့် ပေါင်းသင်းဆက်ဆံ၍ နာခံမှတ် သားရ ခြင်းသည် မဂ်ဖိုလ်ကို တဝက် အကျိုး ပြီးသည်ဟု အရှင်အာနန္ဒာက လျှောက်ထားသောအခါ ငါ့ရှင်သည်ထို မဆိုနှင့်-ဟု မိန့်တော်မူသည်။

ဘုရားရှင် မိန့်တော်မူ သည်မှာ။ ။မာဟေဝံ အာနန္ဒ ဘကာလမေဝိဒံ။ အာနန္ဒ ဖြဟ္မစရိယံ ယဒိဒံ

ကလျာဏမိတ္တတာ ကလျာဏသဟာယတာ က
လျာဏသမ္ပဝင်္ကတာ။ ။

ဟူ၍ဟောတော်မူသည်။

အနက်ကား။ ။အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဝေ၊ဧကံသို့။ မာဝေဒေဟိ၊ အကျိုးတဝက်ပြီးသည်ဟူ၍ သင်မဆိုနှင့်။ ဣဒံ ဖြဟ္မစရိယံ၊ သစ္စာလေးပါးကို မြင်သိသော မဂ်အကျင့်သည်။ ယဒိဒံ ယာ အယံ ကလျာဏမိတ္တတာ ကလျာဏမိတ္တတာယ ကလျာဏသဟာယတာယ ကလျာဏသမ္ပဝင်္ကတာယ၊ အကြင်ကလျာဏမိတ်နှင့် ပေါင်းသင်းဆက်ဆံသည့်အတွက်၊ သကလမေဝ၊ အလုံးစုံ မဂ်အကျင့်ကို ရသည်သာလျှင်တည်း။ ။သစ္စာလေးပါးတရားကို ဒဿန ကိစ္စနှင့်မြင်သိရန် ကလျာဏမိတ္တ ကလျာဏသဟာယကို ရှာမှီး၍ ဥပနိဿယအတိုင်း လိုက်နာကျင့်ကြံရမည်။ ။သစ္စာလေးပါးသည် တိမ်တိမ်နှင့် နက်သည်။ လွယ်လွယ်နှင့်ခက်သည်။

သစ္စံ သစ္စေ ပဋိသန္ဓိ၊ပစ္စယာ ကာရမေဝ စ။
ဒုဒ္ဒသာ စတုရော ဓမ္မာ၊ဒေသေတုံ စ သုဒုက္ကရာ။ ။

သစ္စံ၊သစ္စာလေးပါးတရားသည်၎င်း။ သစ္စေ၊သစ္စဝါ ဟု ခေါ်ရသော သတ္တကိစ္စ သည်၎င်း။ ပဋိသန္ဓိ၊ ပဋိသန္ဓေ အစဉ် စပ်ခြင်း သည်၎င်း၊ ပစ္စယာကာရမေဝစ၊ ပစ္စည်း တရားတို့ ကျေးဇူးပြုခြင်းသည်၎င်း။စတုရော ဓမ္မာ၊လေးပါး သော တရားတို့ကို။ ဒုဒ္ဒသာ၊ အလွန်မြင်နိုင်ခဲလှ၏။ ဒေသေ

ဘုံ၊ သုတပါး သဘောကျအောင် ဟောပြောရခြင်း ရေးသား ရခြင်း သည်ကား။ သုဒ္ဓက္ကာရော၊ လွန်ထက် လွန်မင်း ခဲယဉ်းလှ၏။

သစ္စာလေးပါး၌ ရုပ်, နာမ်, မွေ့ သင်္ခါရတရား ဖြစ်နေသည်ကို ဒုက္ခသစ္စာဆိုသည်။ ထိုဒုက္ခဖြစ်ကြောင်း ရုပ်နာမ် အပေါင်း ဖြစ်စရာ တဏှာလောဘကို သမုဒယသစ္စာ ဆိုသည်။ ထိုလောဘတဏှာ သမုဒယချုပ်ငြိမ်းရာကို နိရောဓသစ္စာဆိုသည်။ ထိုဒုက္ခသစ္စာ ခန္ဓာမွေ့ကို ပရိညာ ပဟာန သစ္ဆိကရဏာဘာဝနာကို မဂ္ဂသစ္စာဆိုသည်။

ထို သစ္စာလေးပါး တရားသည် ဘဝကမ္ဘာ အသင်္ချေကြာသော်လည်း သစ္စာသဘော အမှန် မဘောက်မပြန်ဘဲ မြဲမြဲသောဝတ် ပရမတ်ဆတ်ဆတ်ကိုသာ သစ္စာဆိုသည်။ သဘာဝအရှိ ဝေဒယိတ ဒုက္ခကို သစ္စာဒုက္ခ မဆိုရာ။ ။ သစ္စာလေးပါးတရားအနှစ်အစစ်ကို ရှာလိုက်လျှင်လေးကာ၌ ဒုက္ခသစ္စာတပါးသာရသည်။ ပုထုဇဉ်များကသာ ဒေသနာစကားအရ အရေအတွက် သရုပ် အားဖြင့် ဒုက္ခသစ္စာ တပါးကို လေးပါး ဆိုသည်။ ။"သစ္စာ လေးချက်၊ တပြိုင်နက်၊ မဂ်၏ ကိစ္စသာ"။ ဝိပဿနာရှုသော ခဏမှာ ဇလောကလုံး၏ အဖြစ်အပျက်ကို မလို။ မိမိရှုဆဲ ခဏ၌ ရုပ်,နာမ် မွေ့ သင်္ခါရအနိစ္စ၊ အတိတ် အနာဂတ် မရှုရ၊ ပစ္စုပ္ပန်ဥပါဒ်ဘင်မျှ အနိစ္စကို ဒုက္ခသစ္စာအမှန်ဟု ရှုမြင်ရာ၏။

ဓာတ်တော်၌ တေမိမင်း အဖြစ်၌ မယ်တော် ခမည်းတော်တို့အား ဟောကြားသော တရားသည်ကား....

အတီတံ နာနုသောစာမိ၊ နပ္ပဇပ္ပါမိ အနာဂတံ။
ပစ္စုပ္ပန္နေန ယာပေမိ၊ တေန ဝဏ္ဏော ပသီဒတိ။ ။

အတိတ်က ဖြစ်သမျှ ကိုလည်း စိုးရိမ်ခြင်း မရှိ၊ အနာဂတ်ကာလကိုလည်း မကြံညှိ၊ ပစ္စုပ္ပန်ကာလဖြစ်သော မျှတရောင့်ရဲ၍ မဆင်းရဲ သဖြင့် မျက်နှာ ကြည်လင် သည်ဟု မယ်တော် ခမည်းတော် တို့အား ဟောကြားတော်မူသည်။ အတိတ်ကိုလည်း မကြည့်၊ အနာဂတ်ကိုလည်း မကြည့်၊ ပစ္စုပ္ပန်ကာလဖြစ်သော ကြည့်၍ သုံးသပ်ဆင်ခြင်လေသည်။

ဓမ္မသင်္ဂဏီ မာတိကာ။

ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ၊ ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ၊ နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ။

ဟူ၍ ဟောတော်မူသည်။ ။သောတာပတ္တိမဂ် ရရန်မှာ ဒဿနေန ပဟာတဗ္ဗကိစ္စ ရှိ၏။ ဒဿနပဟာတဗ္ဗ-သည် သစ္စာလေးပါးကို မြင်သိမှုပင်တည်း။ ထိုကြောင့် သောတာပတ္တိမဂ်ကို ရလိုသော ပုဂ္ဂိုလ် တို့မှာ သစ္စာ လေးပါးကို နေ့ရာတကျ ကိုယ်တွေ့ စိတ်တွေ့ သဘောသဘာဝ ကျနစွာ ဟောပြောတတ်သော ပညာရှိကလျာဏမိတ္တထံ ဆည်းကပ်၍ သင်ခြင်း နာယူ မှတ်သားခြင်း လေ့ကျက် ခြင်းကို ပြု၍ အနုဗောဓသုတာသိ-သိအောင် အားထုတ်ရမည်၊ အနုဗောဓသိမှ ပဋိဝေဓသိသို့ရောက်အောင် မဂ်ကိစ္စလေးပါးနှင့်

မိမိ ကိုယ်တွေ့ သိအောင် အားထုတ်လျှင် အထက်မဂ်
သုံးပါးသို့ ဘာဝနာနှင့်တကွ ကာမာဝစရ ဉာဏသမ္ပယုတ်
စိတ် လေးခုနှင့် တက်နိုင်မည်ဖြစ်သည်။

ရုပ်,နာမ်,မျှ သင်္ခါရအပေါ်၌ ဒုက္ခ သဘော ခန္ဓာ-ဟု
သိ၍ အလုပ်ခွင်ကို ဝင်၍သော်၎င်း၊ သတိပညာဖြင့် ရှေးရှု
နေသော အခါ၌၎င်း၊ မျက်စိ နား နှာ ကိုယ် မနေ-ဟု ခြောက်
ဖြာသွါရ၌ ကျရောက်သော အာရုံတို့ကို အာရမ္မဏက စိတ်
က မှတ်ရှုသောအခါ မမြဲ ဆင်းရဲ အစိုးမရ သည့်ကို သိရန်
မှာ မျက်စိသည် ငါမဟုတ်၊ အဆင်း ရုပ်ရုံ သည့်လည်း
ငါမဟုတ်၊ မြင်သိသော စက္ခုဝိညာဏ် သည့်လည်း ငါ
မဟုတ်၊ သူ့ကိစ္စနှင့် သူ့သဘာဝ အတိုင်း ဖြစ်နေသည်ကို
ငါမဟုတ်ကြောင်း ကောင်းစွာ သိမြင်ရာ၏။ ခြောက်ဒွါရ၌
ကျရောက်လာသမျှ အာရုံအာရမ္မဏက တို့သည်လည်း ငါ
မဟုတ်၊ ရုပ်တရားတွေကလည်း ဘောက်ပြန်လျက် ရုပ်နု
လက္ခဏာ ထင်လျှားပါ၏။ နာမ်ခေါ်သော ဝေဒနာ သညာ
သင်္ခါရ ဝိညာဏ် တရားတို့က တဦးတဦး အပိုနိဿဂ
မကွေမကင်းဘဲ ညွတ်သော လက္ခဏာနှင့် သူ့သဘော
အတိုင်း ဖြစ်ပေါ် နေသည် မှာလည်း ငါမဟုတ်၊ ငါ့ရုပ်
ငါ့နာမ် ငါ့သတ္တဝါန် မဟုတ်သည်ကို ကြပ်ကြပ် စဉ်းစားပါ။
စဉ်းစားပါလျှင် ငါမဟုတ် သူ့သဘောနှင့်သူ ဖြစ်နေသည်
ကို သဘောပိုင်ပိုင် ကျပါလျှင် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ
ကင်းကွာလျက် ဤအခါ၌ ဒိဋ္ဌိဝိသုဒ္ဓိစခန်းသို့ ရောက်၏။

အာနာပါန ပရိဟာရိယကမ္မဋ္ဌာန်း သမထနှင့် ဝိပဿနာ ပုံတွဲမြင်ရန် ပြပေအံ့၊

အာနာပါန ပရိဟာရိယ ကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများ အားထုတ်လိုသော ပုဂ္ဂိုလ်သည်....ငြိမ်သက်သော ဋ္ဌာနေ ဖြင့် ကောင်းစွာ နေ၍ ငိုက်မြည်းခြင်း ကင်းစွာ သတိကို ကောင်းစွာ ဆောက်တည်၍ ထွက်သက် ဝင်သက် ရှေးရှု လျက် စိတ်ကို နှာခေါင်းဖျား နှုတ်သီးဖျား၌ ရှုးစိုက်ထား ရမည်။ နှာသေ ရိုက်လေတိုး တိုးဝေ့ ထိခတ်တိုင်း ထိ-ထိ ဟု ထိရာဋ္ဌာနကို အာရုံပြု၍ အာရုံဘပါး စိတ်မသွားရန် မှတ်ရှု ရမည်။ သမာဓိအားခြေ ဥပစာရအားနေ ရရှိလာလျှင် ဝီရိယကို တိုးတက်စေ၍ ခိုင်မြဲသော သတိ- သမ္ပဇဉ် ဖြစ်သော သောအခါ မမြဲခြင်း, မမြဲသဖြင့် ပျက်စီးခြင်းဘို့သည် အာ တချမျှ အစိုးဘရမရှိ၊ ဆင်းရဲအတိကို ယင်မြင်လာတော့၏။ ထိ,ထိ ဟု ထိတိုင်း အပျက်ကို မြင်လာသဖြင့် သမာဓိ ရသော အခိုက်သည် အပျက်နှင့် တကွ သိ၍ တည်လျှင် သမာဓိရ၏။

သတိပဋ္ဌာန်အဖွင့်။

တတ္ထ အဿာသပဿာသပရိဂ္ဂဟိကာ သတိ ဒုက္ခသစ္စံ၊ တဿ သမုဋ္ဌာပိကာ ပုရိမတဏှာ သမုဒယသစ္စံ၊ ဥဘိန္နံ အပ္ပဝတ္တိ နိရောဓသစ္စံ၊ ဒုက္ခပရိဇာနနော သမုဒယပဇဟနော နိရောဓာရမ္မဏော အရိယမဂ္ဂေါ မဂ္ဂသစ္စံ၊ ဧဝံ စတုသစ္စဝသေန ဥဿက္ကိ

တဒ္ဒါ နိဗ္ဗုတိံ ပါပုဏာတိ။ ရူပမေကဿ အဿာ
သ ပဿာသဝသေန အာဒိဘိန္နဿ ဘိက္ခုနော
ယာဝ အရဟတ္တာ၊ နိယျာနမုခန္တိ။

အနက်။ ။တတ္ထ၊ ထိုအာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းမှတ်ရှု သတိပြုသော ကာလ၌။ အဿာသပဿာသပရိဂ္ဂါဟိကာ၊ ထွက်သက်ဝင်သက် ရှုလေရိုက်လေကို ပိုင်းခြားသိမ်းဆည်းသော။ သတိ၊ အမှတ်သည်။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာမည်၏။ တဿ၊ အမှတ်သတိကို။ သမုဋ္ဌာပိကာ၊ ကောင်းစွာဖြစ်စေတတ်သော။ ပုရိမတဏှာ၊ ရှေးဘဝတဏှာသည်။ သမုဒယသစ္စံ၊ သမုဒယသစ္စာမည်၏။ ဥဘိန္နံ အပဝတ္တိ၊ နှစ်ပါးတို့၏၊ နောင်အသစ်မဖြစ်၊ ဖြစ်ခွင့်မရဘဲအစဉ်ပြတ်၍ရပ်ခြင်းသည်။ နိရောဓသစ္စံ၊ နိရောဓသစ္စာမည်၏။ ဒုက္ခပရိဇာနနော၊ အမှတ်သတိ တည်းဟူသော ဒုက္ခကို ပိုင်းခြား၍သိသော ဒုက္ခသစ္စာ။ သမုဒယပဇဟနော၊ နောင်ဘဝသစ်ဖြစ်ခွင့်အကြောင်း သမုဒယသစ္စာ တဏှာကိုပယ်သော။ နိရောဓာရမ္မဏော၊ နောင်ဘဝ အသစ်ဖြစ်ခွင့်ဒုက္ခ အနာဂတ်ဘဝ၌ချုပ်ငြိမ်းခြင်းနိရောဓသစ္စါကိုမျက်မှောက်ပြုသော။ အရိယမဂ္ဂေါ၊ အရိယမဂ္ဂင်ရှစ်ပါးသည်။ မဂ္ဂံ၊ မဂ္ဂသစ္စာမည်၏။ ဧဝံ၊ ဤသို့။ စတုသစ္စဝသေန၊ သစ္စာလေးပါး ကမ္မဋ္ဌာန်းဘာရား၏ အစွမ်းဖြင့်။ ဥဿက္ကိတွာ၊ ဝိသုဒ္ဓိအဆင့်ဆင့်မြင့်လျက် ဝိပဿနာဉာဏ်စဉ်တက်၍။ နိဗ္ဗုတိံ၊ ဒုက္ခခပ်သိမ်းငြိမ်းသောနိဗ္ဗာန်သို့။ ပါပုဏာတိ၊ ရောက်ရ၏။ ဣတိ ဣဒံ၊ ဤသို့ပြဆိုခဲ့ပြီးသော

တရားဘော်မြစ်သည်ကား။ အသာသာသပဿာသ ဝသေန ထွက်သက် ဝင်သက်ကို ရှုမှတ်သည်၏ အစွမ်းဖြင့်။ အဘိနိဝိဋ္ဌသော၊ လွန်စွာနှလုံးသွင်းရင်းရှိသော၊ ဧကော ဘိက္ခု နော၊ တယောက်သော ယောဂါဝစရပုဂ္ဂိုလ်၏။ ယာဝ အရဟတ္တာ၊ အရဟတ္တ ဖိုလ်သို့ ရောက်သည့် တိုင်အောင်။ နိယျာနမုခံ၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော။ အာနာပါန ပရိဂ္ဂါဟိကာ၊ မင်္ဂလမ်းကြောင်းဖြစ်သော သတိပဋ္ဌာန် မင်္ဂတည်း။ ဣတိ အယံ၊ ဤသည်ကား အာနာပါန ကမ္မဋ္ဌာန်း ပြဆိုရာဖြစ်သော အပိုင်းသည်။ နိဋ္ဌိတံ၊ ပြီးပြည့်စုံပြီ။ ။ကာယဂတာ သတိ ပိရဏ္ဏာ နိဗ္ဗာနံပိရဏ္ဏာ။ ။ ကာယဂတာသတိပိရဏ္ဏာ၊ ကာယဂတာသတိ ချွတ်ချော် သည်ရှိသော်။နိဗ္ဗာနံ၊နိဗ္ဗာန်သည်။ပိရဏ္ဏာ၊ချွတ်ချော်၏။

ခန္ဓာငါးပါး၌ ဖြစ်မှု ပျက်မှု ကြားမှု မြင်မှု နံမှု ထိမှု သိမှု ဣရိယာပုထ် ပြောင်းလွှဲမှု ဖြစ်တိုင်း သတိပညာနှင့် မှတ်ရမည်။ အသံ အာရုံ တခုကို မှတ်ကြည့်စမ်းပါ။ အသံဟု သက်သက်မသိကြချေ။ အသံ၌ သညာရှေ့ဆောင်၍ ပညာ ရောင် ကွယ်ပျောက်၍ တောသံ တောင်သံ လူသံ ခွေးသံ ကြက်သံ ဟူ၍ မှတ်ထင်ကြရလေ၏။ ထိုသို့ ပညတ်ကို သိနေလျှင် ပရမတ်သို့ မထိမရောက် ပညတ်လောက် ကိုသာ သိရာ၏။ အမှန်ပရမတ်ဆိုသည်မှာ စိတ်-စေတသိက် ရုပ်-နိဗ္ဗာန်သည်သာ ပရမတ်ဆို သည်။အာရုံ ပြောင်းရမည်မှာ ခွေးသံ လူသံ နွားသံ ဟု မိမိစိတ်က ထင်နေရာ ခွေးသံ ထင်နေသော စိတ်-ဟု စိတ်ကို အာရုံပြုလျှင် ပရမတ်ဖြစ်

သော စိတ်ကို မှတ်သဖြင့် ပညတ်ပျောက်၍။ ခက်သည်ဟု စိတ်မလျှော့ရာ။

### သင်္ဂြိုဟ်ဋီကာသစ်။

ပရမတ္ထတောတိ ပရမတ္ထသစ္စတော၊ ဒွေ ဟိ သစ္စာနိ၊ သမ္မုတိသစ္စံ ပရမတ္ထသစ္စဉ္စ။ တတ္ထ သတ္တ ပုဂ္ဂလအတ္တဇီဝါဒိကာ ပညတ္တိ အတ္တာ သဘာဝ တော အဝိဇ္ဇမာနာယေဝ ဟောန္တိ။ ယထာဘူတ ဉာဏရဟိတာနံ ပန မဟာဇနာနံ စိတ္တေ မဟန္တ မဟန္တာပိ ဟုတွာ ဝိဇ္ဇမာနာယေဝ ပညာယန္တိ။ တေ စ မဟာဇနာ သမဂ္ဂါ တေသံ ဧကန္တေန အတ္ထိ ဘာဝံ ဂဟေတွာ တထာ တထာ ဝေါဟရန္တိ၊ သမ္မု ဒိဿန္တိ စ၊ တသ္မာ တေ မဟာဇနေဟိ သမဂ္ဂေဟိ သမ္မတတ္တာ ဝစီသစ္စဝိရတိသစ္စာနံ ဝတ္ထုဘူတတ္တာ စ သမ္မုတိသစ္စန္တိ ဝုစ္စန္တိ။

တသ္မိံ သမ္မုတိသစ္စေ ဌတွာ သမ္မာပဋိပဇ္ဇန္တာ သဗ္ဗလောကိယသမ္ပတ္တိယော တံ တံ ဗောဓိသမ္ဘာရ ဓမ္မေ စ အာရာဓေန္တိ။ မိစ္ဆာပဋိပဇ္ဇန္တာ အပါယ ပူရကာ ဟောန္တိ။ ဧဝံ မဟန္တံ ဟိ သမ္မုတိသစ္စံ။ ပရမတ္ထသစ္စံ ပန ပတွာ တံ သဗ္ဗမေဝ န ဟောတိ။ တံ ဟိ သယံ အဝိဇ္ဇမာနံယေဝ သမာနံ မဟာဇနေ ဝိဇ္ဇမာနံတွေဝ ဂဏှာတိ။ သက္ကာယဒိဋ္ဌိ ဒွါသဋ္ဌိ တိ ဝိဓ မိစ္ဆာဒိဋ္ဌီနံ ဝတ္ထုဘူတံ ဟုတွာ ဗာလဇနာနံ

ဝဋ္ဋဒုက္ခတော နိယျာတုံ နဒေတိ။ ဧဝံ ဝိပန္နိတံ ဟိ
သမ္မုတိသစ္စံ ဧဝံ မဟာသာဝဇ္ဇန္တိ။

အနက်။ ။ပရမတ္ထတောတိ၊ ပရမတ္ထတော-ဟူသည်ကား။ ပရမတ္ထသစ္စတော၊ပရမတ္ထသစ္စာအားဖြင့်။ ဟိ သစ္စံ၊ မှန်၏။ သစ္စာနိ၊သစ္စာတို့သည်။ သမ္မုတိသစ္စံ၊သမ္မုတိသစ္စာ ရင်း။ပရမတ္ထသစ္စံ၊ပရမတ္ထသစ္စာရင်း။ ဣတိ၊ဤသို့။ ဒွေ၊နှစ်ပါး တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ သတ္တ ပုဂ္ဂလ အတ္တဇီဝါဒိကာ၊ သတ္တပုဂ္ဂလ အတ္တဇီဝ-အစ ရှိကုန်သော။ပညတ္တိ အတ္ထာ၊ပညတ်အနက်တို့သည်။သဘာ ဝတော၊ သဘော အားဖြင့်။ အဝိဇ္ဇမာနာယေဝ၊ထင်ရှား မရှိကုန်သည်သာလျှင်။ ဟောန္တိ၊ဖြစ်ကုန်၏။ ပန၊ထိုသို့ပင် မရှိငြားသော်လည်း။ ယထာဘူတဉာဏာရဟိတာနံ၊ ဟုတ် မှန်စွာသိသောဉာဏ်မှကင်းကုန်သော။ မဟာဇနာနံ လူများ အပေါင်းတို့၏။ စိတ္တေ၊ စိတ်၌၊ မဟန္တံ မဟန္တာဝိ၊ အလွန် ကြီးကျယ်ထင်ရှား ကုန်သည်လည်း။ ဟုတွာ၊ဖြစ်၍။ ဝိဇ္ဇ မာနာယေဝ၊ထင်ရှားရှိကုန်သကဲ့သို့သာလျှင်။ပညာယန္တိ၊ ထင်ရကုန်၏။ တေ စ မဟာဇနာ၊ ထိုလူများ အပေါင်းတို့ သည်။သမဂ္ဂါ၊အညီအညွတ် တသံ၊ထိုသတ္တ ပုဂ္ဂလ အတ္တ ဇီဝ-အစရှိသည့်တို့၏။ကေနစိ၊စင်စစ်အားဖြင့်။အတ္ထိဘာ ဝံ၊ရှိသည့်အဖြစ်ကို။ဂဟေတွာ၊ယူ၍။ တထာ တထာ၊ထိုထို အခြင်းအရာအားဖြင့်။ ဝေါဟရန္တိ စ၊ ခေါ်လည်းခေါ် ဝေါ် ကြကုန်၏။သမ္မန္နိဿန္တိ စ၊ဝန်လည်း ဝန်ခံကြကုန်၏။တသ္မာ၊

ထိုကြောင့်။ တေ၊ ထိုသတ္တပုဂ္ဂလ-အစရှိကုန်သော ပညတ်
အနက်တို့ကို။ သမဂ္ဂေဟိ၊ ညီညွတ် ကုန်သော။ မဟာ
ဇနေဟိ၊ လူများအပေါင်းတို့သည်။ သမ္မုတတ္တာ၊ သမုတ်
အပ်သည်အဖြစ်ကြောင့်ရင်း။ ဝစီသစ္စ ဝိရတိသစ္စာနံ၊ ဝစီ
သစ္စာ ဝိရတိသစ္စာ တို့၏။ ဝတ္ထုဘူတတ္တာ၊ တည်ရာဖြစ်
သည့်၏အဖြစ်ကြောင့်ရင်း။ သမ္မုတိသစ္စန္တိ၊ သမ္မုတိသစ္စာ
ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

တသ္မိံ သမ္မုတိ သစ္စေ၊ ထိုသမ္မုတိ သစ္စာ၌။ ဌတွာ၊
တည်၍။ သမာပဋိပဇ္ဇန္တာ၊ ကောင်းစွာ ကျင့်ကြကုန်သော
သူတို့သည်။ သဗ္ဗလောကိယသမ္ပတ္တိယော စ၊ အလုံးစုံသော
လောကီချမ်းသာတို့ကိုရင်း။ တံ တံ ဗောဓိသမ္ဘာရ ဓမ္မေ စ၊
ထိုထိုဗောဓိအဆောက်အဦး ဖြစ်သော ဒါန-သီလ-စသည့်
အခြား တရား တို့ကိုရင်း။ အာရာဓေန္တိ၊ ပြီးစေ ကုန်၏။
မိစ္ဆာပဋိပဇ္ဇန္တာ၊ ဖောက်ပြန်စွာ ကျင့်ကြကုန်သော သူတို့
သည်။ အပါယပူရကာ၊ အပါယ်၌ ပြည့်ကြ ကုန်သည်။
ဟောန္တိ၊ ဖြစ်ကုန်၏။ ဟိ သစ္စံ၊ ထိုစကားမှန်၏။ သမ္မုတိသစ္စံ၊
သမ္မုတိသစ္စာသည်။ ဣဒံ မဟန္တံ၊ ဤမျှလောက်ကြီးကျယ်၏။
ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ပရမတ္ထသစ္စံ၊ ပရမတ္ထ
သစ္စာသို့။ ပတွာ ပန၊ ရောက်သော်ကား။ တံ၊ ထိုသမ္မုတိ
သစ္စာသည်။ သစ္စမေဝ၊ သစ္စာသာလျှင်။ န ဟောတိ၊ မဖြစ်။
ဟိ သစ္စံ၊ ထိုစကားမှန်၏။ တံ၊ ထိုသမ္မုတိသစ္စာသည်။ သယံ၊
မိမိသည်။ အဝိဇ္ဇမာနံယေဝ၊ ထင်လျှားမရှိကုန်သည် သာ
လျှင်။ သမာနံ၊ ဖြစ်ပါလျက်။ မဟာဇနေ၊ လူများအပေါင်း

တို့ကို။ ဝိဇ္ဇမာနံ တွေ့ဝ၊ ထင်လျှား ရှိ၏ ဟူ၍ သာလျှင်။ ဂဏှာပေတိ၊ယူစေ၏။သက္ကာယဒိဋ္ဌိ ဒွါသဋ္ဌိဒိဋ္ဌိ တိဝိဓမိစ္ဆာဒိဋ္ဌီနံ၊ နှစ်ဆယ်သော သက္ကာယဒိဋ္ဌိ, ခြောက်ဆယ်နှစ်ပါးသောဒိဋ္ဌိ, သုံးပါး အပြားရှိသော မိစ္ဆာဒိဋ္ဌိ တို့၏။ ဝတ္ထုဘူတံ၊ဘည်ရာဖြစ်၍ဖြစ်သည့်။ဟုတွာ၊ဖြစ်၍။ ဗာလဇနဿနံ၊ မသိမှုသော သူတို့အား။ ဝဋ္ဋဒုက္ခတော၊ ဝဋ်ဆင်းရဲမှ။ နိယျာတုံ၊ ထွက်မြောက်ခြင်းငှါ။ နဒေတိ၊ မပေး။ ဟိ သစ္စံ၊ မှန်၏။သမ္မုတိသစ္စံ၊သမ္မုတိသစ္စာသည်။ဧဝံ ဝိပရီတဉ္စ၊ဤမျှလောက်ဖောက်ပြန်ခြင်းရှိသည်ရင်း။ ဧဝံ မဟာသာဝဇ္ဇဉ္စ၊ ဤမျှလောက်အပြစ်ကြီးသည်ရင်း။ ဟောတိ၊ဖြစ်၏။ ဣတိ၊ ဤသို့။ဝေဒိတဗ္ဗံ၊သိအပ်၏။

---

## သမ္မုတိသစ္စာကို နှိုင်းစေရန် အရိယသစ္စာကို ပြပေအံ့။

အရိယသစ္စာ ဆိုသည်မှာ မဖောက် မပြန် မြဲမြဲစွာ မှန်ကန်စွာ ဝေဘန်၍ သိသောဉာဏ် ဖြစ်သည်။

ပရမတ္ထဒီပနီဋီကာ။

အရိယသစ္စံနာမ သဗ္ဗေသံ တေဘူမကဓမ္မာနံ ကောဋ္ဌာသ ဒုက္ခဘာဝေါ, တဏှာယ ကောဋ္ဌာဒုက္ခ သမုဒယဘာဝေါ, နိဗ္ဗာနဿ ဒုက္ခနိရောဓဘာဝေါ, အဋ္ဌင်္ဂိကဿ မဂ္ဂဿ ဒုက္ခနိရောဓမဂ္ဂဘာဝေါစာတိ။ ဣဒမေဝ ဟိ ပရိသုဒ္ဓပဋ္ဌိနံ အရိယာနံ

ဉာဏေန အစလမာနံ သဗ္ဗာကာရပရိပုဏ္ဏံ နိပ္ပရိယာယသစ္စံ ပဟောတိတိ။ တေသု ဣဓ သမ္မုတိသစ္စံ နိဝတ္တေန္တော ပရမတ္ထတောဘိ ဣဒမာဟ။

အနက်။ ။အရိယသစ္စံနာမ၊ အရိယသစ္စာ မည်သည်ကား။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ တေဘူမကဓမ္မာနံ၊ တေဘုမ္မကတရားတို့၏။ ဧကန္တေန၊ စင်စစ်အားဖြင့်။ ဒုက္ခဘာဝေါ စ၊ ဒုက္ခ၏အဖြစ်သည်ရင်း။ ဝါ၊ ကာမ ရူပ အရူပ၌ ဖြစ်ခြင်းသည်ရင်း။ တနည်း ကာမစိတ္တုပ္ပါဒ် ရူပစိတ္တုပ္ပါဒ် အရူပ စိတ္တုပ္ပါဒ် အဖြစ်သည်ရင်း။ တဏှာယ၊ တဏှာ၏။ ဧကန္တသမုဒယဘာဝေါ စ၊ ဒုက္ခစင်စစ် ပွါးရာပွါးကြောင်း အဖြစ်သည်ရင်း။ နိဗ္ဗာနဿေဝ၊ နိဗ္ဗာန်၏ သာလျှင်။ ဒုက္ခနိရောဓ ဘာဝေါ စ၊ ဒုက္ခချုပ်ရာ နိဗ္ဗာန်သည် ရင်း။ အဋ္ဌင်္ဂိကဿ၊ အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂဿေဝ၊ မဂ်၏သာလျှင်။ ဒုက္ခနိရောဓ မဂ္ဂဘာဝေါ စ၊ ဒုက္ခ ချုပ်ဆုံးရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအဖြစ် မဂ္ဂင်သမ်းဟောင်းသည်ရင်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဟိ သစ္စံ၊ ထို စကားမှန်၏။ ဣဒမေဝ၊ ဤအရိယသစ္စာသည်သာလျှင်၊ ပရိသုဒ္ဓဗုဒ္ဓီနံ၊ စင်ကြယ်သော အသိဉာဏ်ရှိကုန်သော။ အရိယာနံ၊ အရိယာပုဂ္ဂိုလ်တို့၏။ ဉာဏေန၊ ဉာဏ်ဖြင့်။ အစလမာနံ၊ တုန်လှုပ်ခြင်းမရှိသော၊ သဗ္ဗာကာရပရိပုဏ္ဏံ၊ အလုံးစုံအခြင်းအရာနှင့် ပြည့်စုံသော။ နိပ္ပရိယာယသစ္စံ၊ မုချ သဘော ဆတ်ဆတ်သော သစ္စာမည်သည်။ ပဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့မှတ်အပ်၏။ တေသု၊ ထိုပရမတ္ထသစ္စာ သမ္မုတိသစ္စာ

နှစ်ပါးတို့တွင်။ ဣဓ၊ ဤအရာ၌။ သမ္မုတိသစ္စံ၊ သမုတိသစ္စာ ကို။ နိဝတ္တေတွာ၊ စွန့်ဥါပယ်ပစ် နစ်စေလိုသည် ဖြစ်၍။ ပရမတ္ထဘာသတိ ဣဒံ၊ ပရမတ္ထတော-ဟူသောဤစကားကို။ အာဟ၊ မိန့်ဆိုတော်မူ၏။

ပရမတ္ထတရားကိုသာ သိမြင် မှတ်ရူ ရာ၏။ သမ္မုတိ သစ္စာသည် လူချမ်းသာ နတ်ချမ်းသာကို ပေးစွမ်းနိုင်သော် လည်း ဝေဒနာအနေနှင့်သာ ချမ်းသာသည် ဆိုရ၏။ ဒုက္ခ သစ္စာမျှသာ ဖြစ်၍ သစ္စာမမည်။ ပရမတ္ထသစ္စာ မှာလည်း သဘာဝသစ္စာ အရိယသစ္စာအားဖြင့် နှစ်ပါးရှိ၏။ ထိုနှစ်ပါး တို့တွင် ဤသာသနာတော်၌ သဘာဝသစ္စာ ဆိုသည်မှာ ဓမ္မသင်္ဂဏီ ဒေသနာတော်အရ ကုသိုလ် အကုသိုလ်အား ဖြင့် ဟောတော်မူခြင်းသည် သဘာဝသစ္စာ သဘောအား ဖြင့် ဖြစ်သော သစ္စာအမှန် ဖြစ်သော်လည်း ဝိဇ္ဇာဉာဏ် ပေါက်၍ ပညာသိ-အရိယ သစ္စာရောက် သိသော အခါ ပရိညာကိစ္စ ပဟာနကိစ္စ သစ္ဆိကရဏဘာဝနာနှင့် ကြည့် က မရှိမရ ဝိညာဏ်ပြရှိ စိတ်သညာသိ လူ၏ စည်းစိမ် နတ်၏စည်းစိမ် မျှသာ ဖြစ်၍ သစ္စာမမည်။ သမ္မုတိသစ္စာ သည် ဝိညာဏ်ဖြစ်၍ မျက်စိမြင် နားကြား စသောအားဖြင့် လူ့ပြည်၊နတ်ရွာ ဗြဟ္မာ၊ငရဲ အနဲ့နဲ့ တိရစ္ဆာန် ပြိတ္တာ အသူ ရကာယ်-ဟု မှတ်သား ဘွယ်သော သညာ အတွက် အမှတ်အသား ပညတ်တရားမျှသာ ဖြစ်သည်။ ဝိညာဏ် မြင်သိ သမ္မုတိက စရဏသာ မှတ်ကြရာ၏။

အရိယာသစ္စာ ဆိုသည်မှာကား ဘုံသုံးပါး၌ဖြစ်ရသော ဝိပါက် အကျိုးဆက် တရား တို့သည် ဧကန္တဒုက္ခဘာဝ၊ ဧကန္တဒုက္ခဖြစ်သည်။ သုခ-ဟူ၍ မြူမျှမဖက် အဆက်ဆက် ဖြစ်-ပျက်၍ သက်သက် ဒုက္ခသာ ဖြစ်၏။ ။သမ္မုတိ သစ္စာနှင့် အရိယသစ္စာအရ ဉာဏ်ဝေဘန်လျှင် အခင်မတန် ဉာဏ်စူးရှရန် ထိုလှ၏။ အထူးသတိထားကြပါလေ ဉာဏ် ကဝေတို့။

ဥပမာအားဖြင့်ထင်ရှားအောင် ပုံဆောင်၍ ပြအံ့။ ။ လောက-လောကဟု ပြောကြ ဆိုကြ သည်မှာ စကြဝဠာ ထံတိုင်းနှင့် ရံဒိုင်းနေသော ဌာနဟု လောကကို ထွေးတော ကြသူသာ များသည်။လောကဆိုသည်မှာ "လုဇ္ဇတိ ပလုဇ္ဇ တိတိ လောကော" ။အယံ လောကော၊ ဤ လောက သည်။ လုဇ္ဇတိပလုဇ္ဇတိ၊ ဖရိုဖရဲ ပြိုကွဲ ပျက်ပြား၍ နေ၏။ ဣတိ၊ ထိုကြောင့်။ လောကော၊ သတ္တောကာသ သင်္ခါရ လောကနယ်ကြီးဖြစ်သည်။ ။ထိုတွင် လူ နတ် ဗြဟ္မာ-ဟူ၍ ဘုံဘာဝအဖြစ် သုံးပါးဖြစ်သည်၊ထိုသုံးပါးတွင် ကာမလော က ရူပလောက အရူပလောက-ဟု ပြောကြရ၏။ကာမဘုံ ရူပဘုံ အရူပဘုံ-ဟူ၍လည်း ဆို၏။ ဘုံဆိုသည်မှာ ဘဝ။ ဘဝဆိုသည်မှာ အဖြစ်။ဤသို့ ဖြစ်ခြင်းသဘောသည်ရှိ၏။ ယောဂါဝစရ ကမ္မဋ္ဌာန်း အလုပ် လုပ်သော အခါ အနိစ္စာ နုပဿနာ ဒုက္ခာ နုပဿနာ အနတ္တာ နုပဿနာ-ဟူ၍ ဝိပ ဿနာ သုံးပါး ပြားသည်တွင် အနိစ္စ သည် အနိမိတ္တ ဝိမောက္ခ၊ဒုက္ခသည် အပ္ပဏိဟိတဝိမောက္ခ၊ အနတ္တသည်

သုညတပိမောက္ခ၊ ဝိပဿနာရှုရာ၌ ကာမ ရူပ အရူပ-ဟူ၍ ဘုံသုံးပါး ဆိုရာ လူတွေ နတ်တွေ ဗြဟ္မာတွေ အနိစ္စဆိုရာ နိမိတ် ဒြဗ် သင်္ကေတတွေ ပေါ်နေပါလျှင် အဘယ်မှာ အနိစ္စ အနိမိတ္တ ဖြစ်နိုင်မည်နည်း။ ဒုက္ခအနတ္တဆိုရာမှာ ပဂေဝ။ အဘယ်သို့မှ ဖြစ်နိုင်မည် မဟုတ် မဖြစ်နိုင်ပါ။ ကာမဘုံ ဆိုရာ ကာမဂုဏ်နှင့်စပ်သော ကာမစိတ္တုပ္ပါဒ်အဖြစ်၊ရူပဘုံ ဆိုရာမှာ ရူပ စိတ္တုပ္ပါဒ်၊ အရူပဘုံဆိုရာ အရူပ စိတ္တုပ္ပါဒ် ဖြစ်သည်။ စိတ္တုပ္ပါဒ်ဓမ္မ ဖြစ်၍ စိတ် စေတသိက် နှင့်သာ သက်ဆိုင်သည်။ ကမ္မဋ္ဌာန်း ရှုမှတ် ပွါးများသော အခါ တလောကလုံးကို မဆို၊ မိမိ ခန္ဓာဓမ္မ ကိုယ်ကာယ နာမ ကာယ အပေါ်မှာသာ ရှုမြင်ရမည်ဖြစ်၍ ကာမစိတ် ဖြစ် ပေါ်လာလျှင် ဤကား ကာမစိတ်-ဟုသာ မှတ်ရှု အပ်၏။ ရူပစိတ် ဈာန်နှင့်စပ်သော ရူပစိတ္တုပ္ပါဒ်-ဟုသာ မှတ်ရမည်။ အရူပစိတ် အရူပနာမက္ခန္ဓာတရား လေးပါးတွင် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဖြစ်ပေါ်သမျှကိုသာ မှတ်ရှုအပ် ၏။ဘုံသုံးပါးကို ဘဝသုံးပါးဆိုသည်။ထိုဘဝသုံးပါးသည် ခန္ဓာပေါ်မှာ ရှိနေ၍ မိမိခန္ဓာ၌သာ ရှုရာ၏။ ထိုသို့ ရှုမှသာ လျှင် ဝိမောက္ခ သုံးပါး ဖြစ်နိုင်မည်ကို သတိရှေ့သွား၍ ပရမတ်တရားကိုသာ ရှုရာ၏။

ထိုသို့ ရှုမှတ်ပွါးများ ရခြင်းသည် ဘုံသုံးပါး ဘဝ ဝဋ် ဒုက္ခမှ လွတ်ရန်ဖြစ်၍ ယခုကြုံရလျက် ရှိနေသော အဖြစ် ဘဝသည်ပင် ဘုံသုံးပါး ဝဋ္ဋဒုက္ခဖြစ်၍ ဤဒုက္ခဝဋ်မှ လွတ်ရန် ကို အာရုံပြု၍ တရားကို အားထုတ် ကြရမည် ဖြစ်သည်။

ယခုသူငါကစ ဖြစ်နေရခြင်းသည် လောက၌ ထောင်တွင်း မှာနေရကြ၏၊ ထောင်မှလွတ်ရအောင် ဒါန သီလ ဘာဝနာ တရားများကို အားထုတ်ရမည်။

ယခု ထောင်အတွင်း၌ ပျော်ပိုက်၍ ထောင်သားချင်း နှိုင်းစာ၍ကြည့်လျှင် ထောင်ထဲ၌ အောတန်း ဘိတန်း စိတန်း ခွဲခြမ်း၍ ထားသကဲ့သို့ အတိတ်က ပြုခဲ့သည့် ကောင်း မကောင်း အကြောင်းအတွက် ချမ်းသာ၍ ဘောဂသမ္ပတ္တိ ဘဝသမ္ပတ္တိရသော အကျိုးပေးကို မြှော်တွေး တောင့်တ သာယာ၍ ထောင်ထဲ၌ အောတန်း ဘိတန်း ကိုသာ ရလို ရောက်လို ကြသည့် အချို့ အချို့သော ပုဂ္ဂိုလ်တို့မှာ ဒါန သီလ ဘာဝနာ ပြုလုပ် ကြသော်လည်း လူဘဝ နတ်ဘဝ ဗြဟ္မာဘဝ-တည်းဟူသော ထောင်သက်ရှေရှေနေလိုကြ၍ လူအဖြစ် နတ်အဖြစ် ဗြဟ္မာအဖြစ်ဘို့ကို အကောင်းအမြတ် ထင်၍ ပြုလုပ်သမျှ ဒါန သီလ ဘာဝနာ-များသည် ထောင် တသက် လွတ်ရက်မရှိ ဖြစ်တော့သည်။

ယခု ကြုံရသော ဘုံဘဝ ဒုလ္လဘ၌ ဆိုက်တိုက်တွေ့ဆုံ သောအဖြစ် စင်စစ် ကောင်းမြတ်လှသော်လည်း ဉပနိဿ ယ မရမရှိကြသော ပုဂ္ဂိုလ်တို့သည် ဒုက္ခ ဒုက္ခ-နှင့် နှတ်က သာမြည်တမ်း၍ ပင်ပန်းနွမ်းရိ မချိသော ဒုက္ခဝေဒနာ ဝေဒ ယိတကိုသာ သိကြရလေ၏။ အရိယာသစ္စာဆိုတာ မနာ မကြားရ၍ မသိမမြင် မထင်နိုင်ကြချေ။ အကြောင်း သမု ဒယသစ္စာ တဏှာလောဘကြောင့် ခန္ဓာငါးပါး ရုပ်,နာမ် တရားတို့သည် ပဋိသန္ဓေစိတ် တချက်ကစ၍ ဉပါဒ်နှင့် ဘင်

အစဉ်မပြတ် ထပ်ထပ် နှိပ်စက် သုံးချက်ဘာဝ ဝဋ်ဒုက္ခဖြစ်ရသော သဘောသာတည်း။ ပဋိသန္ဓေအခါ ခန္ဓာမွေ့သည့် အိုမှုမစဲ နာမှုမစဲ သေမှုခဲ့ တဖွဲဖွဲ ဖြစ်ပေါ် လာရသော ဒုက္ခအမျိုးမျိုး အကျိုးအကြောင်း ယှဉ်ပေါင်း ဘက်စပ်၍ အစဉ်မပြတ် အထပ်ထပ် ဖြစ်ရခြင်း သည်သာ သစ္စာဒုက္ခဆိုသည်။ ထိုဒုက္ခသည် ခန္ဓာငါးပါးသာ ဒုက္ခသစ္စာ အမှန်သာတည်းဟု သိရမည်။

ရဟန်း ရှင် လူ ဟူဟူသမျှသော လူတို့တွင် ဥပန်သာယဗဟုသုတ ရှိသူတို့မှာ ခန္ဓာငါးပါး ရုပ်,နာမ် တရားတို့ကို ဒုက္ခသစ္စာသာဟူ၍ အမှန်သိရမည်။ ထိုဒုက္ခသစ္စာ ခန္ဓာဖြစ်ရခြင်းသည် သမုဒယတဏှာ ဥပါဒါန် ကမ္မဘာဝ အဝိဇ္ဇာသင်္ခါရ တို့ကြောင့် ခန္ဓာငါးပါး ရုပ်,နာမ်တရား ဒုက္ခသစ္စာတရား ဖြစ်ပွါးရသည်ကို ဉာဏ်ဖြင့် သိရမည်။

ထို ခန္ဓာငါးပါးကို မဂ္ဂသစ္စာဖြင့် ပရိညာ ပဟာန သစ္ဆိကရဏ ပိုင်းခြားလျှင် မငြိမ့် ဆင်းရဲမှု အဖြစ် တရားကို သိရလတ္တံ့။ ထိုမငြိမ့်ခြင်း ဖြစ်၍ ဒုက္ခသစ္စာတရား ထင်လာတော့၏။ ထိုသို့မငြိမ့် ဆင်းရဲခြင်းသည် အလိုရှိရာ စီရင်ရာ မပြီး အချည်းနှီး မှန်လှ မွေ့သဘော အားဖြင့် ဓုဝ-သုဘ-သုခ-အတ္တ တို့ သာရ-လေးလုံး ကင်းသုံးသည်ဖြစ်၍ အနှစ်သာရ ဘာမျှမရှိသည်ကို သိသောကြောင့် အနိမိတ္တ-အပ္ပဏိဟိတ-သုညတ-ဟူသော ဝိမောက္ခဖြစ်လေ၏။ အနတ္တဆိုသည်မှာ ငါ သူတပါး ယောက်ျား မိန်းမ မရှိသည်ကို သဘောထားပါလေ။

ငါ၏ ခန္ဓာကိုယ်သည် အစိုးတရမရှိ-ဟု ထင်မှတ်စွဲယူခြင်းသည် မွေသဘော အနတ္တမဟုတ်။ ငါသဘော အနတ္တဖြစ်၍ သက္ကာယဒိဋ္ဌိမလွတ်။ ခန္ဓာ ငါးပါးသည် ကိုယ် ငါမစပ် ပရမတ္ထသဘာဝ မွေသဘောဖြစ်သည်ကို သိရမည်။ လောက၌ မင်း-မီး ရေ-ခိုးသူ-မချစ်မနှစ်သက်သူ-တို့သည်ပြင်ပ ဗဟိဒ္ဓ ရန်သူတို့ သာတည်း။ ။လောဘ-ဒေါသ-မောဟ-မာန-ဒိဋ္ဌိ-တရားတို့သည် အတွင်း ရန်သူ မည်၏။ ဥပမာ-ကျူပင် ဝါးပင် ငှက်ပျောပင် ဘို့သည် မိမိကဖြစ်ပွါးသောအသီးတို့က အပင်ကို သေအောင်ဖျက်ဆီးသကဲ့သို့ သောဘ-ဒေါသ-မောဟ-မာန-ဒိဋ္ဌိ-တို့သည် အတွင်းရန်သူမည်၏။ မိမိစွဲယူသော ခန္ဓာကိုယ်သည်ပင် အပါယ်ဘေးဖြစ်အောင် သေကြေပျက်စီးအောင် ဖျက်ဆီးသဖြင့် အတွင်းရန်သူမည်၏။ ထိုကြောင့် "ခန္ဓသမော ဝေရီ၊ ခန္ဓာနှင့်တူသော ရန်သူမရှိ"ဟူ၍ မွေပဒဒေသနာတော်၌ ဟောတော်မူသည်။

လက်သန်းအဋ္ဌကထာ။

> အနိစ္စံ ခယဋ္ဌေန ဒုက္ခံဘယဋ္ဌေန၊ အနတ္တာအသာရကဋ္ဌေန။

အနိစ္စံ ခယဋ္ဌေန၊ ကုန်ပျက်တတ်သော သဘောဖြစ်၍ မမြဲ။ ဒုက္ခံ ဘယဋ္ဌေန၊ မမြဲသဖြင့် ဘေးသင့်လူက်ရှိသော အနက်ကြောင့် ဆင်းရဲ၏။ အနတ္တာ အသာရကဋ္ဌေန၊ အနိစ္စ, ဒုက္ခ ဖြစ်သော တရားသဘောသည် အဝသဝတ္တ

နတ္ထိ အာသာမိကတ္တ ပရ ရိတ္တ တုစ္ဆသုည ဖြစ်၍ အလိုမပါ စီရင်ရာမပြီး၊ အချည်းနှီးမှန်လှ ရဝ,သုဘ,သုခ,အတ္တ-ဟူ၍ မရှိလုံးလုံး သုံးသည်ဖြစ်၍အနတ္တတို့သာဖြစ်သောသဘော တို့သာတည်း။

အနိစ္စ, ဒုက္ခ, အနတ္တ ဟူသော တရား သဘောသည် သဝိညာဏက, အဝိညာဏက ရှိသမျှဥဿုံ အလုံးစုံတို့ သည် ရွှေ့တုံမဖြစ် တွေ့ဆုံလစ်၍ တဆစ်တရပ် တစပ် တသင်း နှမ်းအိုးခင်းထက် နှမ်းစေ့တွေ ပျက်သကဲ့သို့ ဖြစ် ဖြစ်အသံ၊ဆူညံ့ပျက်ပြား ဉာဏ်နားမှာ ကြား ဉာဏ်မျက်စိ နှင့် မြင်ရအောင် ကြည့်။ပကတိ အဖြစ် အပျက် သဘော အတောမသတ်သံသရာနခမ်းမသတ်ကမ္ဘာလောကခေတ် စက်ရဟတ်ကို အတပ်ထင်ထင် သိမြင်ရမည်။ ။ခန္ဓာ ငါးပါး ရုပ်, နာမ်တရားတို့သည် အရှင်သခင်မရှိ၊ ပကတိ သက်သက် ဖြစ်-ပျက်မပြတ် အထပ်ထပ် ပျက်စီးသဖြင့် အချည်းနှီးသာဟု သိရမည်။

လယ်တီ ဆရာတော် ဘုရား ရေးသားတော် မူသော သုံးမခန်း လေးချိုး စတုတ္ထအပိုင်းတွင်....

ငါတလုံးနှယ်၊အန္တန်းငယ်ကျယ်၊သုံးသွယ်မြုံသိုက်၊ ဘုံတပိုက်မှာ၊တုံရိုက်ကယ်ဆူညံ၊မြုံမကျန်အောင်၊ ပူလျှံတောက်ညီး၊ အမြဲစတော၊ မစဲကျွေ၊ အသေမီး တဲ့၊အပြီးငယ်ကုန်စင်၊ဘုံတခွင်မှာ၊အတွင်လောင် မြို့ကျ်၊ အပျောင်တိုက်တဲ့၊ အမှိုက်ကယ် ဝန်နယ်၊

အဖြစ်မစဲ၊သစ်သစ်လဲလို့၊သဲသဲသာ ကြွယ်တော့တယ်၊အကယ်မယောက်၊ သူကသာမောက်တော့မည်။နောက်နောက်ကမ္ဘာ၊ဖန်ဖန်လာလည်း၊ အစာသုံ့တွင်၊ တရသာဝင်ရမည်၊ သင်္ခါတရုပ်, နာမ်ကို၊ အဟုတ်ဉာဏ် မတင်စီးနိုင်က၊ သည်မီးတာ ဘယ်တကိန်းရယ်မှ၊ငြိမ်းပါမယ်လို့။

ထိုလေးချိုးအရ စဉ်းစား ဆင်ခြင်ဉာဏ် ဝင်ကြပါလျှင် သပိဉာဏက,အပိဉာဏက ရှိသမျှဉသုံ၊ ရွေ့တုံ မဖြစ် တဆစ်တရပ် တစပ်တသင်း နှမ်းဒိုးခင်းထက် နှမ်းစေ့တွေ ပျက်သကဲ့သို့သော အသံ၊ သူညံ့ပျက်ပျား၊ ဉာဏ်နားမှာ ကြား၊ဉာဏ်မျက်စိနှင့် မြင်ရအောင် ကြည့်။ အနိစ္စသဘော အဖောမသတ် သံသရာနှင့် ကမ္ဘာစက်ရဟတ်ကို အတပ် ထင်ထင် သိမြင်လတ္တံ့။

တရား ဆင်ခြင်ရာ၌ တကမ္ဘာလုံး ဘရုန်းဘရင်း ဖြစ်-ပျက်ခြင်းကို ရှုမနေရ၊မိမိခန္ဓာ-ဓမ္မ အနိစ္စကို ဒိဋ္ဌမြင်သိရန် ဆိုသည်။ ။ခန္ဓာငါးပါး ရုပ်,နာမ်တရားတို့သည် ဒိုစရာ, နာစရာ ဘောက်ပြန် ပျက်စီး အနည်းနည်း အထွေထွေ ကလေကဝ ဖြစ်-ပျက်သော ရုပ်,နာမ်ဓမ္မ သင်္ခါရတရားကို ဆိုသည်။ ။"ရုပ္ပနလက္ခဏံ ရူပံ၊ ဝိကိရဏရသံ၊ အဗျာကတ ပစ္စုပဋ္ဌာနံ သင်္ခါရပဒဋ္ဌာနံ"။ ။ရူပံ၊ ရုပ်တရား အပေါင်းသည်။ရုပ္ပနလက္ခဏာ၊ဘောက်ပြန်ယိုယွင်း ပျက်စီး ခြင်း လက္ခဏာရှိ၏။ဝိကိရဏရသံ၊ဖရိုဖရဲ ပျိုကွဲခြင်း ရသ

ရှိ၏။ အဗျာကတပဋ္ဌာန်း၊ မကွေ့မကွင်းခြင်းလျှင် ထင်
သော ပဋ္ဌာန်ရှိ၏။ သင်္ခါရပဋ္ဌာန်း၊ ပြုပြင်စီရင်ခြင်းလျှင်
နိုးစွာသောအကြောင်းရင်းရှိ၏။

ခန္ဓာငါးပါး ရုပ်,နာမ်တရားတို့သည် ဖြစ်-ပျက်မစဲ မမြဲ
ဆင်းရဲ ဒုက္ခကိုပြသော သဘော ဘောက်ပြန် ပျက်စီးနေ
သော အစုအပုံကို ရုပ်ဆိုသည်။ အဘယ်ကဲ့သို့ ဘောက်
ပြန်ပျက်စီးနေပါသနည်း။ ။ထင်ရှားစေဦးအံ့။ ။လွန်ခဲ့
သော သံသရာဘဝ အဆက်ဆက်က ပြုလုပ်ခဲ့သော တ
ဏှာ, ဥပါဒါန်, ကမ္မဘဝ, အဝိဇ္ဇာ, သင်္ခါရ-ဟူသော ပဋိစ္စ
သမုပ္ပါဒအကြောင်း နှစ်သက်စွဲလမ်းခဲ့သော တဏှာ,ရူပ,
သဒ္ဒ,ဂန္ဓ,ရသ,ဖဿ-တို့ကိုစွဲလမ်းခဲ့သော ဥပါဒါန် ငါငါဟု
ထင်မြင် စွဲလမ်းသော ဒိဋ္ဌုပါဒါန် တိရစ္ဆာန်တို့ ကျင့်သော
ထင်ရာပြုလုပ်သောအလေ့အကျင့်ကို စွဲလမ်းယူမှားသော
သီလဗ္ဗတုပါဒါန်၊ ငါ၌ ငါ့ကိုယ်ရှိ၏။ ငါငါဟုစွဲလမ်းခဲ့သော
အတ္တဝါဒုပါဒါန် ၊ဥပါဒါန် လေးပါးသည် တဏှာ အရင်း
ကြီးမင်းသည်ကိုအကြောင်းပြု၍ဥပါဒါန်တရားဟု ဆိုသည်။
သင်္ခါရစေတနာ၊ထွေထွေရာရာ၊သိရာသိကြောင်းဖြစ်သော
ဝိညာဏ်က ပြုပြင်စီရင်တိုင်း စေတနာလျှင်အရင်းရှိသော
ပြုပြင်မှုသင်္ခါရ၊ အတိတ်က အကြောင်း ခံလျက် ပစ္စုပ္ပန်
ဘဝအဖြစ် ဝိဘတ်တချက်ကစ၍ကလလ-ရေကြည်ခေါ် မမြင်
ကောင်းသော ဓာတ်စုဓာတ်ခဲ အဆင့်ဆင့် ဖြစ်ပျက်ရန်
ဥတု အာဟာရတို့ အရာကို ရုပ်ခေါ်သည်၊ ထင်ရှားသော
အခါမှ အဆင့်ဆင့် အရွယ်၏ အိုမင်း ရင့်ရော်အောင်

ဘောက်ပြန်ပျက်စီးနေသည်ကို ရုပ်ခေါ်သည်။ ရုပ်တရားနှင့် မှီတွယ်လျက်ဖြစ်နေသော နာမက္ခန္ဓာတရား လေးပါးတို့ကို အန္တိကတ္တ-အဝိနိဗ္ဘောဂ အားဖြင့် နာမ်ခေါ်သည်။ နာမ်တရား လေးပါး ဟူသော ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့သည် တပေါင်းတည်းကဲ့သို့ ဝေဒနာတခုတွင် သညာ, သင်္ခါရ, ဝိညာဏ်၏တရားများသည် အဝိနိဗ္ဘောဂ ဖြစ်၍ နာမက္ခန္ဓာ ပေါ်သမျှ တလုံးတည်း မှီတွယ်လျက်ရှိကြ၏။ ခန္ဓာငါးပါးသည် အစဉ်မပြ ဆင်းရဲဒုက္ခ အစိုးမရသည်ကို ပရိညာပဟာန သစ္ဆိကရဏအားဖြင့် ဖြစ်ပေါ်လာတိုင်း သတိ, ပညာဖြင့် မှတ်သားပိုင်းခြားလျှင် အနိစ္စ, ဒုက္ခ-အစိုးမရသော အချက်တို့ကို သိမြင်အောင် မှတ်ရှုဆင်ခြင်ရာ၏။ ဤ၌ ဒုက္ခသစ္စာကိုပိုင်းခြားထင်ထင်သိမြင်၏။ ထိုအခါ သမုဒယတဏှာကို ပယ်၏။ နိရောဓသစ္စာချုပ်၏။ မဂ္ဂသစ္စာ နာမ်, ရုပ် ပိုင်းခြားခြင်းသည် မဂ္ဂသစ္စာပွါးသည်မည်၏။

လောက၌ အမှန်နှင့်အမှား၊ ခြားနားစွာ သိရန်လိုသည်။ သစ္စာဆိုသည်မှာ အမှန်တရားကိုဆိုသည်။ သစ္စာလေးပါးဆိုသည်မှာ ရုပ်, နာမ်ဓမ္မ၊ အနိစ္စဒေတ်ပရမတ်ကိုသာ ဒုက္ခသစ္စာ ဆိုသည်။ ဥပါဒ်နှင့်ဘင် အစဉ်မပြတ် အထပ်ထပ်ဖြစ်နေသဖြင့် မမြဲသဖြင့် ပျက်နေသည်ကို ဒုက္ခသစ္စာဆိုသည်။ ထိုဒုက္ခဖြစ်စရာ တဏှာသမုဒယ သာတ ပေမ လောဘပဋိတ်ကြောင့်လောဘမူစိတ်ကို သမုဒယသစ္စာဆိုသည်။ ဥပါဒ်, ဌီ, ဘင် အစဉ်ခဏကို ဗုဒ္ဓဝိသယဖြစ်၍ ပုထုဇန်တို့

မမြင်နိုင်ရာယောဂါဝစရပုဂ္ဂိုလ်ဘို့မှာသန္တတိပြတ်စဲသည်ကိုသာ မြင်နိုင်သည်။ လောဘ ဟိတ်ခတ် ကင်းပြတ်ချုပ်ငြိမ်းရာ အသင်္ခတဓာတ် ပရမတ်ကိုသာ နိရောဓသစ္စာဆိုသည်။ ထိုဒုက္ခသမုဒယကို ပဟာနပရိညာ သစ္စိကရဏာကို မဂ္ဂသစ္စာဆိုသည်၊ လိုရင်း နိဗ္ဗာန်ရောက်ကြောင်း ဒုက္ခသစ္စာ တပါးသာ ပိုင်းခြား ထင်ထင် သိမြင်ရန် လိုသည်၊ ဒုက္ခကို ပိုင်းခြား မှတ်သားနေလျှင် ဤအခါ သမုဒယကို ပယ်နေသည်။ ဤအခိုက် တဏှာဟူသောဝါနနိက္ခန္တ ဖြစ်၍ နိဗ္ဗာန်ကို တဒင်္ဂပဟာန်ရသည်။ ဒုက္ခသစ္စာ ပိုင်းခြားနေခြင်းသည် မဂ္ဂသစ္စာ ပွါးနေတော့၏။

ပဋိသမ္ဘိဒါမဂ်အလို။

ဥပ္ပါဒေါ ဘယံ အနုပ္ပါဒေါ ခေမံ။ ဥပ္ပါဒေ အာဒီနဝံ အနုပ္ပါဒေ ပက္ခန္ဒတိ။

ဥပ္ပါဒေါ၊ခဏခဏ ခန္ဓာဓာတ် ဖြစ်ရခြင်းသည်, ပျက်ရခြင်းသည်၊ ဘယံ၊ဘေးဒုက္ခသာတည်း။ အနုပ္ပါဒေါ၊ ခန္ဓာဓာတ် မဖြစ်ရခြင်း,မပျက်ရခြင်းသည်၊ ခေမံ၊ဘေးဒုက္ခမရှိ။ ဥပ္ပါဒေ၊ခန္ဓာဓာတ် ဖြစ်ရ,ပျက်ရခြင်း၌၊ အာဒီနဝံ၊အနိဋ္ဌ,ဒုက္ခဖြစ်ရခြင်းအပြစ်ဒေါသကို။ ဒိသွာ၊မြင်၍။ အနုပ္ပါဒေ၊မဖြစ်လိုခြင်း၌၊ ပက္ခန္ဒတိ၊မဂ်သို့ပြေးဝင်၏။ ဝါ၊မဂ်စိတ်ဖြစ်၏။

ဥပ္ပါဒေါ၊ဖြစ်ရခြင်းသည်။ သင်္ခါရော၊သင်္ခါရတို့သာတည်း။ အနုပ္ပါဒေါ၊ သင်္ခါရ မဖြစ်ရခြင်းသည်။ နိဗ္ဗာနံ၊ အသင်္ခတနိဗ္ဗာန်သာတည်း။ ။ဒုက္ခသစ္စာကို အမှန်သိမြင်၍ ပေါင်းရ

နေသော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ် ဟူသော သဘောကိုသိမြင်၍ သက္ကာယဒိဋ္ဌိချုပ်၏။ ခန္ဓာငါးပါး ရုပ်, နာမ် တရားသည် ဒုက္ခဖြစ်စရာ တဏှာ ဥပါဒါန် ဟူသော သမုဒယသစ္စာအမှန်ရှိ၍ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဖြစ်ရသည် ဟုသိသောဉာဏ်သည် သေလျှင် ပြတ်၏ ဟူသော ဥစ္ဆေဒ ဒိဋ္ဌိပြုတ်၏။ နိရောဓသစ္စာသည် အနုသယအားဖြင့် တခဏ ကြားအခနေ့နှင့်ပင်လျှင် ကာံစသော သတ္တဝါမရှိ။ ပဋိစ္စသမုပ္ပါဒ်ကာံ ချုပ်လျှင် သတ္တသညာချုပ်၏ ဟု သိသောဉာဏ် သည် သဿတဒိဋ္ဌိချုပ်၏။ မဂ္ဂသစ္စာမြင်သိက အကြိယဒိဋ္ဌိ ချုပ်၏ ဟု သိခြင်းသည် မိမိပြုသောကာံကို တားမြစ်၍ အကြိယကို ပယ်သည်ဟုရ၍ မိမိပြုသော လောဘ,ဒေါ သ,မောဟ-ဟူသော ကိလေသာချုပ်မှုကို ဒိဋ္ဌပစ္စက္ခအား ဖြင့် မြင်သိသည်၏ အဖြစ်ကြောင့်တည်း။ ။ဤအရာမှာ အထူး သတိထား၍ သတိပဋ္ဌာန် စိတ္တာနုပဿနာ၌။ ။ "သဒေါသံ ဝါ စိတ္တံ သဒေါသံစိတ္တန္တိ ပဇာနာတိ" ဒေါသ စိတ်ဖြစ်သည်ကို သိရမည်ဟု ဟောတော်မူသည်ကိုထောက် ထားဆင်ခြင်ရာ၏။

ဤသို့သစ္စာလေးပါးကိုသိမြင်ကသက္ကာယဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိ, သဿတဒိဋ္ဌိ,အကြိယဒိဋ္ဌိ စသော ၆၂-ပါးသော ဒိဋ္ဌိတို့ကို မဂ္ဂသစ္စာဉာဏ်သိသဖြင့် ဒိဋ္ဌိ-ဟူသမျှ အကုန်ချုပ်လေ၏။

သစ္စာလေးပါးကို နှုတ်ကျက်းချုပ် ပြလိုသော အဋ္ဌကထာ၊

ဒုက္ခံ ဒုက္ခသမုဒါ။ ဒုက္ခသာ စ အတိက္ကမံ၊

အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနိ ပဒိပဒန္တိ၊

အနက်။ ။ဒုက္ခံ၊ ဇာတိစသော ဒုက္ခသစ္စာသည်၎င်း။ ဒုက္ခသမုဒယံ၊ ဇာတိဒုက္ခကို ဖြစ်စေသော သမုဒယတဏှာ သည်၎င်း။ ဒုက္ခဿ၊ ဒုက္ခ၏လည်း။ အတိက္ကမံ၊ လွန်မြောက် သော အစာတ,အပဝတ္တ,အသင်္ခတနိဗ္ဗာန်သည်၎င်း။ ဒုက္ခူ ပသမဂါမိနံပဋိပဒံ၊ ဇာတိစသော ဒုက္ခ၏ချုပ်ငြိမ်းခြင်းသို့ ရောက်သော အကြောင်း အကျင့်ဖြစ်သော။ အရိယံ၊ ဖြူစင် သော။ ဝါ၊ အရိယာတို့သိအပ်သော။ အဋ္ဌင်္ဂိကမဂ္ဂံ၊ သမ္မာဒိဋ္ဌိ စသောမဂ္ဂင်ရှစ်ပါးရှိသော။ မဂ္ဂ၊ မဂ်တရားသည်၎င်း။ အတ္တိ၊ ရှိ၏။ ဣတိ၊ ဤသို့။ သစ္စာလေးပါးကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်သိအပ်၏။

သစ္စာလေးပါးတရား ထင်မြင်ရန်မှာ။ သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးဖြင့် ရှုအပ်၏။ မှတ်ရှုသိမြင်ရမည်ဆိုရာ၌သညာ သိ,ဝိညာဏ်သိမဟုတ် အလင်းပေါက်ပညာသိကိုသာ မှတ် အပ်၏။ သဘောနှင့် ပညာဉာဏ်ကို ထိုးထွင်း၍အလင်း ပေါက်ကြပါစေ။ ဒုက္ခသစ္စာ ခန္ဓာငါးပါးကို မြင်တိုင်း,ကြား တိုင်း,နံတိုင်း,ထိတိုင်း,သိတိုင်း,ဣရိယာပုထ် ပြောင်းတိုင်း ပြောင်းတိုင်း အတန်ငယ် အတန်ငယ် မှတ်ရှုသိမြင်လျက် တခါတခါ အဝိဇ္ဇာ, မောဟ, တဏှာ,သမုဒယ ရှေ့ပြေး၍ မေ့တတ်သည်၊ မေ့သည်ကိုပင် မေ့သည်ဟု သိ။ သိသော စိတ်သည် အမှတ်ထက္ခဏာ ပညာစေတသိက် ဖြစ်၍ အ ဝိဇ္ဇာကို ဝိဇ္ဇာကသိ။ သိသော ဉာဏ်သည် ဝိဇ္ဇာဖြစ်သည်။ မဂ္ဂပဒပါဠိတော်အရ သတိရှိကြပါစေ။

အနုပုဗ္ဗေန မေဓာဝီ၊ ထောကံထောကံ ခဏေခဏေ။
ကမ္မာရော ရဇတဿေဝ၊ နိဒ္ဓမေ မလမတ္တနော။ ။

အနက်။ ။ကမ္မာရော၊ပန်းထိမ်သည်သည်။ရဇတဿ၊ ရွှေငွေ၏။ မလံ၊ အညစ် အကြေးကို။ ထောက်ထောက်၊ တဖြေးဖြေး အတန်ငယ် အတန်ငယ်။ ခဏေခဏေ၊ ခဏ တိုင်း ခဏတိုင်း။ နိဒ္ဓမေယျဝ၊ နှင်ထုတ်သကဲ့သို့။ မေဓာဝီ၊ ”အကြောင်းဟေတု သမုဒယသစ္စာကြောင့် အကျိုးဖြစ်သော ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ-ဟူသော ပဋိစ္စသမုပ္ပန္န် ဒုက္ခသစ္စာ ခန္ဓာငါးပါး တရားအနု ဓာတ်အစု ဟု သိသော ပညာရှိသည်။ အနုပုဗ္ဗေန၊ ဣရိယာပုထ် လှုပ် လှုပ်ရှုရှ ပြောင်းတိုင်းရွေ့တိုင်း အစဉ်အားဖြင့်။ ထောက် ထောက်၊အတန်ငယ်အတန်ငယ်။ ခဏေခဏေ၊ခဏတိုင်း ခဏတိုင်း၌၊ မလံ၊လောဘ ဒေါသ မောဟ-စသော ကိလေ သာ အညစ်အကြေးကို။ နိဒ္ဓမေ၊ နှင်ထုတ်ရာ၏။ ဝ၊ သတိ တရားမှတ်သားပြီးကာ နှင်ထုတ်ရာ၏။

လောဘ ဒေါသ မောဟ-ဟူသော ကိလေသာ မလကို အဘယ်သို့နှင်ထုတ်ရန် ဘုရားရှင်ဟောတော်မူပါသနည်း။

သတိပဋ္ဌာန် ဒေသနာတော်-စိတ္တာနုပဿနာ၌၊ ဤသို့ ဟောတော်မူသည်မှာ "သဒေါသံ ဝါ စိတ္တံ သဒေါသံ စိတ္တန္တိ ပဇာနာတိ"။ ။သဒေါသံ ဝါ၊ ဒေါသနှင့် တကွ ဖြစ်သော။ စိတ္တံ၊စိတ်ကို၊ သဒေါသံ စိတ္တန္တိ၊ဒေါသနှင့်တကွ ဖြစ်သော စိတ်ဟူ၍။ ပဇာနာတိ၊ သတိအမှတ် ပညာဖြင့် သိ၏။ ။ဒေါသဖြစ်သောစိတ်ကို ဒေါသဖြစ်သောစိတ်ဟု သိသော သတိပညာသည် ဒေါသကို ဒေါသဟု သိလျှင် သတိပညာ ရှိသော စိတ်ကသာ သိသည်ဖြစ်၍ ဒေါသ

စိတ္တုပ္ပါဒ်မရှိ၊ ပညာခေါ်သော ဝိတဒေါသစိတ် ဖြစ်ပေါ်လာသည်ဖြစ်၍ ဒေါသ စသော ကိလေသာကို နှင်ထုတ်သည်မည်၏။

ခန္ဓာငါးပါး၌ မြင်မှု နံမှု ကြားမှု စားမှု ဝါးမှု ထိမှု သိမှု ဣရိယာပုထ် ပြောင်းလွဲမှုတို့ကို သတိပညာဖြင့်မှတ်သိရာ၏။ ။ သတိထား။ ဤစာကြည့်ဆဲတွင် အသံတခုကို မှတ်ကြည့်စမ်းပါ။ အသံသည် ပရမတ် သက်သက် ဖြစ်သည်၊ အသံသက်သက်ကို မှတ်မှ ပရမတ်ကို မှတ်သည်မည်၏။ လူသံ ခွေးသံ ထောသံ ဆိုင်းသံ ဝိုင်းသံ ရေသံ လေသံ ပညတ်နှင့် ရောထွေး နေလျှင် မဘောက်ပြန်သော ပရမတ် မမည်၊ ပရမတ်ပေါ်ကိုရောက်ရန်မှာ ပညတ်တွေ ရောထွေးနေသော စိတ်။ ထိုရောထွေး နေသော စိတ်-ဟု စိတ်သက်သက်ကို အာရုံ ပြောင်းလွဲ မှတ်လျှင် ပရမတ်စိတ်ကို မှတ်သည် မည်၏။ ပညတ် ပျောက်၍ ပရမတ် စိတ်ပေါ် အာရုံ ရောက်တော့၏။

ခန္ဓာ နာမ် ရုပ် ဖြစ်လာရာ ဖြစ်သော အကြောင်းသည် ဘုရားဖန်ဆင်းလေသလော၊ နတ် ဗြဟ္မာ ဖန်ဆင်းသလော-ဟု တွေးတောယုံမှားခြင်း ကင်းရာ၏။

ခန္ဓာ နာမ် ရုပ် ဖြစ်ခြင်းသည် အတိတ်ဘဝက ဝါ-သံသရာ စသည်မှ တဏှာ ဥပါဒါန် ကံ သင်္ခါရ အဝိဇ္ဇာ စသည်တို့သည် သမုဒယတဏှာ အမွန်ရှိနေသောကြောင့် အတိတ်အကြောင်းခံ၍ ပစ္စုပ္ပန်ဘဝ ပဋိသန္ဓေ စိတ္တက္ခဏ မှစ၍ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ-တို့ အဆင့်

ဆင့် ဖြစ်ပေါ်ထာရလေ၏။ ။ထိုသို့ ဖြစ်လာသော တရားအစုသည့် ဓာတုသမ္ဘာရကို ဒုက္ခသစ္စာ။ ခန္ဓာ နာမ်,ရုပ်ကို နာမ့်,ရုပ် ဟု သိခြင်းသည် အကျိုးကို သိသော အတ္ထပဋိသမ္ဘိဒါဉာဏ် မည်၏။တဏှာ သမုဒယ ဥပါဒါန် အကြောင်းခံ၍ အမှန်သိသော သမုဒယသစ္စာ သိသော ဉာဏ်သည် အကြောင်းကို သိသော ဓမ္မပဋိသမ္ဘိဒါဉာဏ် မည်၏။ သေခြင်း အစရှိသော ဥပါဒ် ခပ်သိမ်း ကင်းငြိမ်းသော သန္တိနိဗ္ဗာန် အမှန်ရှိသည်ဟု သိသော ဉာဏ်သည် အကျိုးကို သိသော အတ္ထပဋိသမ္ဘိဒါဉာဏ် မည်၏။ ။ထိုသို့ သန္တိ နိဗ္ဗာန်ရှိသည်ဟု သိသောကြောင့် နိဗ္ဗာန်ရောက်ကြောင်း သမ္မာဒိဋ္ဌိ-စသော လမ်းဟောင်း မဂ္ဂင်ရှစ်ပါးကို သိသော ဉာဏ်သည် အကြောင်းတရားကို သိသော ဓမ္မပဋိသမ္ဘိဒါဉာဏ် မည်၏။ဤသို့ အကျိုးတရား အကြောင်းတရားကို ဝေဘန်၍ သိသည်ရှိသော် သက္ကာယဒိဋ္ဌိ ချုပ်၏။

ဤစာ ကွက် အဆုံးသတ်။

# နိဂုံးချုပ်။

---

"ဂရုဝါသော ဗဟုကိစ္စော" အိုး, အိမ်, သား, မယား, စီးပွါးရေး-စသော ကိစ္စ များလှသည် ဟု လက်လျှော့လျှင် တရားကို အားမထုတ်နိုင် သေး-ဟု စိတ်ကို မလျှော့ရာ။ ထောင်ကျနေသော သူတို့သည် ကြိုးဒဏ်အမိန့်ချမှတ်သော တရားခံအဖြစ်၌ တည်ရှိသော သူတို့ပင်လျှင် အယူခံခြင်း အသနားခံခြင်း ပြုလုပ်ကြရသည်။ သာမည ထောင်ဒဏ် အနည်းငယ် ခံရသော သူတို့သည် အယူခံ ဝင်ရသကဲ့သို့ အာဂါရိက အိမ်ယာထောင်သော သူတို့မှာလည်း ဘဝ သုံးဆောင် ထောင်ထဲ၌ ပျော်ပိုက်၍ နေကြရသော်လည်း ထောင်, တည်းဟူသော ကာမ ရူပ အရူပ-တည်းဟူသော ထောင်မှ လွတ်မြောက်ကြရန်ကို မဂ္ဂင်ရှစ်ပါး သမ္မာဒိဋ္ဌိ တရား သစ္စာလေးပါး-တည်းဟူသော အယူခံဝင်ရမည်ကို သတိ ပေးရ ပေသည်။ အယူခံခြင်းသည် ခက်ခဲလှသည် မဟုတ်။ အလှမ်းတွင် တာပါရမည်။ "သွားကူးရေပါ" ဆိုသော စကားအရ ခြေလှမ်းတိုင်း သတိအမှတ်ရှိခြင်း၊ သွားကူးရာ ရေပါသည် ဆိုသောအရ သွားတိုင်း လာတိုင်း ကိုယ်လက် လှုပ်ရှားတိုင်း စကားပြောတိုင်း မဂ္ဂင်ရှစ်ပါးကို သတိထား ၍ သွားလာ ရမည် သာတည်း။ ။ကမ္မဋ္ဌာန်း ထိုင်ခြင်း အိမ်မှထွက်၍ ကျောင်းကန်ဘုရား သွင်းနိုင်က ကောင်းလှ ပါ၏။ သို့မဟုတ်က "သွားကူးလျှင် ရေပါရမည်" "အလှမ်း

တွင် တာပါရမည်” ဆိုသည့် အတိုင်း ဈာရိယာပုထ် ပြောင်းတိုင်း သတိထားရမည်။ “သတိ တမံ၊ ဉာဏ် မြေ ကတုတ်၊ ပညာ့စွန်း ချွန်းနှယ်အုပ်” ဆိုသော အရ သတိ တရားသည် တာတမံ မြေကတုပ်သဖွယ် လောဘ-စသော ကိလေသာ အညစ်အကြေး မဝင်မလာနိုင်အောင် ဉာဏ်သိ သတိပညာသိ-တည်းဟူသော သတိစေတသိက်ဖြင့် ဒုက္ခ သစ္စာကို ပိုင်းခြားရမည် ဟူလို။

ဣမေ ဓမ္မာ အဘိညေယျာ ဣမေ ဓမ္မာ ပရိညေယျာ၊ ဣမေ ဓမ္မာ ပဟာတဗ္ဗာ၊ ဣမေ ဓမ္မာ သစ္ဆိကာတဗ္ဗာ၊ ဣမေ ဓမ္မာ ဘာဝေတဗ္ဗာတိ သစ္စာနိ ဘာဝေန္တော အမတာဓိဂမံ ဓမ္မံ ကထေတွာ ဒေတိ၊ ဣဒံ သိခါပတ္တဒါနံ နာမ။

အနက်။ ။ဣမေဓမ္မာ၊ ဤသစ္စာလေးပါး တရားတို့ကို။ အဘိညေယျာ၊ ထူးသော ဉာဏ်ဖြင့် ဤကား ဒုက္ခသစ္စာ၊ ဤကား ဒုက္ခသမုဒယသစ္စာ၊ ဤကား ဒုက္ခချုပ်ရာ နိရောဓ သစ္စာ၊ဤကား ဒုက္ခနိရောဓဂါမိနီပဋိပဒါ-တည်းဟု သိအပ် မှတ်အပ်ကုန်၏။ ဣမေဓမ္မာ၊ ဤဒုက္ခသစ္စာတရားတို့ကို။ ဝါ၊ ဖြစ်ခြင်းရှိသမျှ တေဘူမကာ သင်္ခါရ တရားတို့ကို။ ပရိညေယျာ၊ ပိုင်းခြား၍ သိအပ်သော တရားတို့သာတည်း။ဣမေ ဓမ္မာ၊ ဒုက္ခ သမုဒယသစ္စာ တဏှာကို။ ပဟာတဗ္ဗာ၊ ပယ် အပ်သော တရားတို့သာတည်း။ ဣမေဓမ္မာ၊ဤဒုက္ခနိရောဓ သစ္စာ နိရောဓ နိဗ္ဗာန်ကို။ သစ္ဆိကာတဗ္ဗာ၊ မျက်မှောက်

ပြုအပ်သော တရားတို့သာတည်း။ ဣမေ ဓမ္မာ၊ ဤဒုက္ခချုပ်ကြောင်းဖြစ်သော သမ္မာဒိဋ္ဌိ စသော မဂ္ဂင်အကျင့်ကိုသာ။ ဘာဝေတဗ္ဗာ၊ ပွါးများအားထုတ်အပ်သော တရားတို့သာတည်း။ ဣတိ၊ ဤသစ္စာတို့ကို။ ဘဝေန္တော၊ ပြလျက်။ အမတာဘိဂမံ၊ သေခြင်းကင်းသော နိဗ္ဗာန်သို့ ရောက်ကြောင်း တရားကို။ ကထေတွာ၊ နှုတ်ဖြင့် ပြောဟော၍။ ဒေတိ၊ တရားအလှူ ပေးလှူ၏။ ဝါ၊ စာအုပ် ကံကျွေး၊ လက္ခပေး၍ စာအုပ်စာတမ်း ကမ်းလှမ်း လှူဒါန်း၏။ ဣဒံ၊ ဤတရားအလှူ ပေးခြင်းသည်။ သိခါပတ္တဒါနံနာမ၊ အထွတ် အမြတ်ဆုံး ရောက်သော ဓမ္မဒါနမည်၏။

ဒုက္ခပတ္တာ စ နိဒ္ဒုက္ခာ၊
ဘယပတ္တာ စ နိဗ္ဘယာ။
သောကပတ္တာ စ နိသောကာ၊
ဟောန္တု သဗ္ဗေပိ ပါဏိနော။ ။
ဧတ္တာဝတာ စ အမှေဟိ၊
သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေဒေဝါ နုမောဒန္တု၊
သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ။ ။

ဒုက္ခပတ္တာ၊ ဆင်းရဲခြင်းသို့ ရောက်ကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ပါဏိနော၊ သတ္တဝါတို့သည်။ နိဒ္ဒုက္ခာ၊ ဆင်းရဲမရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ ဘယပတ္တာ၊ ဘေးသို့ရောက်ကုန်သော။ ပါဏိနော၊

သတ္တဝါတို့သည်။ နိဗ္ဘယာ၊ ဘေးမရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန် သတည်း။ သောကပတ္တာ၊ စိုးရိမ်ပူဆွေးကြကုန်သော။ ပါဏိနော၊ သတ္တဝါတို့သည်။ နိသောကာ၊ စိုးရိမ်ပူဆွေးခြင်းမှ ကင်းကြ ကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန် သတည်း။

ဧတ္တာဝတာ၊ ဤမျှလောက်။ အမှေဟိ၊ ငါတို့သည်။ ပုည သမ္ပဒံ၊ ကောင်းမှုနှင့်ပြည့်စုံကြခြင်းကို။ သမ္ဘတံ၊ အားထုတ် ဆည်းပူးအပ်ပြီ။ သဗ္ဗေဒေဝါ၊ ခပ်သိမ်းကုန်သော နတ်အပေါင်းတို့သည်။ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ၊ အလုံးစုံသော စည်းစိမ်၏ ပြည့်စုံ ပြီးစီး ခြင်းငှါ။ အနုမောဒန္တု၊ ဝမ်းမြောက် ဝမ်းသာ အနုမောဒနာ ပြုကြပါစေ ကုန်သတည်း။

အာဂါရိက အနာဂါရိက လူငယ်လူရွယ်တို့ ဝိပဿနာ၊ သစ္စာလေးပါးတရားကို မြင်သိရန် ဟောပြောရခြင်း ရေးသားပြုပြင် စီရင်ရခြင်း စာအုပ်စာတမ်း လှူဒါန်းရခြင်း ကောင်းမှုကြောင့် ယခုဘဝ ပစ္စက္ခ၌ သံဒိဋ္ဌိကမ္မေအတိုင်း ကိုယ်တွေ့မျက်မြင် ထင်ထင်ရှားရှားကြီး ရှိနေသော နိဗ္ဗာန်ကို ရကြသည်ဖြစ်၍ ဤစင်ကြယ်ကောင်းမြတ် ချီးမွမ်းအပ်သော မဂ်ဖိုလ်တည်ရာ ဝိပဿနာ သစ္စာလေးပါး မြတ်တရားကို ထင်လျှား သိမြင်နိုင်ရန် စာအုပ်စာတမ်း လှူဒါန်းရခြင်း၊ ဤစာအုပ် အရ ကျင့်ကြံ မယုတ် အားထုတ် ကြသော သူတော်ကောင်း အပေါင်း တို့သည် ဗုဒ္ဓေဝ၊ ဤဂေါတမ နွယ်ဘွား ရှင်တော်ဘုရား လက်ထက် သာသနာတော်

စက်၍၊ ပရမတ္ထံ၊ ပရမတ်ဆဝ်ဆဝ် ဖြစ်သော နိဗ္ဗာန်ကို၊ အခသာဝေန္တု၊အာထိုဖြေ၍ ကိုယ်တွေ့ ညဏ်မြင် ဖွေသန့် စင်လျက် အစဉ်ပေါက်ရောက် ပြီးမြောက်ခံစံနိုင်ကြ ပါစေသတည်း။

ဤတွင် အဆုံးသတ် သတည်း။

# ရေစက်ချ။

ဘဒန္တ၊ သုပ္ပဋိပန္န၊ အရိယနွယ်လာ၊ မဟာထေရ်မွန်၊ သီလဝံအရှင်ဘုရား။ မယံ၊ နာမ်,ရုပ် ၂-ဖြာ၊ ကိုယ်ခန္ဓာကို ဩဠာရိက အတ္တဒိဋ္ဌိ အစွဲညှိသော တပည့်တော် တပည့်တော်မတို့သည်။ သံသာရ ဝဋ္ဋ ဒုက္ခတော၊ သံသရာတည်းဟူသော ၃၁ ဘုံ ထောင်အတွင်းမှ၊ မောစနတ္ထာယ၊ လွတ်ကင်းထွက်မြောက် မဂ်ဖိုလ်သို့ ရောက်ပါစေခြင်း အကျိုးငှါ၊ ကမ္မဋ္ဌ၊ ကုသလာဓမ္မာ, အကုသလာဓမ္မာ ဓမ္မသင်္ဂဏီ ဒေသနာလာသည်နှင့်အညီ၊ ကုသိုလ်, အကုသိုလ်အားဖြင့် ၂-ပါး အပြားရှိသော ကံကိုရင်း၊ ကမ္မဖလဋ္ဌ၊ ကံ၏အကျိုးကိုရင်း။ ရတနတ္တယဂုဏာဋ္ဌ၊ ရတနာသုံးပါးတို့၏ဂုဏ်ကိုရင်း။ သဒ္ဓါယ၊ မြုံ့ရှိသောရေကို ကြည်စေတတ်သောစကြာဝတေးမင်း၏ ပတ္တမြားကဲ့သို့ ဘုရားအစရှိသော ဂုဏ်၌ ကြည်စေခြင်း လက္ခဏာရှိသော သဒ္ဓါစေတသိက်ဖြင့်။ အဘိသဒ္ဒဟိတွာန၊ အလွန်ယုံကြည်ပါကုန်သည်ဖြစ်၍။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ ပဉ္စင်္ဂသီလာနိ၊ အင်္ဂါငါးပါးနှင့် ပြည့်စုံသော သီလတော်မြတ် တို့ကို။ သမာဒိယိတွာ ဂဏှိတွာန၊ ကောင်းစွာခံယူဆောက်တည်ပြီးလျှင်၊ ဝဏ္ဏ, ဂန္ဓ,ရသ, သမန္နာဂတံ၊ အဆင်း,အနံ့,အရသာနှင့် ပြည့်စုံသော။ ပိဏ္ဍပါတခါဒနီယံ၊ ဆွမ်း ခဲဘွယ် ဘောဇဉ် အရသာတို့ကို။ ဒေမ၊ သဒ္ဓါကြည်ဖြူ ကပ်လှူပူဇော်ပါကုန်၏။ တထာ၊ ထိုမှတပါး။ အာဂါရိကမဂ္ဂကထာဒါနံ၊ အာဂါရိက လူဥပသကာ,ဥပသကီတို့ဖြည့်ညီကျင့်ရာကျင့်ကြောင်းကောင်းမြတ်သော စိတ်ထားဖြင့် ရေးသားရန် ရည်သန် ရိုးရင်း

နှလုံးသွင်းရှိသော ကွယ်လွန်သူဒါယိကာမကြီးနှင့် တပည့်
တော် ဒါယကာကြီး သား,သမီး,မြေး, မြစ်တို့ပါ ဉာတိမိတ္တ
ကလျာဏအပေါင်းတို့က ဤစာအုပ်ကို လက်ခံကျွေးပေး၍
ပုံနှိပ်ပြုလုပ် စာအုပ်ချုပ်ပြီးလျှင် အထွဋ်အမြတ်ဆုံး ဖြစ်
သောသိခမ္မေဒါနအလှူကိုဒေမ၊ကြည်ဖြူစွာပေးဝေလှူဒါန်း
ပါကုန်၏။အရှင်ဘုရား၊တေနပုညာနုဘာဝေန၊ထိုကောင်းမှု
၏အာနုဘော်တော်အားဖြင့်။ သံဝဋ္ဋကာ၊ကိုယ်တွေ့မျက်မြင်
လော,ဒေါ-စင်၍ ထင်ထင် ရှားရှားကြီး ရှိသော သံဝဋ္ဋက
နိဗ္ဗာန်ကို။ လဒ္ဓါရကြကုန်သည်ဖြစ်၍။ သုဗ္ဗတာ၊စင်ကြယ်
ကောင်းမြတ်သော အကျင့်ရှိကုန်သော။ ယာ ဝိပဿနာ၊
အကြင်မဂ်၏ တည်ရာ မဂ္ဂကဏ၊ထာ သစ္စာလေး၀ ဓမ္မအမှန်
နိရောဓ သစ္စာ ဉာဏ်ကို ရရာရကြောင်း ကောင်းစွာအား
ထုတ်ပွါးများ အကျင့်တရားနှင့်ပြည့်စုံကြကုန်ငှသော။ ဖနာ၊
ပရိသတ်အပေါင်း သူတော်ကောင်း တို့သည်။ ဣဓဝ၊ ဤ
ဂေါတမနွယ်ပွါး ရှင်တော်ဘုရား၏ လက်ထက် သာသနာ
အာဏာစက်၌ပင်။ ပရမတ္ထံ၊ အထွဋ်အမြတ် ဆပ်ဆပ်ကြီး
ဖြစ်သော နိဗ္ဗာန်ကို၊ အာသာဒေန္တု၊ အလိုပြည့်၍ ကိုယ်
တွေ့ ဉာဏ်မြင် ဖွေသန့်စင်လျက် ကြည်လင်ခပ်သိမ်း သေမှု
ငြိမ်း၍ မတိမ်းပေါက်ရောက် ပြီးမြောက် ခံစံကြပါ စေသ
တည်း။ တံ ပုညဘာဂမ္ပိ၊ ထိုကုသိုလ်၏ အဘို့ ကိုလည်း။
မာတာ ပိတာဒယော၊အမိအဘတို့ကို၊ အာဒိံ ကတွာ၊အစ
အဦးပြု၍။ကေတိံ သဘာဝေ၊၃၁-ဘုံ၌၊စရန္တာနံ၊ကြင်ထည်
ကြကုန်သော၊ တေသံ-သတ္တာနံ၊ ထိုထိုများစွာ သတ္တဝါ

ဝေနေယျအပေါင်းတို့အား၊ဘာဇေမ၊အမျှပေးဝေပါကုန်၏။ သမံ၊အမျှ၊ဘာဒဂံ၊ကောင်းမှုအဘို့ကို၊လာဘန္တု၊ရကြ၍,ခံစား နိုင်ကြပါစေကုန်သတည်း။

---

| ဦးရေ. | အမည် | ရာထူးနှင့်နေရပ် | စာအုပ်ရေ |
|---|---|---|---|
| ၁ | ဦးတိုး | ပင်စင်ရ မြေစာရင်းအင်စပက်တော် ရန်ကုန် | ၅၀ |
| ၂ | ဦးတင် ဒေါ်ခင်သက်တင် | အင်ဂျင်နီယာကြီး 〃 | ၅၀ |
| ၃ | ဦးသွေးမောင် နုနု | စာရင်းကိုင်ဝန်ထောက်မင်း 〃 | ၅၀ |
| ၄ | ဦးခင်မောင်ဗိုလ် ခင်ခင်ညွန့် | ရေတပ်ဗိုလ်ချုပ်ကြီး 〃 | ၁၀၀ |
| ၅ | ဗွန်မာကျီ ရရ | ရှေ့နေကြီး 〃 | ၅၀ |
| ၆ | ဦးခင်မောင်မြင့် မြမြ | ရေတပ်ဗိုလ် 〃 | ၂၅ |
| ၇ | ဦးစံလင်း ခင်ကူး | အုပ်ချုပ်ရေးမှူး မြန်မာနိုင်ငံတော်ဘဏ် 〃 | ၁၀၀ |
| ၈ | ကိုခင်မောင်မောင် | ရေတပ်ဗိုလ် အာပါးတော်မြ 〃 | ၅၀ |
| ၉ | ခင်မောင်နွဲ့ | ကောလိပ် 〃 | ၅ |
| ၁၀ | ခင်မောင်ဝင် | 〃 〃 | ၅ |
| ၁၁ | ခင်မောင်သင် | 〃 〃 | ၅ |
| ၁၂ | ဦးလှတင် မမလေး | ပင်စင်ရ အရေးပိုင် 〃 | ၈၀ |
| ၁၃ | ဦးလိုင် မမကြီး | ပင်စင်ရ စာတိုက်ဝန် မန္တလေး | ၈၀ |
| ၁၄ | ဦးဘသန့် တင့်တင့် | မော်တော်ပြင်ဆရာကြီး 〃 | ၁၀ |

| ဦးရေ | အမည် | ဂုဏ်ထူးနှင့်နေရပ် | ခေအုပ်ရေ |
|---|---|---|---|
| ၁၅ | ဦးဘသာ ဆင့်ဆင့် | ဘလေးဝနယ်ပိုင်ဝန်ထောက်။ ရန်ကုန် | ၄၅ |
| ၁၆ | ကိုမောင်ကလေး အမ | မြေပိုင်ရှင် ကျောက်ဆည် | ၁၀ |
| ၁၇ | ဦးဘခင် | ကျောက်ကုန်သည် မန္တလေး | ၅ |
| ၁၈ | ဦးမောင်ကြီး မလှခင် | ပရိက္ခရာကုန်သည်ကြီး အင်းဝ | ၅ |
| ၁၉ | ဦးဘွန်း မလှတင် | ၎င်း 〃 | ၅ |
| ၂၀ | ဦးဖေယျ မြမြကလေး | မြေတိုင်းကျောင်းဆရာ ကျောက်ဆည် | ၁၅ |
| ၂၁ | ဦးပေါ်လှိုင် မကြည် | ကုန်သည် | ၁၀၀ |
| ၂၂ | ကိုအုံးခင် | မြေပိုင်ရှင် ကျောက်ဆည် | ၁၀ |
| ၂၃ | ဦးစံမြ ငွေရည် | 〃 〃 | ၁၀ |
| ၂၄ | ဦးမောင်ကြီး | မြေတိုင်းစာရေး 〃 | ၁၀ |
| ၂၅ | ဦးမှာ်ကြီး | မြေစာရင်းအင်စပက်တော် 〃 | ၁၀ |
| ၂၆ | ကိုဖေခ | အခွန်တော်မြေစာရေး 〃 | ၁၁ |
| ၂၇ | ကိုလေးမြင့် | 〃 〃 | ၁၀ |
| ၂၈ | ဦးသံထူး | ဒါရိုက်ခေါင်းသူကြီး ဒါရိုက်ခေါင်း | ၁၄ |

| | | | | |
|---|---|---|---|---|
| ၂၉ | ဦးအောင်ဘ | ဆည်ဝန်ထောက် | ကျောက်ဆည် | ၁၀ |
| ၃၀ | ဦးဝင် | မြေစာရင်းအင်စပက်တော် | ဘယ်လင်း | ၁၀ |
| ၃၁ | ဒေါ်လှသွင် | ကုန်ရုံ | ကျောက်ဆည် | ၁၀ |
| ၃၂ | ဦးရှိန် | ပင်စင်ရငွေတိုက်စာရေးကြီး | ကျောက်ဆည် | ၅ |
| ၃၃ | ဦးသာထွန်း | မြေစာရင်းအင်စပက်တော် | ။ | ၅ |
| ၃၄ | ဦးသာတုတ် မမအုံး | မြို့လူကြီး ဘယဆေးကုန်သည် | ။ | ၅ |
| ၃၅ | ဦးသူတော် | ကုန်သည် | ။ | ၅ |
| ၃၆ | ဦးလှထွား | ။ | ။ | ၅ |
| ၃၇ | ဦးဘဘင် | ပင်စင်ရ မြေတိုင်းစာရေး | ။ | ၈ |
| ၃၈ | ဦးလှပေါ် | ကုန်သည် မြေပိုင်ရှင် | ဒါခယ်ခေါင်း | ၂၅ |
| ၃၉ | ကိုတင်မောင် | မြေပိုင်ရှင် | စပါယ်တော | ၅၀ |
| ၄၀ | ဦးလှတင် | ဒီးရထားရုံပိုင်ကြီး | | ၂၅ |
| ၄၁ | ကိုစိန်ဝင်း | ဆံစက်ပိုင် | မင်းရ | ၂၅ |
| ၄၂ | ဦးဘဦး | စက်ဆရာ | ။ | ၁၀ |
| ၄၃ | ဦးသူတော် မယ်စိန် | ကျောင်းအုပ်ဆရာကြီး | ။ | ၂၅ |
| ၄၄ | ဦးကိုကြီး မအုံး | မြေပိုင်ရှင် | ။ | ၁၀ |
| ၄၅ | ဦးဘအုံး | ကုန်သည် | ။ | ၁၀ |

| | | | | |
|---|---|---|---|---|
| ၄၆ | ဦးဘိုးဟန် | တောင်သူ | မင်းရ | ၁၀ |
| ၄၇ | ဦးဘိုးညွှတ် မဖေရင် | ။ | ။ | ၁၀ |
| ၄၈ | ဦးဘျ မလှကြီ | ။ | ။ | ၁၀ |
| ၄၉ | ဦးဘိုးမောင် | မြေတိုင်းစာရေး | ရေဝန်း | ၅ |
| ၅၀ | ဦးညွန့် မခင်စိန် | တောင်သူ | ။ | ၅ |
| ၅၁ | မကြည် | ။ | ။ | ၅ |
| ၅၂ | ဒေါ်နှတ် | ။ | ။ | ၅ |
| ၅၃ | ဦးမှူး ကိုချစ်ပိုင် | မီးရထားဂျမဒါ | ။ | ၁၀ |
| ၅၄ | ကိုအုံးဖေ | တပ်မတော် | ။ | ၁၀ |
| ၅၅ | N. G. Br မသိန်း | မင်းရာဘူတာချုပ်ပိုင် | ။ | ၁၀ |
| ၅၆ | ဦးတာ မပု | မြေပိုင်ရှင် | ။ | ၁၀ |
| ၅၇ | မဖောင် | ကျောင်းဆရာမ | ။ | ၁၀ |
| ၅၈ | မမကြီး သားများ | ကုန်သည် | ။ | ၁၀ |